# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက် ၂၀၂၀ ပြည့်နှစ်၊ မေ ၂၀ ရက်၊ တနင်္လာနေ့ အတွဲ (၅၉)၊ အမှတ် (၂၀၀)


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများကို အထူးကျေးဇူးတင်ကြောင်း သတင်းစကားပါး

**နေပြည်တော် မေ ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများကို အထူးကျေးဇူးတင်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -

ကရုဏာနဲ့ တာဝန် ထမ်းဆောင်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများကို ကျေးဇူးတင်ပါတယ်။


နိုင်ငံ့ စက်ယန္တရားကြီး လည်ပတ်နိုင်ဖို့ နေ့စဉ် တာဝန်ကိုယ်စီ ထမ်းရွက်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများကို ကျေးဇူးတင်ပါတယ်။

မေတ္တာ စေတနာ အပြည့်နဲ့ လိုအပ်တဲ့နေရာမှာ ပံ့ပိုးပေးနေတဲ့ အလှူရှင်တွေကို ကျေးဇူးတင်ပါတယ်။

လူမှုရေးပြဿနာတွေ၊ ပဋိပက္ခတွေကို ဆင်ခြင်တုံတရားနဲ့ စိတ်ရှည် လက်ရှည် ဖြေရှင်းပေးကြတဲ့ ဖြူစင်တဲ့ နှလုံးသားပိုင်ရှင်တွေကို ကျေးဇူးတင်ပါတယ်။

နိုင်ငံရဲ့ အခက်အခဲတွေကို နားလည်စွာနဲ့ အများအကျိုး ကိုယ့်အကျိုး၊ အကျိုးနှစ်သွယ်ကို ထောက်ထားပြီး တည်ငြိမ်စွာ စည်းကမ်းလိုက်နာခြင်းဖြင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို ပံ့ပိုးပေးနေကြတဲ့ ကျွန်မတို့ ပြည်သူတွေကို အထူးကျေးဇူးတင်ပါတယ်။

**နိုင်ငံရဲ့ အခက်အခဲတွေကို နားလည်စွာနဲ့ အများအကျိုး ကိုယ့်အကျိုး၊ အကျိုးနှစ်သွယ်ကို ထောက်ထားပြီး တည်ငြိမ်စွာ စည်းကမ်းလိုက်နာခြင်းဖြင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ပံ့ပိုးပေး နေကြတဲ့ ကျွန်မတို့ ပြည်သူတွေကို အထူးကျေးဇူးတင် ပါတယ်။**




## Coronavirus Disease 2019(COVID-19)နှင့်စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လိုက်နာဆောင်ရွက်ရန်အသိပေးထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

**Coronavirus Disease 2019 (COVID –19) နှင့်စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ကြေညာခြင်း**

၁၃၈၂ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်
(၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၁၉ ရက်)

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) ရောဂါအား ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီးမှသာ ဖွင့်လှစ်ခွင့်ပြုမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာပူးပေါင်းအဖွဲ့များသည် သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်မှ ၃၀ ရက်အတွင်း စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး၊ သတ်မှတ်ချက်များနှင့်ကိုက်ညီမှသာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) ဆေးဝါးထုတ်လုပ်ရေးစက်ရုံများ၊
(ခ) စားသောက်ကုန်ထုတ်လုပ်ရေးစက်ရုံများ၊
(ဂ) ကျန်းမာရေး လိုအပ်ချက်များနှင့် ကိုက်ညီပြီး၊ ဖွင့်လှစ်ရန် အသင့်ဖြစ်နေသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊
(ဃ) လုပ်သားဦးရေ(၁၀၀၀)နှင့်အထက်ရှိသော စက်ရုံ၊ အလုပ်ရုံများ၊
(င) အခြားစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန


KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# လူသားကျင့်ဝတ်နှင့် ကပ်ဘေးဒုက္ခ

လူသည် တစ်ကိုယ်တည်းမနေ၊ အသိုက်အဝန်း၊ အပေါင်းအသင်း၊ အဖွဲ့အစည်းနှင့်သာ နေတတ်သော သတ္တဝါဖြစ်သည်။ လူဟူ၍ ဖြစ်လာသောအခါ အခြားလူများနှင့် ပေါင်းသင်းဆက်ဆံကြရသည်။ အတူနေထိုင်ကြရသည်။ ထိုအခါ လူတစ်ဦးအနေဖြင့် လိုက်နာစောင့်ထိန်းအပ်သော ဝတ္တရားတို့ကို လိုက်နာစောင့်ထိန်းကြရသည်။ ကျင့်ဝတ်နှင့်အညီ နေထိုင်ကြရသည်။ သို့မှသာ လူသားဆန်သူ၊ လူပီသသူဖြစ်သည်။

လူ့ကျင့်ဝတ်က လူအချင်းချင်း ပေါင်းသင်းဆက်ဆံကြရာတွင် အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး၊ တရားမှုနှင့် မတရားမှု၊ စင်ကြယ်မှုနှင့် ဆိုးယုတ်မှုတို့ကို ပိုင်းခြားပေးသည်။လူ့ကျင့်ဝတ်အပေါ် မည်သူက မည်မျှလိုက်နာကျင့်သုံးသည်ကို ကြည့်ကာ လူကောင်း၊ လူဆိုးဟူ၍ သတ်မှတ်ကြသည်။ လူ့ကျင့်ဝတ်သည် ကိုယ်ချင်းစာတရားပေါ်တွင်လည်း အခြေခံထားခြင်းကြောင့် ကိုယ်ကျင့်တရားကောင်းမွန်သူတစ်ဦး၏ အပြုအမူ၊ အပြောအဆို၊ သဘောထားတို့သည်လည်း ကောင်းသည့်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်သဘောတို့ကို ပြသကြသည်။

လူ့သမိုင်းတစ်လျှောက်တွင် ရောဂါဘေး၊ အင်တေးဘေး၊ စစ်မက်ဘေး စသည့်ဘေးဒုက္ခကပ်များ ကျရောက်ခြင်းတို့ကို လူသားတို့ တွေ့ကြုံခဲ့ကြရပြီးဖြစ်သည်။ လူ့အသိုက်အဝန်းကြီး တစ်ခုလုံးအပေါ် ထိခိုက်မှုကြီးမားသည့် ကပ်ဘေးများကျရောက်ရခြင်းတွင် မူလလက်သည်တရားခံမှာ လူသားတို့ပင်ဖြစ်သည်။ လူ့လောကတွင် ဒေါသတရားတို့ ဖုံးလွှမ်းလာသောအခါ သတ္တန္တရကပ်ခေါ် စစ်မက်ဘေးကြီးများ ကျရောက်လာတတ်ပြီး၊ လူ့လောကတွင် လောဘတရားတို့ ဖုံးလွှမ်းလာသောအခါ ဒုဗ္ဘိက္ခန္တရကပ်ခေါ် အငတ်ဘေးတို့ ကျရောက်လာတတ်သည်။ လူ့လောကတွင် မောဟတရားတို့ ဖုံးလွှမ်းလာသောအခါတွင်မူ ရောဂန္တရကပ်ခေါ် အနာရောဂါဘေးတို့ ကျရောက်လာတတ်သည်ဟု ဗုဒ္ဓဘာသာဝင်တို့က ယုံကြည်ကြသည်။ ယင်းသို့ ကပ်ဘေးများ ကျရောက်နေချိန်မှာပင် လူများအကြား လူ့ကျင့်ဝတ်များ အကြီးအကျယ်ပျက်ပြားမှုတို့ကို တွေ့မြင်ကြရသလို လူပီသမှုနှင့် လူ၏ ကြီးကျယ်မြင့်မြတ်မှုတို့ကို ထင်ထင်ရှားရှား တွေ့မြင်ကြရသည်လည်း ရှိသည်။ ဥပမာအားဖြင့် သတ္တန္တရကပ်ဖြစ်သည့် ပထမ ကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်ကာလများအတွင်း လူတို့၏ အပြုအမူများသည် လူ့သမိုင်းတစ်လျှောက် ကိုယ်ကျင့်တရား အပျက်ပြားဆုံးဖြစ်ခဲ့ပြီး လူသည် သားရိုင်းတိရစ္ဆာန်များထက်ပင် ရက်စက်ကြမ်းကြုတ်ကြောင်း၊ ယုတ်မာညစ်ညမ်းကြောင်း သာဓကများစွာ မှတ်တမ်းများစွာ ရှိခဲ့သည်။ ယောကျ်ား၊ မိန်းမ၊ ကလေး စသည့် လူ့အသက်သန်းပေါင်းများစွာ သတ်ဖြတ်ခံခဲ့ရပြီး သေကျေပျက်စီးခဲ့ရာ လူတို့၏ဘဝတန်ဖိုး၊ အမှားအမှန်နှင့် ပတ်သက်သည့်စံနှုန်း စသည်တို့မှာ လုံးဝကပြောင်းကပြန်ဖြစ်ခဲ့ရသည်။

ယခုအခါတွင်မူ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါနှင့် ကမ္ဘာ့လူသားတို့ ရင်ဆိုင်နေကြရချိန်ဖြစ်ရာ ဒေါသဖုံးလွှမ်းမှုကြောင့် ဖြစ်ပေါ်လာရသည့် စစ်မက်ကပ်ဘေးကဲ့သို့ ပြင်းထန်သည် မဟုတ်သော်လည်း အသက်အန္တရာယ်ရှိမှုနှင့်အတူ အထူးဂရုပြုကာ ရှောင်ရှားကြရမည့် အခါကာလပင်ဖြစ်သည်။ ရောဂန္တရကပ်ဘေးနှင့် ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် ကိုယ်ကျိုးရှာသူများ၊ အမြတ်ထုတ်သူများ၊ တစ်ကိုယ်ကောင်းဆန်သူများ၊ ပွဲလှန့်သူများ စသည်ဖြင့် ကိုယ်ကျင့်တရားခေါင်းပါးသူ၊ ကိုယ်ကျင့်တရား ပျက်ပြားသူများကို တွေ့မြင်ကြရသလို ခွင့်လွှတ်သည်းခံခြင်း၊ စွန့်လွှတ်အနစ်နာခံခြင်း၊ ကိုယ့်အကျိုးထက် အများအကျိုးကို ဦးစားပေးခြင်း စသည့်မွန်မြတ်သော နှလုံးသားဖြင့် ကိုယ်ကျင့်တရားမြင့်မားသူများကိုလည်း မိမိတို့တွေ့မြင်ကြရသည်။

ကပ်ဟူသော အနက်အဓိပ္ပာယ်တွင် အချိန်ပိုင်း၊ အချိန် အတိုင်းအတာတစ်ခုဟူ၍လည်းကောင်း၊ သတ္တဝါတို့၏ ကံအားလျော်စွာ စီရင်ခြင်းဟူ၍လည်းကောင်း ဖွင့်ဆိုထားရာ မည်သည့်ကပ်ဘေးမဆို အချိန်အတိုင်းအတာတစ်ရပ်တွင် ပြီးဆုံးသွားမည်သာ ဖြစ်သည်။ မေတ္တာ၊ ကရုဏာတရားတို့ဖြင့် ရေးထိုးအပ်သော မွန်မြတ်သူတို့၏ သမိုင်းမှတ်တမ်းမှာမူ ထာဝရတည်တံ့မည်သာဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင် လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## ၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံဆု (ASEAN Prize 2020) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည် -

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ
( ခ ) အာဆီယံနှင့် ကမ္ဘာ့တစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ
( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
( င ) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။ ယင်းဆုကို ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၌ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် (၃၇) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆုကို မလေးရှားနိုင်ငံမှ Dr.Jemilah Mahmood က အာဆီယံလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိခဲ့ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန်အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်)အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ရမည် ဖြစ်ပါသည်။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့် ပတ်သက်သည့် ဆောင်ရွက်သွားမည့် အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅) မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်)အကျဉ်းချုပ် ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-1/ တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို **၃-၇-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးအတွက် ဥသျှစ်ပင်မြို့မဈေး ပြောင်းရွှေ့ဖွင့်

**ပန်းတောင်း ဧပြီ ၁၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့တွင် ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့မှစ၍ ဥသျှစ်ပင်မြို့မဈေးကို အခြေခံပညာအထက်တန်းကျောင်းနောက်ရှိ ဘောလုံးကွင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ပေးသည်။

ဥသျှစ်ပင်မြို့မဈေးကြီးအတွင်း လက်ဆေးကန်များ ထားရှိခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ အပူချိန်တိုင်းကိရိယာများနှင့် တိုင်းတာပေးခြင်း လုပ်ငန်းများကို မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျန်းမာရေးဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ရက်ခြား ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါအား ပိုမိုကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဥသျှစ်ပင် မြို့မဈေးအတွင်းရှိ ခေါင်းရွက်ဗျပ်ထိုးကုန်စိမ်းသည်များ၊ သား/ငါး ရောင်းချသူများအား ဘောလုံးကွင်းအတွင်း ခြောက်ပေကွာ အကွက်ရိုက်ခြင်း၊ လက်ဆေးကန်များထားရှိခြင်းများဖြင့် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ပန်းတောင်းမြို့နယ်တွင် နိုင်ငံရပ်ခြားမှပြန်လာသူများနှင့် ပြည်တွင်းပြန်များ ၅၅၂ ဦးရှိကြောင်း၊ ဥသျှစ်ပင်မြို့ အထကကျောင်းတွင် ဆောင်ရွက်ထားရှိသော စောင့်ကြည့်နေရာ၌ ကိုးဦးသာ ရှိပြီး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။


**အောင်မြင့် (ပန်းတောင်း)**

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံချက်အကောင်အထည်ဖော်ခြင်းနှင့် အခြားပြည်နယ်များတွင် ဆောင်ရွက်နေမှုများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၁၉

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာစီမံချက် အကောင်အထည်ဖော်ခြင်းနှင့် အခြားပြည်နယ်များတွင် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။** (အောက်ပုံ)



အဆိုပါ Video Conference သို့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးနှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

### ကုန်ကျစရိတ်များ တွက်ချက်ထား

ထိုသို့ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် တုံ့ပြန်ရေးအတွက် ကြိုတင်ပြင်ဆင်ရေး စီမံချက်ကို မတ် ၂၈ ရက်က အတည်ပြုခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ စီမံချက်ကို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်များအပြင် ချင်းပြည်နယ်ကိုပါ ထည့်သွင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ စီမံချက်ကို မြေပြင်တွင် လက်တွေ့ဆောင်ရွက်မှု၊ တိုးတက်မှုမှတ်တမ်း အထောက်အထားများရယူထားရန် လိုအပ်ပါကြောင်း၊ စီမံချက်ကို အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များအလိုက် ကုန်ကျစရိတ်များ တွက်ချက်ထားရှိပြီးဖြစ်ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ပုံမှန်ဆောင်ရွက်ပေးနေသော သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ထောက်ပံ့ခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှ မွေးဖွားသော ကလေးအသက်(၂)နှစ်အထိ ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်များတွင် ထပ်ဆောင်းပံ့ပိုးမည့် အစီအစဉ်များလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း အသက်(၆၀)နှစ်နှင့်အထက်နှင့် အသက်(၈၅)နှစ်အောက် သက်ကြီးရွယ်အိုများကို ကိုယ်ခံအားမြှင့်တင်ပေးရန်အတွက် အာဟာရပံ့ပိုးမှုငွေကြေး တစ်ကြိမ်ထောက်ပံ့ခြင်းကို ဆောင်ရွက်ရန်စီစဉ်ထားပြီးဖြစ်ကြောင်း၊ IDP စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စီစဉ်ညွှန်ကြားမှုအတိုင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အသွားအလာ ကန့်သတ်ခြင်း၊ သီးခြားခွဲခြားနေထိုင်ခြင်းများ ဆောင်ရွက်ရန်နေရာများကိုလည်း ကြိုတင်စီစဉ်ထားရန် လိုအပ်ကြောင်း၊ ကူးစက်ခံရသူများရှိလာပါက ထိရောက်သောကုသမှုများ ဆောင်ရွက်ပေးနိုင်ရန် ညွှန်းပို့ရမည့် ဆေးရုံ သတ်မှတ်ထားရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ထားရန် လိုအပ်ကြောင်းနှင့် သက်ဆိုင်ရာ ပြည်နယ်များအလိုက် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများအတွင်း နေထိုင်ကြသူများ Quarantine ပြုလုပ်ရန်လိုအပ်လာပါက ဆောင်ရွက်ရန် နေရာပြင်ဆင်ထားရှိမှု၊ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ သက်ဆိုင်ရာဆေးရုံများတွင် စီစဉ်ဆောင်ရွက်ထားမှုကို ရှင်းလင်းပြောကြားသည်။

### ပူးပေါင်းစီစဉ်ထားရှိမှုများ ဆွေးနွေး

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးသည်။ ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးက ကိုဗစ်-၁၉ ရောဂါကုသရေးနှင့်ပတ်သက်၍ မြို့နယ်များအလိုက် ကျန်းမာရေးဌာနများ၊ ဆေးရုံများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ လိုအပ်သောဆေးရုံသုံးပစ္စည်းများရရှိရေးဆောင်ရွက်ထားရှိမှုများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ကြက်ခြေနီ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းစီစဉ်ထားရှိမှုများကို ဆွေးနွေးသည်။

ယင်းနောက် ဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များက IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်သူများအတွက် အဝတ်ဖြင့်ချုပ်ထားသည့် နှာခေါင်းစည်းများ၊ ဆပ်ပြာ၊ ရေနှင့် လက်သန့်ဆေးရည်များ လုံလောက်စွာရရှိရေးစီမံပေးခြင်း၊ စခန်းများအတွင်း လက်ဆေးရန်ဘေစင်များတပ်ဆင်ပေးခြင်း၊ ကိုယ်အပူချိန်တိုင်းကိရိယာများထားရှိခြင်း၊ ပိုးသတ်ဆေးရည်ဖျန်းခြင်း၊ သန့်စင်ခန်းများတွင် သန့်ရှင်းမှုရှိစေရန် စီမံဆောင်ရွက်ခြင်းနှင့် စားရေရိက္ခာရရှိရေး ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းစဉ်များအလိုက် ကုန်ကျစရိတ် တွက်ချက်ထားမှုများ၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများတွင် ကိုယ်ဝန်ဆောင် မိခင်များနှင့် ကလေးငယ်များကို ငွေကြေးတစ်ကြိမ် ထောက်ပံ့ပေးနိုင်ရေး၊ IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ အသက်(၆၀)နှစ်နှင့်အထက် အသက်(၈၅)နှစ်အောက် သက်ကြီးရွယ်အိုများအား ငွေကြေးတစ်ကြိမ် ထောက်ပံ့နိုင်ရေး စီစဉ်ထားမှုများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် IDP စခန်းများနှင့်တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးမြှင့်တင်ရန်၊ လူသားချင်းစာနာမှုအကူအညီပေးရေးဆိုင်ရာ ကိစ္စများတွင် ICRCနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စေတနာလုပ်အားရှင်များ၊ လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး Video Conference ဖြင့် သက်ဆိုင်ရာ ပြည်နယ်အသီးသီးမှ ပါဝင်သူများက လိုအပ်ချက်အလိုက် ပူးပေါင်းပါဝင် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်

**မိုင်းယောင်း မေ ၁၉**




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့်အတူ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများသည် မေ ၁၉ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ထပ်လုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုင်းယောင်းမြို့နယ်ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ငါးသိန်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများဖြစ်သော နှာခေါင်းစည်း ၁၀ ဖာ၊ လက်သန့်ဆေးရည် ၁၀ ဘူး၊ အပူချိန်တိုင်းကိရိယာ ခြောက်ခု၊ PPE ဝတ်စုံ အစုံ ၃၀၊ မျက်မှန် ခြောက်ခု၊ လက်အိတ် ၁၀ စုံ၊ Rapid Test for COVID-19 တစ်ဖာတို့ကို ပေးအပ်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဟန်စိုးနှင့် တာဝန်ရှိသူများအား လက်ခံရယူခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

## တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လေးရက်အတွင်း ဝင်ရောက်လာသူ ၁၆၂၄ ဦး ရှိပြီဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သံသယရောဂါလက္ခဏာပြသူတစ်ဦးတစ်ယောက်မှ မတွေ့ရှိ

**လွယ်ဂျယ် မေ ၁၉**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် လုံချွမ်ခရိုင်မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသူများအား မေ ၁၆ ရက်မှ စတင်လက်ခံဆောင်ရွက်ခဲ့ရာ ယနေ့အထိ ဝင်ရောက်လာသူ မြန်မာနိုင်ငံသား ၁၆၂၄ ဦးအထိရှိလာပြီဖြစ်ကြောင်း သိရသည်။

ယနေ့ မေ ၁၉ ရက်တွင် မြစ်ကြီးနားမြို့နယ်မှ နေရပ်ပြန် ၁၆ ဦး၊ ဝိုင်းမော်မြို့နယ်မှ နေရပ်ပြန် နှစ်ဦး၊ ဖားကန့်မြို့နယ်မှ ၂၄ ဦး၊ မိုးကောင်းမြို့နယ်မှ ၂၄ ဦး၊ မိုးညှင်းမြို့နယ်မှ ၁၇ ဦးနှင့် ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်မြို့နယ် မှ နေရပ်ပြန် ၇၅ ဦး၊ မိုးမောက်မြို့နယ်မှ ၅၆ ဦး၊ ရွှေကူမြို့နယ်မှ ၁၂ ဦး၊ မန်စီမြို့နယ်မှ ငါးဦးတို့အား မော်တော်ယာဉ်ငယ် ၂၃ စီးဖြင့် ဗန်းမော်ခရိုင်အတွင်းရှိ မြို့နယ်များမှ နေရပ်ပြန်များအား မိုးမောက်မြို့နယ် ကျောက်စခန်းစုရပ်သို့ လည်းကောင်း၊ မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းခရိုင်သို့ နေရပ်ပြန်သူများအား မြစ်ကြီးနား စီပူတာကုန်ချစခန်းစုရပ်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ နေရပ်ပြန် ၆၃ ဦးတို့အား မိုးမောက်မြို့နယ် ကျောက်စခန်းစုရပ်သို့ လည်းကောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

၎င်းအပြင် လွယ်ဂျယ်မြို့ ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အသွားအလာ ကန့်သတ်သည့်နေရာတွင် အမျိုးသား ၇၆ ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၉၉ ဦးရှိပြီဖြစ်သည်။ အဆိုပါဝင်ရောက်လာသူများအား ကျန်းမာရေး စစ်ဆေးမှုများအရ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သံသယရောဂါလက္ခဏာများ တစ်ဦးတစ်ယောက်မှ မတွေ့ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ပြန်/ဆက်)**

## Coronavirus Disease 2019 (COVID-19) ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူသိရှိလိုက်နာဆောင်ရွက်ရန် အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်ကောင်စီ
အမိန့်အမှတ် (၃၆/၂၀၂၀)
၁၃၈၂ ခု၊ တန်ခူးလပြည့်ကျော် ၁၂ ရက်
၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၉ ရက်

**Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူသိရှိလိုက်နာဆောင်ရွက်ရန် အသိပေးကြေညာချက်**

၁။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) သည် ကမ္ဘာတစ်ဝှမ်းတွင် ကူးစက်ပျံ့နှံ့ခဲ့ရာ မြန်မာနိုင်ငံတွင်လည်း ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် (၁၃–၃–၂၀၂၀)ရက်နေ့တွင် အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီကို အမျိုးသားအဆင့် ဗဟိုကော်မတီအဖြစ် တိုးမြှင့်ဖွဲ့စည်းပြီး ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် Coronavirus Disease 2019 (COVID–19)ရောဂါ ထိန်းချုပ်၊ တားဆီးနိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၉ ရက်နေ့ ညနေ (၁၈:၀၀)နာရီမှစ၍ နေပြည်တော်ပြင်ပ အခြားဒေသမှ ဝင်ရောက်လာသူများ၊ နေပြည်တော်သို့ ဝင်ရောက်မှုမရှိဘဲ ဖြတ်သန်းသွားလာသည့်ယာဉ်များ သိရှိလိုက်နာဆောင်ရွက်သွားရန် ဤအသိပေးကြေညာချက်ကို ထုတ်ပြန်လိုက်သည်–

(က) နေပြည်တော်ပြင်ပ အခြားဒေသမှ ဝင်ရောက်လာသူများအား လိုအပ်ပါက Community Based Facility Quarantine ဝင်ရောက်ရန်။

(ခ) နေပြည်တော်သို့ ဝင်ရောက်မှုမရှိဘဲ ဖြတ်သန်းသွားလာသည့် ယာဉ်များအား စနစ်တကျစစ်ဆေးပြီး ဖြတ်သန်းသွားလာခွင့်ပြုရန်။

ဒေါက်တာမျိုးအောင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

# ချင်းပြည်နယ် ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ၉ / ၂၀၂၀ အစည်းအဝေးကျင်းပ

**ဟားခါး ဧပြီ ၁၉**

ချင်းပြည်နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ၉/၂၀၂၀ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၉ ရက် မွန်းတည့် ၁၂ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ကော်မတီအတွင်းရေးမှူး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ဖိတ်ကြားထားသော ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်သည်။

အစီအစဉ်အရ ချင်းပြည်နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က တီးတိန်မြို့နယ် အပါအဝင် ချင်းပြည်နယ်အတွင်း ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝကို ဒေသနှင့်ကိုက်ညီပြီး အမှန်တကယ် စောင့်ရှောက်နိုင်အောင် စီမံဆောင်ရွက်နိုင်ရေး ဆွေးနွေးအကောင်အထည်ဖော် ဆောင်ရွက်ကြရန် အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအတွင်းရေးမှူး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်နှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်း ရေးမှူး ဦးတိုးဝင်းတို့က ချင်းပြည်နယ်အတွင်း ပြည်သူလူထု၏ဝိုင်းဝန်းပူးပေါင်း ပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာ ကန့်သတ်ခြင်း ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိပြီးစီးမှု အခြေအနေများ၊ အသွားအလာကန့်သတ်ခြင်းထားရှိသူ ဦးရေ၊ ပြန်လည်စေလွှတ်သူဦးရေ၊ အသွားအလာကန့်သတ်ထားရှိသူများအား ကျန်းမာရေးစစ်ဆေးစောင့်ကြည့်မှုနှင့် အခြားသောလုပ်ငန်းကိစ္စများဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လည်းကောင်း၊ ချင်းပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဒေါက်တာအောင်ငွေစံက ကန့်သတ်စောင့်ကြည့်နေသူများအနက် ယနေ့ထိ ဓာတ်ခွဲစစ်ဆေးပြီးစီးမှု အခြေအနေများ၊ ရောဂါ ထိန်းချုပ်ဆောင်ရွက်နိုင်မှု အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။


ချင်းပြည်နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ၉/၂၀၂၀ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ထို့နောက် ချင်းပြည်နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက နယ်မြေအလိုက် တာဝန်ခွဲဝေပေးထားသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများက မိမိနယ်မြေဒေသအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်နေမှု ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခြင်း၊ အကြံပြုဆွေးနွေးခြင်းများနှင့် ဒေသလုပ်ငန်း လိုအပ်မှု တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူများအကျိုးကို ရှေးရှု၍ ဧပြီ ၁၇ ရက်မှစပြီး အမိန့်ကြော်ငြာစာ အမှတ် ၂၆/၂၀၂၀ ဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်(၆)ချက်ကို ထုတ်ပြန်ထားရှိပြီး တီးတိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး အနေဖြင့်လည်း ကပ်တဲလ်ကျေးရွာအတွင်း တားမြစ်ကန့်သတ်အမိန့် ထုတ်ပြန်ထားလျက်ရှိကြောင်း၊ အလားတူ တီးတိန်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက ဧပြီ ၁၇ ရက်မှစ၍ တီးတိန်မြို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး နယ်နိမိတ်ဧရိယာအတွင်း ညမထွက်ရအမိန့်ထုတ်ပြန်ထားရှိပြီး တီးတိန်မြို့နယ်အား ကြိုတင်စီမံဆောင်ရွက်ရန်လုပ်ငန်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်နိုင်စိုး (ပြန်/ဆက်)

# လူစုလူဝေးဖြစ်စေခြင်းမှ ကာကွယ်ရန် တာချီလိတ်မြို့တွင်းမှ ပျံကျ ဈေးသည်များကို ယာယီဈေးနှစ်ခုတွင်ရွှေ့ပြောင်း ရောင်းချပေး

**တာချီလိတ် ဧပြီ ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင်းမှ ပျံကျဈေးသည်များကို ယာယီဈေးသတ်မှတ်ပေးပြီး ရောင်းချစေခြင်းကို ဧပြီ ၁၉ ရက် နံနက် ၅ နာရီမှစတင်၍ ဖွင့်လှစ်ရောင်းချစေခဲ့ကြောင်း သိရသည်။



ထိုကဲ့သို့ ယာယီဈေး ဖွင့်လှစ်သတ်မှတ် ရောင်းချစေခြင်းသည် ကိုဗစ်– ၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် လူစုလူဝေးများဖြစ်ပေါ်စေခြင်းမှ ရှောင်ရှားနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပြီး မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ပျံကျဈေးသည်များကို ယာယီဈေးများသို့ ပြောင်းရွှေ့ရောင်းချစေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်၊ သားငါး ယာယီဈေးအဖြစ် ရှမ်းရိုးမကွင်းနှင့် ရှမ်းရှေ့တန်ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်းရှေ့ကွင်းပြင်တွင် နေ့စဉ် နံနက် ၅ နာရီမှ နေ့လယ် ၁၁ နာရီအထိ ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး ရပ်ကွက်တွင်းရှိ ဈေးများတွင် အဝတ်အထည်များနှင့် ကုန်ခြောက်များကို ပုံမှန်ဈေးနေ့များကဲ့သို့ ဆက်လက်ဖွင့်လှစ် ရောင်းချသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

ယာဆေး(ပြန်/ဆက်)

# တရုတ်နိုင်ငံမှ ပြန်ဝင်လာသူများကို သီပေါမြို့နယ်၌ စနစ်တကျပြန်လည်လက်ခံလျက်ရှိ

**သီပေါ ဧပြီ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အတွင်း နယ်စပ်စစ်ဆေးရေးဂိတ်များမှ တစ်ဆင့် ဝင်ရောက်လာသူများအား သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများ အလိုက် ဖွင့်လှစ်ထားရှိသည့် ကန့်သတ်စောင့်ကြည့်စခန်းများ၌ စနစ်တကျ မှတ်တမ်းရေးသွင်းလက်ခံလျက်ရှိသည်။

ဧပြီ ၁၈ ရက် ည ၈နာရီတွင် နယ်စပ်စစ်ဆေးရေးဂိတ်(မူဆယ်)မှ မြို့နယ်အတွင်းသို့ဝင်ရောက်လာသူ ၂၂ ဦးတို့အား မြို့နယ် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းနှင့် ကြက်ခြေနီမောင်မယ်များ၊ မြတ်မွန်စေတနာလူမှုကူညီရေးအသင်းဝင်များ၊ ဓာတ်စုရပ်ကွက်ဥက္ကဋ္ဌ ဦးစိုင်းအောင်ညွန့်နှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြပြီး အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားရှိသည့် ကန့်သတ်စောင့်ကြည့်စခန်းများ၌ မှတ်တမ်းယူလက်ခံ၍ စောင့်ကြည့်ခြင်းများနှင့် ၎င်းတို့အား ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ ကိုယ်ရေးအချက်အလက်များ ရယူခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်ကာလတွင် တရုတ်နိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား တရုတ်နိုင်ငံကပြန်လွှတ်နေသဖြင့် ပြန်လည်လက်ခံလျက်ရှိရာ မူဆယ်နယ်စပ်စစ်ဆေးရေးဂိတ်များ၌ စနစ်တကျစိစစ်လက်ခံလျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

# တစ်စိတ်တည်း တစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်



ကျွန်မတို့သွေးချင်းလို့ဆိုတဲ့အခါမှာ တူညီတဲ့သွေး၊ တူညီတဲ့သွေးဆိုတာ တကယ်တော့ ကျွန်မတို့ သွေးကြောတွေထဲမှာ စီးဆင်းနေတဲ့ သွေးတွေကိုပြောတာ မဟုတ်ပါဘူး။ ကျွန်မတို့စိတ်ထဲကနေ စီးဆင်းနေတဲ့သွေးကို ပြောတာပါ။ ဆိုလိုချင်တာဟာ စိတ်ထဲက သဘောချင်းဟာ တူညီမှ၊ ကျွန်မတို့ဟာ တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်မှာပါ။ အကြောထဲမှာ စီးဆင်းနေတဲ့ သွေးက ဘယ်လိုပဲတူတူ တစ်စိတ်တည်းတစ်ဝမ်းတည်းမဟုတ်ဘူးဆိုရင် ကျွန်မတို့ကို ကျွန်မတို့ သွေးချင်းလို့ခေါ်နိုင်မှာ မဟုတ်ပါဘူး။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားၶ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာကြမည့် နေရပ်ပြန်ပြည်သူများအား သတ်မှတ်နေရာများတွင် ထားရှိစောင့်ကြည့်သွားနိုင်ရေးညှိနှိုင်းအစည်းအဝေးကျင်းပ



**ဘားအံ ဧပြီ ၁၉**

မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံမှ ပြန်လည် ဝင်ရောက်လာကြမည့် နေရပ်ပြန်ပြည်သူများအား အသွားအလာ ကန့်သတ်စောင့်ကြည့်နေရာများတွင် ထားရှိစောင့်ကြည့်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တစ်ရပ်ကို ယနေ့ နံနက် ၁၀ နာရီက ဘားအံမြို့ ပြည်ထောင်စုရိပ်သာ ပဒိဒေးဇစ်တောခန်းမ၌ ကျင်းပသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးကို ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဦးဆောင်သော ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ဦးဆောင်သော မွန်ပြည်နယ်အစိုးရအဖွဲ့တို့ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးတွင် ပြန်လည်ဝင်ရောက်လာသူများအား ကြိုဆိုနေရာချထားပေးနိုင်ရေး၊ ပြန်လည်ဝင်ရောက်လိုသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်နိုင်ရေး၊ ပြန်လည်ဝင်ရောက်လိုသည့် ဒေသများသို့ စနစ်တကျ ဖြန့်ခွဲပို့ဆောင်နိုင်ရေး၊ သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ်စောင့်ကြည့်ခြင်းများတွင် ထားရှိစောင့်ကြည့်သွားနိုင်ရေးတို့အတွက် ညှိနှိုင်းခဲ့ကြသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်တွင် ခရီးသွားပြည်သူများ ဝင်ထွက်သွားလာမှုကို ထိုင်းဘက်ခြမ်းမှ ဧပြီ ၃၀ ရက်အထိ ပိတ်ထားမည်ဖြစ်ပြီး ပြန်လည်ဖွင့်လှစ်မည့် မေ ၁ ရက်မှစ၍ နေရပ်ပြန်ပြည်သူများ ပြန်လည်ဝင်ရောက်လာကြမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် ကချင်ပြည်နယ် (ပြင်ပ)မှ ပြည်သူများအား နေရပ်သို့ ပြန်လည်ပို့ဆောင်

**မိုးမောက် ဧပြီ ၁၉**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာ ယခင်ပူးပေါင်းရေးဂိတ်ဟောင်းနေရာ၌ တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် ကချင်ပြည်နယ် (ပြင်ပ) စစ်ကိုင်းတိုင်းဒေသကြီး မြို့/ရွာအသီးသီးမှ ယနေ့ မွန်းတည့် ၁၂ နာရီကျော်က ကားအစီး ၂၀ ဖြင့် ရောက်ရှိလာသူ ၂၀၃ ဦးအား ကျောက်စခန်းကျေးရွာ စိစစ်ရေးစခန်းတွင် ကြိုဆိုခဲ့ကြသည်။

ထို့အပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက နှာခေါင်းစည်းများဝေခြင်း၊ မေတ္တာဖောင်ဒေးရှင်းအသင်းက ထမင်းဘူးများ လာရောက်လှူဒါန်းခြင်း၊ ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်နှင့် ခရိုင်ဌာနဆိုင်ရာများ ကြီးကြပ်ကာ လူဦးရေစိစစ်ခြင်းများ ဆောင်ရွက်ပြီး မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများနှင့် (ပြင်ပ) ပြည်သူများ ရောက်ရှိမှုကို လက်ခံစိစစ်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဌာနမှ ကျန်းမာရေးစိစစ်ခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ ကချင်ပြည်နယ် (ပြင်ပ)စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်မှ နေရပ်ပြန် ပြည်သူ ၅၁ ဦးအား မော်တော်ယာဉ်ဖြင့် အရောက်ပို့စနစ်ဆောင်ရွက်ပြီး ကျန် ၁၅၂ ဦးကို တပ်မတော်ယာဉ်အကူအညီဖြင့် ဗန်းမော်ဆိပ်ကမ်းသို့ ပို့ဆောင်ကာ ဗန်းမော်ဆိပ်ကမ်းမှ သင်္ဘောဖြင့် နေရပ်အသီးသီးသို့ အရောက်ပို့စနစ်ဖြင့် ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**လွန်းနန်းထွေး**

## ထန်းတပင်မြို့ပေါ်ရပ်ကွက်အတွင်းရှိ အငှားယာဉ်များကို ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်

**ထန်းတပင် ဧပြီ ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် DMG Htantabin Taxi Group မှ မြို့ပေါ်ရပ်ကွက်များအတွင်းရှိ အငှားယာဉ်များနှင့် အခြားယာဉ်များအား ပိုးသတ်ဆေးဖျန်းပေးခြင်း လုပ်ငန်းများကို ယနေ့ မွန်းလွဲပိုင်းမှ စတင်၍ မြို့ပေါ်ရပ်ကွက်များတွင် အခမဲ့လိုက်လံဆောင်ရွက်ပေးလျက်ရှိသည်။

"မြို့ပေါ်မှာရှိတဲ့ ကားတွေက နောက်ရက်တွေဆို လုပ်ငန်းခွင်ကို ပြန်ဝင်တော့မယ်။ လုပ်ငန်းခွင်ဝင်တဲ့အချိန်မှာ လုပ်ငန်းခွင်ဝင်ရောက်မယ့်သူတွေ သွားတာ လာတာကအစ ရောဂါကြိုတင်ကာကွယ်ရေး အတွက်ပေါ့ ကျွန်တော်တို့ DMG Taxi Group က ညီအစ်ကိုအားလုံး တိုင်ပင်ပြီးတော့ ယာဉ်ကြီး၊ ယာဉ်ငယ်တွေကို ဆေးလိုက်လံဖျန်းပေးနေတာပါ။ အခုဆို ကားအစီးရေ ၁၀၀ ကျော်ကို ဆေးဖျန်းပေးပြီးပြီ။ Driving Myanmar Group က ကားမောင်းကြသူများအသင်းဆိုပေမယ့် အားလုံးကို ရိုင်းပင်းကူညီဖို့အတွက်ပါ။ DMG Taxi Group မှ မဟုတ်ပါဘူး။ အခြားအခက်အခဲကြုံတွေ့နေတဲ့ နေရာတွေမှာ ဝင်ရောက်ကူညီပေးဖို့ အသင့်ပါပဲ" ဟု ထန်းတပင် Driving Myanmar Group မှ တာဝန်ခံ ကိုသိန်းဇော်မြင့်က ပြောသည်။



ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဝင်ရောက် ကူညီဆောင်ရွက်ပေးခဲ့ကြပြီး မြို့ပေါ်ရပ်ကွက်အတွင်းရှိ အငှားယာဉ်များ၊ 52 YBS ယာဉ်အချို့နှင့် အခြားယာဉ်များကို ပိုးသတ်ဆေးဖျန်းပေးခဲ့သည့်အပြင် အမှတ် (၁) ရပ်ကွက်ရှိ မြသိန်းတန်ဘုန်းတော်ကြီးကျောင်း၊ အမှတ် (၃) ရပ်ကွက်ရှိ လွမ်းစေတီဘုန်းတော်ကြီးကျောင်းနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတို့ပါ ပိုးသတ်ဆေးဖျန်းပေးခဲ့ကြကြောင်း သိရသည်။

ထို့အပြင် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းမည့် လုပ်ငန်းများ ဆောင်ရွက်လိုပါကလည်း (ထန်းတပင်) DMG Taxi Group မှ တာဝန်ခံ ကိုသိန်းဇော်မြင့် ဖုန်း-၀၉၇၉၉၁၉၇၇-၅၉၊ ကိုရန်နောင်စိုး ဖုန်း-၀၉၄၂၀၂၀-၄၆၈၇ နှင့် ကိုရှိန်းဝင်းလွင် ဖုန်း-၀၉ ၇၉၈၃၈၈၁၅၅တို့ထံ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ဇင်မင်းထိုက် (ထန်းတပင်)**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် တာလေနှင့် တာချီလိတ်ဆေးရုံများသို့ ကျန်းမာရေးထောက်ပံ့ပစ္စည်းများ ပေးအပ်

မိုင်းဖြတ် ဧပြီ ၁၉

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တာလေနှင့် တာချီလိတ် ပြည်သူ့ဆေးရုံများသို့ ဧပြီ ၁၉ ရက် နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။**

တာလေနှင့် တာချီလိတ်ရှိ ခုတင်(၁၀၀)ဆံ့ ဆေးရုံများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် နှာခေါင်းစည်း၊ PPE ဝတ်စုံ၊ လက်အိတ်၊ မျက်မှန်၊ Hand Gel၊ လည်ရှည်ဖိနပ်၊ ပိုးသတ်ဆေးမှုန့်ပုံးကြီး၊ အပူချိန်တိုင်းသာမိုမီတာ၊ လက်သန့်ဆေးရည်တို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ဆရာဝန်၊ ဆရာမများက လက်ခံရယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် ဆေးရုံရှိ ဆရာဝန်၊ ဆရာမများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## လောက်ကိုင်မြို့၌ အခြေခံလူတန်းစားများအား အခြေခံစားသောက်ကုန်များထောက်ပံ့

**လောက်ကိုင် ဧပြီ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ ရွှေစင်မြို့သစ် လွင်ခေါ်ချင်း(စုပေါင်းကျေးရွာ) အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ဧပြီ ၁၇ ရက်က ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား အခြေခံစားသောက်ကုန်ငါးမျိုး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အခြေခံစားသောက်ကုန်များ ထောက်ပံ့သည့် အလှူရှင်ဖြစ်သော နယ်မြေခံ နယ်ခြားစောင့်တပ်၊ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌ(ဂုဏ်ထူးဆောင်)ဗိုလ်မှူးကြီး ဝေဆန်း(အငြိမ်းစား) မိသားစုက ရပ်ကွက်/ကျေးရွာခြောက်ခုရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား မိသားစု ၂၀၂ စုအတွက် မိသားစုတစ်စုလျှင် ဆန်တစ်အိတ်၊ ဆီ ၅၀ ကျပ်သား၊ကြက်သွန်နီ ၅၀ ကျပ်သား၊ အာလူး ၅၀ ကျပ်သား၊ သောက်ရေသန့်တစ်ကတ်စီနှင့် ရပ်ကွက်ကျေးရွာခြောက်ခုအတွက် ပိုးသတ်ဆေးတစ်ပုံးစီ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၁ သိန်းကျော် ထောက်ပံ့ခဲ့သည်။

အဆိုပါအခမ်းအနားသို့ လောက်ကိုင်ဒေသ ကွပ်ကဲမှုစစ်ဌာနချုပ်၊ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် ဇော်မြင့်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငြိမ်းချမ်းအေးနှင့် နယ်ခြားစောင့်တပ် ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ဝင်များ တက်ရောက်ပြီး မိသားစုဝင်များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဥဏ်မင်း(နမ့်ခမ်း)**



## ကမ္ဘောဇဘဏ်အနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းနှင့် စားနပ်ရိက္ခာများ လှူဒါန်းထောက်ပံ့ပေးလျက်ရှိ

**တောင်ကြီး ဧပြီ ၁၉**

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနှင့် ကမ္ဘောဇဘဏ်တို့ ပူးပေါင်း၍ ကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဧပြီ ၁၈ ရက် နံနက် ၈ နာရီခွဲတွင် ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွက် ဆန်အိတ် ၁၀၀၀ နှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ကမ္ဘောဇဘဏ်အနေဖြင့် မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများသို့ ဆန်အိတ် ၃၀၀၀ စီကိုလည်းကောင်း၊ နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဆန်အိတ် ၁၀၀၀ စီကိုလည်းကောင်း၊ စုစုပေါင်း ကျပ်သိန်းပေါင်း ၆၀၀၀ ကျော်တန်ဖိုးရှိ ဆန်အိတ်ပေါင်း ၂၁၀၀၀ တို့အား အခြေခံလူတန်းစားပြည်သူများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပေးပို့လှူဒါန်းပေးခဲ့ကြောင်း ယင်းကော်မတီမှ သိရသည်။

အလားတူ ကမ္ဘောဇဘဏ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသည့် နိုင်ငံသားများအတွက် လိုအပ်မည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအား ယင်းတို့၏ ရောက်ရှိနေထိုင်ရာ ဒေသများရှိ ပြည်သူ့ဆေးရုံများ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများအတွက် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေး ပစ္စည်းခြောက်မျိုး (PPE ဝတ်စုံများ၊ နှာခေါင်းစည်းများ၊ ကိုယ်အပူချိန်တိုင်းစက်များ၊ ဆေးရုံသုံးလက်အိတ်များ၊ မျက်မှန်များ၊ လက်သန့်ဆေးရည်များ) အား ရှမ်းပြည်နယ် ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် သက်ဆိုင်ရာဒေသအသီးသီးသို့အရောက် အဆက်မပြတ် သွားရောက် လှူဒါန်းပေးလျက်ရှိကြောင်း သိရှိရသည်။




လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေများအရ ကမ္ဘောဇဘဏ်အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းတစ်ခုအနေဖြင့် ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနှင့် ပူးပေါင်း၍ လှူဒါန်းငွေကျပ်သိန်း ၂၀၀၀ မတည်ကာ ဆန်သုံးပြည်၊ ဆီတစ်ဘူး၊ ဆားတစ်ထုပ်၊ ကုလားပဲတစ်ပိဿာ၊ ကော်ဖီမစ် ၁၀၀ ဂရမ် တစ်ထုပ်ပါဝင်သော ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို ပြင်ဆင်ထားရှိပြီး နိုင်ငံတွင်းအရေးပေါ်လိုအပ်သော နေရာများကို ဖြန့်ဝေလှူဒါန်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုအပ်သည့်အချိန် လိုအပ်သည့်နေရာများတွင် လိုအပ်သည်တို့ကို ပူးပေါင်းပါဝင်လှူဒါန်းသွားရန် အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ယနေ့အချိန်ထိ ငွေကျပ်သိန်းပေါင်း ၃၁၂၁၄ သိန်းကို လှူဒါန်းထားပြီးဖြစ်ကြောင်း ယင်းကော်မတီထံမှ သိရသည်။

**စိုးညွန့်ရွှေ(ပြည်နယ် ပြန်/ဆက်)**

## ဟုမ္မလင်းမြို့နယ်စည်ပင်သာယာရေးကော်မတီက ယာယီဈေးနှစ်ခု ဖွင့်လှစ်

**ဟုမ္မလင်း ဧပြီ ၁၉**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ပြည်သူများ ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရန် ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ မြို့မဈေးကို ဟုမ္မလင်းမြို့ မြို့မအားကစားကွင်းတွင်လည်းကောင်း၊ ဟုမ္မလင်းဈေးကို လယ်ပြင်ဘက်၌လည်းကောင်း ယာယီဈေးနှစ်ခုကို ဧပြီ ၁၉ ရက်က ယာယီပြောင်းရွှေ့ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အဆိုပါယာယီဈေးဝင်ပေါက်တွင် မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာဆောင်ရွက်ပေးခြင်း၊ ဈေးရောင်း ဈေးဝယ်သူများအနေဖြင့် သတ်မှတ်အကွာအဝေး နေရာများတွင် ရောင်းချဝယ်ယူရေး၊ အသားစိမ်း ငါးစိမ်းရောင်းချသူများအနေဖြင့်လည်း နှာခေါင်းစည်းများ၊ လက်အိတ်များတပ်၍ ရောင်းချကြရန်၊ ဈေးဝယ်သူပြည်သူများအနေဖြင့်လည်း နှာခေါင်းစည်းများ တပ်ဆင်ရေး၊ စွန့်ပစ်အမှိုက်များကိုလည်း သတ်မှတ်နေရာများတွင် စည်းကမ်းတကျစွန့်ပစ်ကြရန်နှင့် နေ့စဉ် နံနက် ၅ နာရီမှ မွန်းတည့် ၁၂ နာရီထိ ဈေးများ ပိတ်သိမ်းရန် စည်းကမ်းသတ်မှတ်ပြီး စည်ပင်သာယာရေးကော်မတီမှ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**

## ကြို့ပင်ကောက်မြို့ မြန်မာ့စီးပွားရေးဘဏ်မှ အငြိမ်းစားပင်စင်လစာများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန OSS ရုံးတွင် ထုတ်ပေးမည်

**ကြို့ပင်ကောက် ဧပြီ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ အငြိမ်းစားပင်စင် လစာများကို ဧပြီ ၂၁ ရက်မှ ၂၃ ရက်အထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန OSS ရုံးတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ထုတ်ပေးသွားမည်ဖြစ်သည်။

မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်ခက်ခက်ဝင်းက "ကျွန်မတို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး OSS ရုံးခန်းမှာ ပင်စင်လစာတွေ ထုတ်ပေးရင် လက်ဆေးဖို့ အစီအစဉ်တွေ စီစဉ်ထားတယ်။ ပင်စင်လာထုတ်ရင်လည်း နှာခေါင်းစည်းတွေ တပ်ဆင်လာဖို့ကိုလည်း ကြော်ငြာထားတယ်။ ကိုဗစ်-၁၉ ရောဂါက မိမိကစပြီး ကာကွယ်ရမှာဖြစ်လို့ ထွေအုပ်ရုံးမှာ ပင်စင်ထုတ်ယူသူများ နေရင် နောက်မြန်မာ့စီးပွားရေးဘဏ် ဖွင့်ရက်တွေမှာ ရုံးချိန်အတိုင်း လာရောက်ထုတ်ယူလို့ ရပါတယ်"ဟု ပြောသည်။

ပညာရေးဌာန အငြိမ်းစားဝန်ထမ်း ဦးသိန်းအေးက "အခုလို ကိုဗစ်-၁၉ ရောဂါတွေ ဖြစ်ပေါ်နေတဲ့အချိန်မှာ ကျွန်တော်ကတော့ အသက်ကလည်း ၆၀ ကျော်ပြီ၊ သွေးတိုးရောဂါလည်း ရှိနေတော့ နောက်လတွေကျမှပဲ ပင်စင်ထုတ်ဖို့ စဉ်းစားထားတယ်"ဟု ပြောသည်။

ပင်စင်လစာ လာရောက်ထုတ်ယူသူများအနေဖြင့် နှာခေါင်းစည်းများ တပ်ဆင်လာကြရန်နှင့် မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ထုတ်ယူနိုင်ခြင်း မရှိသော အငြိမ်းစားများကို ကျန်ရှိသည့် ဘဏ်ဖွင့်ရက်များအတွင်း ရုံးချိန်အတိုင်း လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်ခုနစ်မြို့နယ်ရှိ ကျေးရွာ ၁၇ ရွာ၌ သောက်သုံးရေဂါလန် ၁၃၀၀၀၀ ကျော်ဖြန့်ဝေပေးနိုင်ခဲ့

မကွေး ဧပြီ ၁၉

**မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်ခုနစ်မြို့နယ်ရှိ ကျေးရွာ ၁၇ ရွာ၌ ၂၀၂၀ ပြည့်နှစ် နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ ဧပြီ ၁၈ ရက်အထိ သောက်သုံးရေဂါလန် ၁၃၀၀၀၀ ကျော် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးအောင်ထံမှ သိရသည်။**

တိုင်းဒေသကြီးအတွင်း နတ်မောက်၊ သရက်၊ ကံမ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆော စသည့် မြို့နယ် ခုနစ်မြို့နယ်ရှိ ကျေးရွာ ၁၇ ရွာ၌ နွေရာသီကာလ အပူရှိန်မြင့်တက်နေမှုကြောင့် မြေသားမိုးရေလှောင်ကန်များမှာ ရေခန်းခြောက်မှု ဖြစ်ပေါ်ခြင်းနှင့် စက်ရေတွင်းပျက်ခြင်း၊ စက်ချွတ်ယွင်းမှုများ ဖြစ်ပေါ်နေစဉ် ကာလအတွင်း သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရေသယ်ယာဉ်များဖြင့် လည်းကောင်း၊ အခြားဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ရေသယ်ယာဉ်များဖြင့်လည်းကောင်း ရေဖြန့်ဝေ ပေးလျက်ရှိကြောင်း၊ မတ်လ တတိယအပတ်မှ ဧပြီ ၁၈ ရက်အထိ ကျေးရွာ ၁၇ ရွာကို ကျေးရွာ အရောက် သောက်သုံးရေဂါလန် ၁၃၅၃၇၀ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်က ပြောသည်။

"ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့တော့ ကျေးလက်နေပြည်သူတွေ နွေရာသီကာလ သောက်သုံးရေဖူလုံစွာရရှိဖို့ သက်ဆိုင်ရာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတွေနဲ့ ဦးစားပေးအလိုက် ရွေးချယ်ပြီး ဆောင်ရွက်နေပါတယ်။ ပြည်တွင်း ပြည်ပ NGOs/ INGOs အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိက အလှူရှင်တွေနဲ့လည်း ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်။ ရေရှားပါးပြတ်လပ်တဲ့ ကျေးရွာတွေ သောက်သုံးရေပြတ်လပ်ရင် ဖြည့်ဆည်းပေးနိုင်ရေး အကူအညီတောင်းခံနိုင်ဖို့နဲ့ ရေလှူဒါန်းလိုတဲ့ စေတနာရှင်၊ အလှူရှင်တွေက ရေလှူဒါန်းဖို့အတွက် Water Donation Myanmar App ကို အလွယ်တကူ အသုံးပြုနိုင်ပြီး ရေရှားပါးပြတ်လပ်မှုနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးမှု နောက်ဆုံးအခြေအနေတွေကို water-donation.com မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်" ၎င်းက ဆက်လက်ပြောသည်။



မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခင်နှစ်က ရေရှားပါး၍ ရေပေးဝေခဲ့ရသော ကျေးရွာများနှင့် အခြားရေရှားပါးနိုင်သော ကျေးရွာများကို ဦးစားပေးကာ တွင်းနက်စက်ရေတွင်း ၇၈ တွင်း၊ တွင်းတိမ်စက်ရေတွင်း လေးတွင်း၊ လက်တူးတွင်း သုံးတွင်း၊ မြေသား ရေကန် ၃၆ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၁၁ ခု၊ အခြားရေရရှိရေးလုပ်ငန်း ၄၆ ခု စုစုပေါင်းရေရရှိရေးလုပ်ငန်း ၁၇၈ ခုကို ငွေကျပ် ၂၉၂၂ ဒသမ ၄၃၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းလွင်(မကွေး)**




ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မိုးမိတ်မြို့ ဟော်နန်းရပ်ကွက် ဘောလုံးကွင်းအတွင်း၌ ကုန်စိမ်းနှင့် အသားငါး ယာယီဈေးဖွင့်လှစ်နေမှုကို တွေ့ရစဉ်။

# မိုးမိတ်မြို့တွင် ကုန်စိမ်းနှင့်အသားငါး ယာယီဈေးဖွင့်လှစ်

**မိုးမိတ် ဧပြီ ၁၉**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မိုးမိတ်မြို့တွင် ကုန်စိမ်းနှင့် သားငါး ယာယီဈေးကို ဟော်နန်းရပ်ကွက် ဘောလုံးကွင်းအတွင်း၌ ယနေ့နံနက် ၆ နာရီမှစတင်၍ ပြောင်းရွှေ့ဖွင့်လှစ် ရောင်းချခဲ့သည်။ **(ဝဲပုံ)**

အဆိုပါယာယီဈေးတွင် ကုန်စိမ်းနှင့် သားငါးရောင်းချသူ ၁၇၅ ဦးကိုသာ ပြောင်းရွှေ့ရောင်းချစေပြီး ယခင်မြို့နယ် စည်ပင်သာယာဈေးတွင်မူ ဈေးအတွင်းဆိုင်ခန်းနှင့် ကုန်ခြောက်ရောင်းချသူများကို ဆက်လက်ရောင်းချစေကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ဈေးရောင်းသူများအနေဖြင့် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်းများ တပ်ဆင်၍ ရောင်းချကြရန်၊ ဈေးဝယ်ယူသည့် ပြည်သူများအနေဖြင့်လည်း နှာခေါင်းစည်းများ တပ်ဆင်၍ ဝယ်ယူခြင်းများ ပြုလုပ်ကြရန်နှင့် ဈေးဝင်ပေါက်တွင်လည်း လက်ဆေးကန်များ ထားရှိကာ စနစ်တကျ လက်ဆေးကြရန် အသိပေးနှိုးဆော်ထားကြောင်း မြို့နယ်စည်ပင်ဦးစီးမှူး ဦးတင်ရှိန်က ပြောသည်။

အဆိုပါယာယီဈေးတွင် ကုန်စိမ်းနှင့် သားငါး ရောင်းချသူများအား နေ့စဉ် နံနက် ၆ နာရီမှ ၁၀ နာရီအထိ ရောင်းချခွင့်ပေးထားပြီး အမှိုက်များကို စနစ်တကျ စွန့်ပစ်ကျရန်နှင့် အမှိုက်ပုံးများ ထားရှိကာ အမှိုက်ယာဉ်ဖြင့် အမှိုက်သိမ်းဆည်းခြင်းကို နေ့စဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးမိတ်သား(စည်သူဋ္ဌေး)**

# မြန်မာနှစ်ဆန်း ၁ ရက်နေ့ သွေးလှူရှင်များ လာရောက်လှူဒါန်း

**ရန်ကုန် ဧပြီ ၁၉**

မြန်မာတို့၏ နှစ်ဆန်း ၁ ရက်နေ့ဖြစ်သည့် ဧပြီ ၁၇ ရက် နှစ်သစ်တွင် ရန်ကုန်အမျိုးသားသွေးဌာန၌ သွေးလှူရှင် ၂၆၅ ဦး လာရောက်သွေးလှူဒါန်းပြီး ဧပြီ ၁၁ ရက်မှ ဧပြီ ၁၇ ရက်ထိ စုစုပေါင်း သွေးလှူရှင် ၁၀၁၂ ဦး သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ အမျိုးသားသွေးဌာနသည် ရန်ကုန်မြို့ရှိ ဆေးရုံ ၁၄ ရုံအတွက် တစ်လလျှင် သွေးထုပ်ပေါင်း တစ်သောင်းခုနစ်ထောင်ကျော် ထုတ်ပေးလျက်ရှိရာ ယခုအခါသွေးလှူရှင်များ အစုအဖွဲ့လိုက် လာရောက်လှူဒါန်းမှုကို ကန့်သတ်ထားသဖြင့် သွေးလက်ခံရရှိမှု နည်းပါးသွားကြောင်း သိရသည် ။

အမျိုးသားသွေးဌာနအနေဖြင့် သွေးလှူရှင်များ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ထားရှိကြောင်း အမျိုးသားသွေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်ထံက သိရသည်။

"သွေးဌာနသို့ လာရောက်ပါက သွေးလှူရှင်တွေအတွက် အန္တရာယ်ကင်းအောင် စီစဉ်ထားတယ်။ သွေးလှူရှင်တွေ ထိတွေ့မယ့် ဝန်ထမ်းအားလုံးကို ကျန်းမာရေးစစ်ဆေးမှုတွေ နေ့စဉ်ပြုလုပ်တယ်။ တာဝန်ချထားတဲ့ ကျန်းမာရေးဝန်ထမ်းတွေ ၁၄ ရက်လုံးလုံး ဒီဌာနမှာနေပြီး ပြင်ပကို မထွက်သူတွေဖြစ်တယ်။ သွေးလှူရှင်တွေ အန္တရာယ်ကင်းအောင် အတတ်နိုင်ဆုံး စီစဉ်ထားပါတယ်"ဟု ပြောကြားသည်။

သွေးလှူရှင်များ၏ ကျန်းမာရေး စစ်ဆေးခြင်းကို ယခင်ကတည်းက ပြုလုပ်ခဲ့ပြီး ယခုအခါလွန်ခဲ့သည့် ၁၄ ရက်က ခရီးသွားခဲ့ခြင်းရှိ မရှိ၊ မိမိပတ်ဝန်းကျင်တွင် ပြည်ပမှ ပြန်လာသူ ရှိမရှိ၊ ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ နှာရည်ယိုခြင်း၊ လည်ပင်းနာခြင်းတို့ရှိမရှိကို စစ်ဆေးမေးမြန်းလျက်ရှိသည်။

ယခင်က တစ်လလျှင် လှူဒါန်းမှု ကိုးထောင်ကျော်ရှိခဲ့ရာမှ အစုအဖွဲ့အလိုက် သွေးလှူဒါန်းမှု ခေတ္တရပ်နားလိုက်သည့်အတွက် ၅၅ ရာခိုင်နှုန်းခန့် လျော့ကျသွားပြီး အစုအဖွဲ့တွင် ပါရှိသူများက လာရောက်လှူဒါန်းမှုကြောင့် ၃၅ ရာခိုင်နှုန်းခန့်သာ ထိခိုက်မှုရှိကြောင်း သိရသည် ။

သွေးလှူဒါန်းမှုကို နေ့စဉ် နံနက် ၈ နာရီမှ ည ၇ နာရီအထိ လက်ခံဆောင်ရွက်ပေးပြီး သွေးလှူရှင်များမှ ကြိုတင်၍ သွေးဌာန ဖုန်း ၀၁-၃၇၂၇၅၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**အောင်သူရ**

# မြောင်းမြတွင် မဖြစ်မနေ လမ်းထွက်သွားလာနေကြသော နှာခေါင်းစည်းမတပ်သူများအား ပညာပေးဆောင်ရွက်နေ

**မြောင်းမြ ဧပြီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားကူးစက်မှု မရှိစေရေးအတွက် မြို့နယ် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးကော်မတီက မဖြစ်မနေ အပြင်ထွက်သွားလာကြသည့် လမ်းသွားလမ်းလာပြည်သူများ နှာခေါင်းစည်း တပ်ဆင်သွားလာကြရန် အသိပညာပေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အသိပညာပေးမှုကို မြောင်းမြမြို့ပေါ်တွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းဋ္ဌေးနှင့် တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မီးသတ်၊ ကြက်ခြေနီ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီ၊ ပြန်ကြားရေး၊ အမှတ်(၈၁) ယာဉ်ထိန်းတပ်ဖွဲ့ စသောမြို့နယ် ကိုဗစ်-၁၉ ရောဂါ အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များက မြောင်းမြမြို့(၇)လမ်း လမ်းဆုံ၊ မြသာယာဈေး၊ ရှမ်းကုန်းပိုင်း လမ်းဆုံ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ဘောလုံးကွင်းလမ်းဆုံ၊ အခွန်လွတ်ဈေး၊ လယ်ယာသုံးဈေး၊ မြို့အဝင် ကွယ်လွယ်စစ်ဆေးရေးနေရာများတွင် နံနက် ၇ နာရီမှ ၁၀ နာရီ တစ်ကြိမ်၊ ညနေ ၄ နာရီမှ ၆ နာရီအထိ တစ်ကြိမ် နေ့စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# မော်လိုက်မြို့မဈေးကြီးကို ယာယီပိတ်ထားသဖြင့် မြို့တော်ခန်းမရှေ့၌ ယာယီပျံကျဈေးအဖြစ် ပြောင်းရွှေ့ဖွင့်

**မော်လိုက် ဧပြီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် လူစုလူဝေးများ မဖြစ်ပေါ်စေရန် မော်လိုက်မြို့မဈေးကြီးအား ယာယီပိတ်လိုက်သဖြင့် ဧပြီ ၁၈ ရက်မှစ၍ ယာယီပျံကျဈေးအဖြစ် မော်လိုက်မြို့ မြို့တော်ခန်းမရှေ့တွင် ပြောင်းရွှေ့ဖွင့်လှစ်ပေးထားကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးဇော်ဇော်ထွန်း ပြောကြားချက်အရ သိရသည်။

အဆိုပါ မော်လိုက်မြို့မဈေးကြီးကို မော်လိုက်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့က ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းတစ်ခုဖြစ် သည့် လူစုလူဝေးများ မဖြစ်ပေါ်စေရန် တစ်မြို့နယ်လုံးက အားထားနေရသည့် မြို့မဈေးကြီးနှင့် ဈေးအပြင်ဘက်ဈေးတိုက်ခန်းများကို ယာယီပိတ်ထားလိုက်သဖြင့် ပြည်သူများ ဟင်းချက်စရာများ အလွယ်တကူ ဝယ်ယူနိုင်ရေးအတွက် ယာယီပျံကျဈေးအဖြစ် မြို့တော်ခန်းမရှေ့တွင် နံနက် ၆ နာရီမှ နံနက် ၁၀ နာရီထိ အချိန်အကန့်အသတ်ဖြင့် ယာယီဈေးရောင်းချခွင့်ပြုပေးထားကြောင်း ဈေးရောင်းသူနှင့် ဈေးဝယ်သူများအကြား ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် နေရာများသတ်မှတ်ပေးခြင်း၊ နှာခေါင်းစည်းများ လက်အိတ်များကို တပ်ဆင်ပြီး ဈေးရောင်း/ဝယ်များ ပြုလုပ်ရေးတို့ကို ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ လိုက်နာစေရေး စည်းကမ်းချက်များ ထုတ်ပြန်ထားကြောင်းနှင့် ပြည်သူများ အလွယ်တကူ လက်ဆေးနိုင်ရေးအတွက် လက်ဆေးကန်များကိုလည်း ထားရှိပေးထားကြောင်း ၎င်းထံမှ သိရသည်။

**မော်လိုက်သားလေး**



# မိတ္ထီလာမြို့စည်ပင်သာယာရေးအဖွဲ့နှင့် မင်္ဂလာအထည်ချုပ်လုပ်ငန်းတို့ ပူးပေါင်း၍ အဝတ်နှာခေါင်းစည်းနှစ်သောင်းကို အခမဲ့ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**မိတ္ထီလာ ဧပြီ ၁၉**
မိတ္ထီလာမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့နှင့် မင်္ဂလာအထည်ချုပ်လုပ်ငန်းတို့ ပူးပေါင်း၍ ဒေသခံပြည်သူများအား လျှော်ဖွပ်၍ ပြန်လည်အသုံးပြုနိုင်သော အဝတ်နှာခေါင်းစည်း နှစ်သောင်းကို အခမဲ့ဖြန့်ဝေပေးနိုင်ရေး ဧပြီ ၁၈ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရေးအတွက် ဒေသခံများ အပြင်ထွက်သွားလာရာတွင် တစ်ခါသုံးနှာခေါင်းစည်းများ တပ်ဆင်အသုံးပြုလျက်ရှိသောကြောင့် ကုန်ကျစရိတ်သက်သာစေရန်အတွက် လျှော်ဖွပ်၍ ပြန်လည်အသုံးပြုနိုင်သော နှာခေါင်းစည်းများ အသုံးပြုနိုင်စေရန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နှာခေါင်းစည်းနှစ်သောင်း ဆောင်ရွက်လျက်ရှိရာတွင် သုံးလွှာနှာခေါင်းစည်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှာခေါင်းစည်း အခုတစ်သောင်းအတွက် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က အပေါ်လွှာပြုလုပ်နိုင်ရန် အဝတ်အထည်စ ကိုက် ၄၀ ထောက်ပံ့ပေးအပ်ပြီး အလယ်လွှာအတွက် မြဩဇာအထည်ဆိုင်က အထည်အစ ၁၅ ကိုက် လှူဒါန်းပေးခဲ့သည်။ ကျန်ရှိသည့် နှာခေါင်းစည်း အခုတစ်သောင်းနှင့် နောက်ခံအလွှာတို့ကို မင်္ဂလာအထည်ချုပ်လုပ်ငန်းက လှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။

နှာခေါင်းစည်းများ ချုပ်လုပ်ပြီးစီးပါက နှာခေါင်းစည်းများကို ပိုးသတ်ဆေးနှင့် စိမ်ပြီး လျှော်ဖွပ် မီးပူတိုက်ပြီးမှ ဖြန့်ဝေသွားမည်ဖြစ်သည်။ ယင်းနှာခေါင်းစည်းများကို ဖြန့်ဝေပေးရာတွင် ဦးစားပေးအနေဖြင့် စည်ပင်သာယာဈေးကြီးအပါအဝင် စည်ပင်သာယာနယ်နိမိတ် အတွင်းရှိ ဈေးများမှ ဈေးသည်များ၊ ဈေးဝယ်များအား အခမဲ့ဖြန့်ဝေပေးသွားမည် ဖြစ်သည်။

ထို့အပြင် မိတ္ထီလာမြို့ပေါ်တွင် လူဦးရေ တစ်သိန်းကိုးထောင်ကျော် နေထိုင်သည့်အတွက် လိုအပ်သည့် နှာခေါင်းစည်းများကိုလည်း အလှူရှင်များ ပေါ်လာပါက ဆက်လက်၍ ချုပ်ပြီး အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်နီလာဝင်းက ပြောသည်။



ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူရရှိစေရေးအတွက် နှာခေါင်းစည်းများကို အခမဲ့ချုပ်ပေးသည့်အပြင် လိုအပ်သည့် အဝတ်အထည်စများကို မင်္ဂလာအထည်ချုပ်လုပ်ငန်းနှင့် အထည်ဆိုင်ပိုင်ရှင် ဦးစန်းကိုယုက လှူဒါန်းပေးခဲ့သည်။ အဆိုပါ နှာခေါင်းစည်းချုပ်ရာတွင် အလုပ်သမားအခက်အခဲကြောင့် အလုပ်သမား လေးဦး၊ ငါးဦးဖြင့်သာ ဆောင်ရွက်ရသည့်အတွက် တစ်နေ့ နှာခေါင်းစည်းအခုတစ်ထောင်နီးပါးသာ ချုပ်နိုင်သည်။ အဆိုပါ နှာခေါင်းစည်းများကို ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော် (မိတ္ထီလာ)**



# အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက်၌ ပိုးသတ်ဆေးဖျန်း

**ရန်ကုန် ဧပြီ ၁၉**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရန် ရည်ရွယ်၍ ကိုဗစ်-၁၉ရောဂါပိုး တွေ့ရှိခဲ့သူ နေထိုင်သည့်လမ်းကို ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာသို့ အင်းစိန်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုးနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့ပြီး စည်ပင်သာယာရေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့၊ လူမှုအထောက်အကူပြုအဖွဲ့၊ လူ့ဘဝနောက်ဆုံးခရီး နာရေးအထောက်အကူပြုအဖွဲ့တို့က ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရွာမအနောက်ရပ်ကွက်ရှိ နယ်မြေ (၅) နှင့် စဥ့်ငူရပ်ကွက်ရှိ စံပြလမ်းတို့ကိုလည်း ပိုးသတ်ဆေးဖျန်းခဲ့သည်။

အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖွဲ့ထက်ကို (ပြန်/ဆက်)**

# ရန်ကုန်မှ လေကြောင်းလိုင်းဖြင့် ရောက်ရှိလာသူ ၁၂ ဦး လားရှိုးမြို့ရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးတွင် စောင့်ကြည့်ခံ

**လားရှိုး ဧပြီ ၁၉**
ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးလေဆိပ်သို့ ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က ကမ္ဘောဇလေကြောင်းဖြင့် ရောက်ရှိလာသူများသည် ရန်ကုန်မြို့၌ ၂၁ ရက်ပြည့်ကာ လားရှိုးသို့ ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ ပြန်လာသူ ၁၂ ဦးတို့သည် ပြည်ပနိုင်ငံများမှ ပြန်လာပြီး ရန်ကုန်မြို့၌ ၂၁ ရက် စောင့်ကြည့်ခံခဲ့ပြီးဖြစ်သော်လည်း လားရှိုးမြို့သို့ ရောက်ရှိစဉ်အချိန်တွင် လားရှိုးမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် လားရှိုးမြို့ လူမှုကူညီရေးအသင်းများက ယာဉ်ငါးစီးဖြင့် ဧပြီ ၁၉ ရက်က အမှတ် (၁) ရပ်ကွက် သာသနာ (၂၅၀၀) အနီးရှိ မိုးကုတ်ဝိပဿနာကျောင်းတိုက်၌ အသစ်ထပ်မံဖွင့်လှစ်သော အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစင်တာတွင် အဆိုပါ ၁၂ ဦးအား သတ်မှတ်ရက်များအတိုင်း ထပ်မံစောင့်ကြည့်သွားမည်ဖြစ်သည်။

လားရှိုးမြို့ အထက(၃)၌ ဖွင့်လှစ်ထားသော ခုတင် (၁၀၀) ဆံ့ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာသည် လူဦးရေပြည့်နေသောကြောင့် ယခုအသစ် ထပ်မံဖွင့်လှစ်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း လားရှိုးမြို့နယ်စီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအာကာလင်းက ပြောသည်။

စောင့်ကြည့်သူ ၁၂ ဦးတို့တွင် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ငါးဦးပါဝင်ကာ ကမ္ဘောဒီးယားလူမျိုး သုံးဦးပါဝင် ကြောင်း သိရသည်။ **ဟန်ဌေး (လားရှိုး)**



# COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community-Based Facility Quarantine) နှင့် အခြား Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအတွက် စိတ်ပိုင်းဆိုင်ရာ အကြံပြုချက်

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ သတ်မှတ်နေရာများတွင် Facility Quarantine (၂၁) ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine (၇)ရက် စုစုပေါင်း (၂၈)ရက်တာ နေထိုင်ရသူများနှင့် ပြည်သူလူထုအများစုတွင် စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုစသည်တို့ ခံစားရလေ့ရှိပါသည်။ COVID-19 နှင့်ပတ်သက်၍ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် ရှေ့ရေးတို့အတွက် စိုးရိမ်ပူပန်ခြင်း၊ အိမ်တွင်ရှိသော မိသားစုဝင်များအတွက် စိုးရိမ်ပူပန်ခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါသည်။

သီးခြားနေထိုင်နေရသည့်ကာလအတွင်း အထီးကျန်သလိုခံစားရခြင်း၊ ငြီးငွေ့ခြင်း၊ စိတ်အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အကူအညီမဲ့သလို ခံစားရခြင်းစသည့် ပိုမိုလွန်ကဲသောစိတ်ခံစားချက်များလည်း ဖြစ်ပေါ်လာတတ်ပါသည်။

သီးခြားနေထိုင်ရသည့်ကာလအတွင်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကို မျိုသိပ်မထားဘဲ အမှန်တကယ်လိုအပ်သောအကူအညီများကို တာဝန်ရှိသူများထံ ဖွင့်ဟဆွေးနွေးအကူအညီရယူသင့်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ပါသည်။

**ထိုစိတ်ခံစားချက်များ လျော့ပါးသက်သာစေနိုင်ရန် ယခုဖော်ပြထားသည်တို့ကို လုပ်ဆောင်နိုင်ပါသည်-**

- မိမိ၏လူမှုအသိုက်အဝန်းဖြစ်သော မိသားစုဝင်များ၊ မိတ်ဆွေသူငယ်ချင်းများ၊ ချစ်ခင်ရသူများနှင့် တယ်လီဖုန်း၊ အီးမေးလ်၊ အင်တာနက်လူမှုကွန်ရက် စသည်များမှတစ်ဆင့် အဆက်အသွယ်ပြုလုပ်ပါ။
- နေ့စဉ်အိမ်တွင်လုပ်ဆောင်နေကျအလုပ်များထဲမှ လက်ရှိပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိမည့် သူတစ်ပါးကိုလည်း မထိခိုက်စေနိုင်သည့် မိမိဝါသနာပါရာအလုပ်များကို ဆက်လက်လုပ်ဆောင်ပါ။
- စားသောက်ခြင်း၊ အိပ်စက်အနားယူခြင်းတို့ကို ကျန်းမာရေးနှင့်ညီညွတ်မျှတအောင် သတိပြု ဆောင်ရွက်ပါ။ ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကို ရှောင်ကြဉ်ပါ။
- ကိုယ်/ စိတ်ဖြေလျှော့သည့်လေ့ကျင့်မှုများနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်ပါ။
- မိမိကိုးကွယ်ရာဘာသာတရားအလိုက် ဝတ်ပြုဆုတောင်းခြင်း၊ တရားမှတ်ခြင်းများ ပြုလုပ်ပါ။
- COVID-19 ရောဂါနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များဖြင့်သာ အချိန်ကုန်နေတတ်ခြင်းသည် စိုးရိမ်စိတ်နှင့် စိတ်ဖိစီးမှုများကို ပိုမိုဆိုးရွားစေနိုင်သဖြင့် ဆင်ခြင်ရှောင်ကြဉ်ပါ။
- ကောလာဟလသတင်းများကိုလည်း အထူးသတိပြုရှောင်ကြဉ်ပါ။
- ယုံကြည်စိတ်ချရသော၊ အသိအမှတ်ပြုထားသည့် သတင်းအချက်အလက် အရင်းအမြစ်များမှ ထုတ်ပြန်သော သတင်းများ၊ ညွှန်ကြားချက်များကိုသာ လေ့လာမှတ်သားလိုက်နာပါ။
- လက်လှမ်းမီသော အကျိုးရှိမည့်စာပေများကို ဖတ်ရှုပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ စိတ်ကျန်းမာပညာအဖွဲ့တို့ ပူးပေါင်းစီစဉ်သည်။**

# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလအတွင်း မာန်အောင်-တောင်ကုတ် အမြန်ရေယာဉ်ခရီးစဉ်ကို ဧပြီလကုန်အထိ ယာယီရပ်နားမည်

**မာန်အောင် ဧပြီ ၁၉**

မာန်အောင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် ဆောင်ရွက်နေသည့်ကာလအတွင်း ရွှေပြည်တန်အမြန်ရေယာဉ်၊ ရွှေလင်းယုန်အမြန်ရေယာဉ်၊ မေဃအားမာန် အမြန်ရေယာဉ်များအား မာန်အောင်-တောင်ကုတ်၊ တောင်ကုတ်-မာန်အောင် ပြေးဆွဲနေမှု ခရီးစဉ်ကို ဧပြီ ၂၀ ရက်မှ ဧပြီလကုန်အထိ ယာယီရပ်နားသွားမည်ဖြစ်ကြောင်း ယနေ့ ညနေပိုင်းက သိရသည်။



ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းကို ထိန်းချုပ်နိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် ရွှေပြည်တန်အမြန်ရေယာဉ် ခရီးစဉ်များကို ဧပြီ ၃၀ ရက်အထိ ခေတ္တရပ်နားထားကြောင်း၊ ကြိုတင်လက်မှတ် ဝယ်ယူထားပြီးဖြစ်ပါက ပြန်လည်၍ ငွေထုတ်ယူခြင်း၊ ရက်ရွှေ့ပြောင်းခြင်း ပြုလုပ်နိုင်ပါကြောင်း၊ ပုံမှန်ခရီးစဉ်များကို မေ ၁ ရက်မှ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်၍ ပြောင်းလဲမှုရှိပါက ပြန်လည်တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ ခရီးသွားပြည်သူများအား အသိပေးထားကြောင်း ရွှေပြည်တန်အမြန်ရေယာဉ်တာဝန်ခံတစ်ဦးက ပြောသည်။

မာန်အောင်မြို့နယ်သည် သီးခြားကျွန်းပေါ်တွင် တည်ရှိနေပြီး ရေလမ်းတစ်ခုကိုသာ လမ်းပန်းဆက်သွယ်ရေးအဖြစ် မှီခိုအားထား၍ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ကုန်စည်စီးဆင်းရေးအတွက် အမြန်ရေယာဉ်များဖြင့် ခရီးသွားလာနေကြရသည့် မြို့တစ်မြို့ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်လာစေရေးအတွက် ထိန်းချုပ်နေသည့် ကာလအတွင်း မာန်အောင်မြို့နယ်တွင် ရေယာဉ်ပြေးဆွဲနေသည့် မေဃအားမာန်အမြန်ရေယာဉ် ပုံမှန်ခရီးစဉ်ကို ဧပြီလကုန်အထိ ခေတ္တရပ်နား ထားမည်ဖြစ်ပြီး ဒေသအတွင်း (သို့) ပြင်ပသို့ ဝင်/ထွက် သွားလိုသည့် အစိုးရဝန်ထမ်းများ၊ ဆေးကုသရန် သွားရောက်လိုသည့် လူနာများအတွက် ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေး မြို့နယ်အဆင့်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် မေဃအားမာန်အမြန်ရေယာဉ် စင်းလုံးငှားဖြင့်သာ ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ အခြေအနေအရ မေလအတွင်း၌လည်း ရပ်နားသွားရန်ရှိကြောင်း၊ မေဃအားမာန်အမြန်ရေယာဉ်ကို ယခုနှစ် မတ် ၂၀ ရက်မှ စတင်ပြေးဆွဲခဲ့ကြောင်း တာဝန်ခံ ဦးညီဝင်းစိန်က ပြောသည်။

ဧပြီလကုန်အထိ ယာယီရပ်နားထားခြင်းနှင့် ပတ်သက်၍ "မာန်အောင်ကျွန်းကို ခရီးအသွားအလာ ပိတ်လိုက်တာကောင်းပေမယ့် တစ်ခုကတော့ အရေးပေါ်ကိစ္စသွားလာရေးအတွက် အစိုးရ ဒေသဌာနဆိုင်ရာဘက်က ဆောင်ရွက်ထားသင့်တယ်။ စီးပွားရေးလုပ်နေသူတွေလည်း မထိခိုက်သွားအောင် ပစ္စည်းတင်တဲ့ ယာဉ်တွေရှိမယ်ဆိုရင် စနစ်တကျ ပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းသင့်တယ်။ ပြီးတော့ ကိုယ်ပိုင်ငှားလာတဲ့ စင်းလုံးယာဉ်တွေ မာန်အောင်ကိုလာမယ်ဆိုရင် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးတွေဆီ သတင်းပို့ပြီးမှ လာစေချင်ပါတယ်။ ဒီအချိန်မှာ အဝင်/အထွက်ကိစ္စ တတ်နိုင်သမျှ စိစစ်နိုင်ဖို့ အရေးကြီးပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ အမြန်ရေယာဉ် သုံးစင်းသည် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ ရပ်နားထားခဲ့ရာမှ ယခုလို ခရီးစဉ်များကို တစ်ပြိုင်နက်တည်း ဧပြီလကုန်အထိ ယာယီရပ်နားသွားရန် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများက တားမြစ်ခြင်းမဟုတ်ဘဲ လုပ်ငန်းရှင်အသီးသီးက ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**သိန်းထွန်းအောင် (ပြန်/ဆက်)**

## ပခုက္ကူမြို့ မီးရထားဘူတာမှ ပြေးဆွဲနေသည့် ရထားများ ဧပြီ ၃၀ ရက်အထိ ရပ်နားထားမည်

**ပခုက္ကူ ဧပြီ ၁၉**

ပခုက္ကူမြို့ မြန်မာ့မီးရထား ပခုက္ကူဘူတာမှ အခြေစိုက်ပြေးဆွဲနေသည့် လမ်းကြောင်းလေးခုကို ဧပြီ ၃၀ ရက်အထိ ပြေးဆွဲမှုရပ်နားထားမည် ဖြစ်သည်။

ပခုက္ကူမြို့မှ မုံရွာ၊ ဆိပ်ဖြူ၊ ကျော၊ တန့်ကြည့်တောင် ဘူတာများသို့ ပြေးဆွဲနေသည့် ရထားခရီးစဉ်များကို ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ ရပ်နားကြောင်း တရားဝင်ကြေညာထားခဲ့ပြီး ယခုအခါ ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ကူးစက်ပြန့်ပွားမှု မရှိစေရေးတို့အတွက် ဧပြီ ၃၀ ရက်အထိ ရပ်နားရက်တိုးမြှင့်သတ်မှတ်ခြင်းဖြစ်ကြောင်း ပခုက္ကူဘူတာရုံပိုင်ကြီး၏ ပြောကြားချက်အရ သိရသည်။

အလားတူ ပခုက္ကူ-နေပြည်တော် ပြေးဆွဲနေသောရထားကို မတ် ၃၁ ရက်မှစ၍ ပြေးဆွဲမှုရပ်ထားကြောင်း သိရသည်။

**ကိုဇော် (ခတု)**

❍ *ကျောက်ဖြူမှ*

နေရာများတွင် သန့်ရှင်းရေး၊ နေထိုင်ရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အခြေအနေများကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုးက မြို့နယ်အတွင်း ပြည်သူလူထုပူးပေါင်းမှုဖြင့် သတ်မှတ်နေရာအဆောက်အအုံတွင် အသွားအလာကန့်သတ်ခြင်းပြုလုပ်မည့်နေရာများ ထားရှိဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**စိုးမိုး (ပြန်/ဆက်)**

✳ *ကျောက်ဖြူမှ*

ထိုသို့ဆောင်ရွက်လျက်ရှိရာ မီးသတ်ဦးစီးဌာနအနေဖြင့် မြို့ပေါ်ရှိ လမ်းများ၊ ရပ်ကွက်များအတွင်းရှိ နေအိမ်များ၊ ဈေးများနှင့် ဌာနဆိုင်ရာများတွင် ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်သူရအေး ဦးဆောင်မှုဖြင့် တပ်မတော်နှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးသတ်ယာဉ်ဖြင့် ကလိုရင်းပိုးသတ်ဆေးပက်ဖျန်းခြင်းကို မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းအတိုင်း မိတ္ထီလာကန်ကူးတံတား အရှေ့ထိပ်မှ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းအထိ ကားလမ်းမပေါ်တွင် အသွားအပြန် ပက်ဖျန်းပြီး မိတ္ထီလာကန်ကူးတံတား အရှေ့ဘက်ထိပ်မှ မြို့လယ်ဘုရားလမ်းဆုံ နာရီစင်လမ်းအတိုင်း Grand ရုပ်ရှင်ရုံလမ်းမှ ရုပ်တော်မူဘုရားအထိ ကလိုရင်းပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက ပြောသည်။

၎င်းအပြင် မိတ္ထီလာမြို့ စည်ပင်သာယာဈေးကြီးပတ်လမ်း၊ ရပ်ကွက်အတွင်းရှိ လမ်းများနှင့် မိတ္ထီလာမြို့တွင်းသို့ မော်တော်ယာဉ်များ ဝင်ထွက်သွားလာနေသည့် လမ်းမကြီး ငါးသွယ်တို့ကိုလည်း ကလိုရင်းပိုးသတ်ဆေးများ ဆက်လက်ပက်ဖျန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သိန်းမြင့်ကျော် (မိတ္ထီလာ)**

# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

### နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**


# မူဆယ်နယ်စပ်တွင် ပို့ကုန်/သွင်းကုန်ယာဉ် ဝင်ရောက်မှုလျော့နည်း

**မူဆယ် မေ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်အတွင်းသို့ ယခင်က နှစ်နိုင်ငံဘက်မှ ပို့ကုန်/သွင်းကုန်ယာဉ် စီးရေ တစ်ရက်လျှင် ၁၀၀၀ ကျော် နေ့စဉ် ဝင်ရောက်မှုရှိပြီး ပုံမှန်ကုန်သွယ်စီးဆင်းနေလျက်ရှိကြောင်း သိရသည်။

လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် မူဆယ်နယ်စပ်တွင် ကုန်တင်ယာဉ်များ လမ်းပန်းဆက်သွယ်မှု၊ နယ်စပ်ဂိတ်များ ဖြတ်သန်းသွားလာမှုနှင့်ပတ်သက်၍ အခက်အခဲအမျိုးမျိုး ကြုံတွေ့နေရပြီး ကုန်သွယ်ရေးဇုန်သို့ ကုန်တင်ယာဉ်ဝင်ရောက်မှု တဖြည်းဖြည်းလျော့နည်းသွားခဲ့သည်။

အဆိုပါကုန်သွယ်ရေးဇုန်ထဲသို့ တရုတ်နိုင်ငံဘက်မှ သွင်းကုန်ပစ္စည်းအမျိုးအစား ယာဉ်ယန္တရား၊ မော်တော်ဆိုင်ကယ်၊ ဆိုလာပြား၊ သံထည်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ကြွေထည်ပစ္စည်း၊ စက်ဘီးနှင့်စက်ပစ္စည်းအမျိုးမျိုး၊ Skynet ပစ္စည်းများ၊ မိုဘိုင်းဖုန်းများနှင့် တရုတ်နိုင်ငံဒေသအသီးသီးမှ ထွက်ရှိသော အသီးအမျိုးမျိုး တစ်ရက်လျှင် ကုန်တင်ယာဉ်စီးရေ ၃၀၀ မှ ၄၀၀ ကျော် ယခင်က ဝင်ရောက်ခဲ့ပြီး လတ်တလော ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ကုန်တင်ယာဉ်ကြီးများ အခက်အခဲဖြစ်ပြီး မြန်မာနိုင်ငံ ဘက်သို့ ဝင်ရောက်မှုယခင်ထက် သိသိသာသာ လျော့နည်းသွားခဲ့ကာ ယခုလ မေ ၁၈ ရက်တွင် သွင်းကုန်ယာဉ်အစီးရေ ၆၀ ကျော် ၇၀ ဝန်းကျင်ခန့်သာ ဝင်ရောက်မှုရှိခဲ့သည်။



၁၀၅ မိုင် ကုန်သွယ်ရေးဇုန်

### ဆုံးရှုံးနစ်နာမှုများရှိနေ

အလားတူ မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံဘက်သို့ ပို့ကုန်အဖြစ် ကျွဲအရှင်၊ နွားအရှင်၊ ဆိတ်အရှင်၊ ရေထွက်ကုန်ပစ္စည်းအမျိုးမျိုး၊ ရော်ဘာ၊ ကျောက်စိမ်းချော၊ ပဲအမျိုးမျိုး၊ ဖရဲ၊ သခွား၊ သရက်၊ ကြက်သွန်နီ၊ နှမ်းမျိုးစုံနှင့် လယ်ယာထွက်ကုန်ပစ္စည်းအမျိုးမျိုးဖြင့် တစ်ရက်လျှင် အသီးကားများအပါအဝင် ကုန်တင်ယာဉ်စီးရေ ၆၀၀ ကျော် ၇၀၀ ထက်မနည်း တရုတ်ဘက်သို့ တင်ပို့လျက်ရှိကာ ယခုနောက်ပိုင်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး နှစ်နိုင်ငံဘက်မှ တားဆီးပိတ်ပင်၊ ကန့်သတ်မှုများ ရှိနေသည့်အတွက်ကြောင့် အခြားပို့ကုန်အဝင်နည်းသွားပြီး ဖရဲ၊ သခွား၊ သရက်သီးကားများသာ ကုန်သွယ်ရေးဇုန်သို့ အများဆုံးဝင်ရောက်ခဲ့သည်။ ဝင်ရောက်လာသည့် မြန်မာဘက်မှ အသီးကားများလည်း ကျင်စန်းကျော့ဂိတ် အဝင်ခက်ခဲမှုများကြောင့် ကျင်စန်းကျော့လမ်းမပေါ်၊ ဟိုနောင်ကျေးရွာ၊ တုန်ခန်ကျေးရွာ၊ ကောင်းခန်ကျေးရွာအနီး၊ ၁၀၅ မိုင်နယ်မြေအတွင်း မူဆယ်မြို့နယ် ကောင်းဂုက်ကျေးရွာနှင့် မော်တောင်းကျေးရွာ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် အစီးရာနှင့်ချီပြီး အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရကြောင်း သိရသည်။ ကုန်သွယ်ရေးဇုန်နယ်မြေအတွင်းရှိ အရှေ့မြောက်တံခါး အများနှင့်သက်ဆိုင်သော သစ်သီးရောင်းဝယ်ကွင်းတွင် ဝင်လာသည့် အသီးကားများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကုန်တင်ကုန်ချလုပ်သားများဖြင့် ဖွင့်ဖောက်စစ်ဆေးခြင်းအဆင့်သာ ပြုလုပ်ခဲ့ကာ အရောင်းအဝယ်ကို တရုတ်နိုင်ငံဝမ်တိန်ကွင်း၌ ပြုလုပ်ကြသည်။ ယခုနောက်ပိုင်း ကိုဗစ်-၁၉ ရောဂါကြောင့် တရုတ်နိုင်ငံ၏ မူဝါဒအပြောင်းအလဲများကြောင့် အသီးကားများအနေဖြင့် အဝင်အထွက် အခက်အခဲများရှိနေပြီး တချို့အသီးယာဉ်မောင်းများလည်း နှစ်ည၊ သုံးညအိပ်နေရသည့်အတွက် အစားအသောက်၊ ကျန်းမာရေးခက်ခဲမှုများနှင့် ရင်ဆိုင်နေရကာ ယာဉ်ပေါ်ပါ အသီးများလည်း ရက်ကြာလာသည်နှင့်အမျှ အရည်ပျော်၊ ပုပ်သိုးမှုများရှိနေသောကြောင့် ဖရဲကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ စိုက်ပျိုး တောင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များလည်း ဆုံးရှုံးနစ်နာမှုများရှိနေကြောင်း သိရသည်။

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် တာဝန်ခံညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက "ကုန်သွယ်မှုက သင်္ကြန်ကာလဆိုရင်တော့ ပုံမှန်လျော့နည်းနေတာဖြစ်ပါတယ်။ အခုဆိုရင် ကိုဗစ်-၁၉ ရောဂါက တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ဖြစ်နေတယ်ဆိုတော့ ကုန်သွယ်မှုက နိုင်ငံတော်တော်များများမှာ လျော့နည်းနေမှာ ဖြစ်ပါတယ်။ မနှစ်က အနေအထားနဲ့ နှိုင်းယှဉ်မယ်ဆိုရင်တော့ ဒီနှစ်က ယခင်နှစ်တွေထက် ကုန်သွယ်မှု ပိုပြီးလျော့နည်းပါတယ်။ တရုတ်နိုင်ငံမှာ ရောဂါစဖြစ်တဲ့အချိန်ကစပြီး ကုန်သွယ်မှုလမ်းကြောင်းတွေ၊ နယ်စပ်ဂိတ်အဝင်အထွက်တွေမှာ အခက်အခဲအမျိုးမျိုး ကြုံတွေ့နေရသလို ကိုယ့်ဘက်က ရောဂါပြန်ဖြစ်နေတော့ တရုတ်ဘက်ဂိတ်အဝင်အထွက် ကျပ်တည်းမှုတွေကြောင့် နှစ်နိုင်ငံကုန်သွယ်မှုက တဖြည်းဖြည်းနဲ့ လျော့နည်းလာတယ်။ တရုတ်နိုင်ငံအနေနဲ့ မန်ဝိန်းဂိတ်အဝင်နဲ့ ကျင်စန်းကျော့ဂိတ်အဝင်ကို ပုံစံတစ်မျိုးစီ၊ မန်ဝိန်းဂိတ်မှာဆိုရင် တရုတ်က အဆိုပြုတဲ့အတိုင်း ကားသမား အချိန်းအပြောင်းနဲ့ သွားတယ်။ ကျင်စန်းကျော့မှာကျ တစ်မျိုးဆိုတော့ ကားသမားတွေ အခက်အခဲဖြစ်ပြီး လမ်းမပေါ် ကုန်တင်ကားတွေ စုပြုံသွားတဲ့အထိ ဖြစ်သွားတယ်။ အခု ကျင်စန်းကျော့ဂိတ်ဘက်မှာ ကားသမားတစ်ဦး ဝင်ခွင့်ပြုပြီး မောင်းခွင့်ပေးလိုက်တဲ့ အတွက်ကြောင့် အဆင်ပြေပါတယ်။ ဒီလိုပဲ သူ့ဘက်ကိုယ့်ဘက်ကြည့်ပြီး အဆင်ပြေသလို သွားနေရတာတွေလည်းရှိပါတယ်။ နှစ်နိုင်ငံအနေနဲ့ ကုန်သွယ်မှု လုံးဝရပ်တန့်မသွားအောင် နှစ်ဖက်စလုံးက သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ညှိနှိုင်းပြီး ကုန်သွယ်မှုကို ဆက်လက်စီးဆင်းနေတာဖြစ်တယ်" ဟု ပြောသည်။

### ကုန်သွယ်မှုပမာဏ

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ ယာယီကုန်သွယ်ရေးစာရင်းများအရ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၆၄၇ ဒသမ ၄၀၀၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၈၂၄ ဒသမ ၇၅၀ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၅၇၂ ဒသမ ၁၅၁ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ယခင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကာလတူထက် ပို့ကုန်အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၆၃၄ သန်း ၊ သွင်းကုန် ၅၅ ဒသမ ၆၂၃ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၀၀ ဒသမ ၂၅၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

ကျင်စန်းကျော့ဂိတ်အဝင်ကို တရုတ်နိုင်ငံ၏ တာဝန်ရှိသူများနှင့် မြန်မာဘက်က တာဝန်ရှိသူများ၏ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများကြောင့် ကျင်စန်းကျော့လမ်းပေါ် ရပ်တန့်နေရသည့် အသီးကားစီးရေ ၃၂၅ စီး၊ အရှေ့မြောက်တံခါး သစ်သီးရောင်းဝယ်ကွင်း၌ ဖရဲ၊ သခွားကား ၆၁၂ စီး စုစုပေါင်း ၉၃၇ စီးအနက် တရုတ်ပြည်သို့ ၆၅၅ စီး ဝင်ပြီး ကျင်စန်းကျော့လမ်းပေါ်တွင် ၂၈၂ စီး ဂိတ်အခြေအနေပေါ်မူတည်ကာ တရုတ်ပြည်သို့ ဝင်ရောက်ရောင်းချသွားမည်ဖြစ်သည်။ အသီးကားများ တရုတ်ပြည်သို့ ဝင်ရောက်သည့်အခါ မြန်မာဘက်မှ ယာဉ်မောင်းတစ်ဦးသာ ဝင်ခွင့်ပြုပြီး တရုတ်နိုင်ငံ၏ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအရ မောင်းနှင်ရမည်ဖြစ်ကြောင်း သိရသည်။

မေ ၁၉ ရက်တွင် တိုးဂိတ်အပြင်ဘက်၌ ရပ်စောင့်နေရသည့် အသီးကား ၁၁၆၁ စီးအနက် အစီး ၆၀၀ ခန့်ကို အရှေ့မြောက်တံခါး ရောင်းဝယ်ကွင်းအတွင်း၌ မောင်းစေပြီး ဖွင့်ဖောက်စစ်ဆေးမှုများ ပြုလုပ်၍ ကွင်းအတွင်းမှ တစ်ဖက်နိုင်ငံဘက်သို့ ဆက်လက်ထွက်ခွာနိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

### လုပ်အားခ လျော့နည်း

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်အတွင်းသို့ နှစ်နိုင်ငံဘက်မှ ဝင်ရောက်လာသည့် ကုန်တင်ယာဉ်များပေါ်မှ ကုန်ပစ္စည်းများကို အတင်အချလုပ်ရန် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ညွှန်ကြားမှုဖြင့် ဖွင့်ဖောက်စစ်ဆေးပေးခြင်းများ ပြုလုပ်နေသည့် ကုန်တင်ကုန်ချလုပ်သား ၇၀၀ ခန့်ရှိပြီး အဆိုပါ ကုန်တင်ကုန်ချလုပ်သားများသည် ကုန်သွယ်ရေးဇုန်၌ နှစ်နိုင်ငံဘက်မှ ကုန်တင်ယာဉ်များ ဝင်ရောက်မှုအပေါ် ကုန်တင်ယာဉ်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ လိုအပ်သလို ဆောင်ရွက်ပေးရန် မနက် ၆ နာရီမှ ည ၆ နာရီအထိ ကွင်းအတွင်း ရှိနေရသည်။

၎င်းအလုပ်သမားများ၏ ကုန်တင်ကုန်ချ လုပ်အားခသည် ယခင်က တစ်ရက်လျှင် ငွေကျပ် ၁၅၀၀၀ ခန့် ရရှိခဲ့ပြီး ယခုနောက်ပိုင်း ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကုန်တင်ကားများ နှစ်နိုင်ငံ အဝင်အထွက်ဂိတ်များ၌ အကြောင်းအမျိုးမျိုးကြောင့် ကျပ်တည်းမှုများ ဖြစ်နေသောကြောင့်လည်းကောင်း၊ မြန်မာ့ရိုးရာ သင်္ကြန်ကာလအတွင်း၌ လည်းကောင်း ကုန်သွယ်ရေးဇုန်သို့ နှစ်နိုင်ငံဘက်မှ ကုန်တင်ယာဉ်အဝင်အထွက် နည်းသွားသည့်အတွက် လုပ်အားခများလည်း ငွေကျပ် ၃၀၀၀ ဝန်းကျင်အထိသာ ရရှိသောကြောင့် မိသားစုဝင်များ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

# ဒလ-ပန်းဆိုးတန်းကူး ချယ်ရီရေယာဉ်များ ၂၄ ခေါက်နှုန်းဖြင့် နေ့စဉ်ပြန်လည်ပြေးဆွဲပေးမည်

**ရန်ကုန် မေ ၁၉**

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ ဒလမှ ရန်ကုန်ဘက်ကမ်း ပန်းဆိုးတန်းသို့ ကူးဆွဲပေးနေသည့် ခရီးသည်တင် ရေယာဉ် ချယ်ရီခရီးစဉ်များကို မဟာသင်္ကြန်ရုံးပိတ်ရက် ကာလအတွင်း ခေါက်ရေလျှော့ ပြေးဆွဲခဲ့ရာ မေ ၂၀ ရက်မှစ၍ နံနက် ၅ နာရီခွဲမှ ည ၇ နာရီခွဲအထိ တစ်နေ့အသွားအပြန် ၂၄ ခေါက်နှုန်းဖြင့် သတ်မှတ်ချိန်အလိုက် နေ့စဉ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။



ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်ဒေသမှ ခရီးသွားလာမှု အလွန်နည်းပါးသွားခဲ့ရသည်။ ဒလ-ပန်းဆိုးတန်းကူး ချယ်ရီရေယာဉ်များသည် သင်္ကြန်ရုံးပိတ်ရက်များက ခရီးစဉ် ၁၂ ခေါက်နှုန်း ပြေးဆွဲမည်ဟု သတ်မှတ်ထားသော်လည်း ခရီးသွားလာသူ မရှိသလောက်ဖြစ်ခဲ့၍ ခုနစ်ခေါက်နှုန်း၊ ထိုမှတစ်ဆင့် ယနေ့အထိ လေးခေါက်နှုန်းသာ ပြေးဆွဲပေးခဲ့ရကြောင်း သိရသည်။

နှစ်စဉ် သင်္ကြန်အပြီးတွင် ထိုသဘော်ခရီးလမ်း၌ ပုံမှန်အတိုင်း ၄၈ ခေါက်နှုန်း ပြေးဆွဲခဲ့သော်လည်း ယခုနှစ်တွင်မူ ကိုဗစ်-၁၉ ကြောင့် အစိုးရရုံးသွားရုံးလာ ဝန်ထမ်းများ သွားလာရေး အဆင်ပြေစေရန် ဒလဘက်ဆိပ်ကမ်းမှ နံနက် ၅ နာရီခွဲမှ စထွက်လာပြီး ထိုချယ်ရီရေယာဉ်နှင့်ပင် နံနက် ၆ နာရီတွင် ပန်းဆိုးတန်းမှ ပြန်လာမည်ဖြစ်ကာ တစ်ပြိုင်နက်တည်း နံနက် ၆ နာရီတွင် နောက်ထပ် ချယ်ရီရေယာဉ်တစ်စင်း ထပ်ပြေးဆွဲပေးမည်ဖြစ်သည်။ ထိုကဲ့သို့ ချယ်ရီသင်္ဘောနှစ်စင်းဖြင့် မိနစ် ၃၀ ကြာ တစ်ခေါက်နှုန်းဖြင့် နောက်ဆုံးခေါက်အဖြစ် ဒလဘက်မှ ည ၇ နာရီအထိ လည်းကောင်း၊ ပန်းဆိုးတန်းဘက်မှ ည ၇ နာရီခွဲအထိ လည်းကောင်း တစ်နေ့ ၂၄ ခေါက်နှုန်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ **သန်းဌေး(ဒလ)**

## မြန်မာ့ရုပ်မြင်သံကြား

၂၀ . ၄ . ၂၀၂၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
၆:၂၀ - " မဇ္ဈိမအလင်း " (အပိုင်း- ၁၁)
၇:၀၀ - Breakfast News
၈:၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ “ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန”
၉:၁၀ - “သနပ်ခါးပိုင်ရှင်”
၉:၄၅ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ “Sukhathai ” (Thailand)
၁၀:၃၀ -“Flowers and Butterflies” (Season- 2) (အပိုင်း- ၉၉ + ၁၀၀)
၁၁:၃၀ - စိုက်ပျိုးရေးရာအဖြေရှာ “ပေါက်အင်းဒေသမှ သခွားမွေးပင်လယ်”
၁၂:၃၀ - “ရတနသုတ်တော်နှင့်ပတ်သက်သည့်သင်ကြားပို့ချမှု”
၁၃:၃၀ - ထူးခြားစုံလင်အာရှပစိဖိတ် အစီအစဉ်

**ညပိုင်း**

၁၆:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ
၁၇:၃၅ - Yes or No Talk Show
၁၈:၂၅ - ဥပဒေရေးရာအဖြာဖြာ “ကာကွယ်ခုခံပိုင်ခွင့် အကြောင်းသိကောင်းစရာ” (အပိုင်း- ၂)
၁၉:၂၅ - နိုင်ငံခြားဇာတ်လမ်းတွဲ
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၀ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)
- မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြုတေးများ
- နိုင်ငံခြားဇာတ်လမ်းတွဲ
- မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကို လိဂ်ပြိုင်ပွဲများအပေါ် မူတည်၍ ကျင်းပမည့်ရက် သတ်မှတ်မည်

**ရန်ကုန် မေ ၁၉**

ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းထားရသည့် ၂၀၂၀ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကို လိဂ်ပြိုင်ပွဲများ ပြန်လည်စတင်မည့်အပေါ် မူတည်၍ ကျင်းပမည့်ရက်သတ်မှတ်မည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် မတ် ၂၄ ရက်မှစ၍ ပြည်တွင်းပြိုင်ပွဲအားလုံး ကျင်းပမှုကို ရပ်နားခဲ့ပြီး မေ ၈ ရက်တွင် စတင်ကျင်းပမည့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲပါ ပါဝင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယခုရာသီ ရှုံးထွက်ပြိုင်ပွဲကို အသင်းအရေအတွက် တိုးမြှင့်ထားပြီး အပျော်တမ်းအသင်း ငါးသင်းအပါအဝင် စုစုပေါင်း ၂၅ သင်းဖြင့် ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ ယခင်ရေးဆွဲထားသည့် ပွဲစဉ်အနေအထားအရ ပထမအဆင့်ပွဲစဉ်များကို မေ ၈ ရက်၊ ၉ ရက်တွင် စတင်ကာ ဗိုလ်လုပွဲကို စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပရန် စီစဉ်ထားခြင်းဖြစ်ပြီး ဒုတိယအဆင့်မှ စတင်ကာ MNL ကလပ်အသင်းများ ပါဝင်လာမည် ဖြစ်သည်။ ရှုံးထွက်ပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်စနစ် ပြောင်းလဲပြီးနောက်ပိုင်း ၂၀၁၀ ပြည့်နှစ်မှစ၍ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၃ ခုနှစ်မှလွဲ၍ နှစ်စဉ် ကျင်းပခဲ့သည့် ပြိုင်ပွဲဖြစ်သည်။

ထို့ပြင် ၂၀၁၅ ခုနှစ်မှစတင်ကာ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းပြိုင်ပွဲအမည်ဖြင့် ပြောင်းလဲကျင်းပခဲ့ပြီး ယခုနှစ်မှာ ၁၀ ကြိမ်မြောက်ကျင်းပမည့်ပြိုင်ပွဲလည်း ဖြစ်သည်။ ပြီးခဲ့သည့် ကိုးကြိမ်တွင် ရှောဝတီနှင့် ရန်ကုန်အသင်းတို့က သုံးကြိမ်စီဖြင့် အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်နေကာ ဟံသာဝတီ၊ မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ပြည်တွင်းပြိုင်ပွဲ များကို ကိုဗစ်-၁၉ ရောဂါအခြေအနေ တည်ငြိမ်ပြီး နိုင်ငံတော်က ပွဲလမ်းသဘင်နှင့် အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပခွင့်ပြုမှသာ ကျင်းပမည်ဖြစ်ပြီး ကလပ်အသင်းများကိုလည်း ပြင်ဆင်ချိန်ရရန် သုံးပတ်မှ လေးပတ်အထိ ကြိုတင်အကြောင်းကြားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယခုရာသီတွင် လိဂ်ပြိုင်ပွဲလေးခု ကျင်းပလျက်ရှိပြီး MNL စီနီယာ လိဂ်ပြိုင်ပွဲ၊ MNL-၂ (ပထမတန်း) ပြိုင်ပွဲ၊ လူငယ်ပြိုင်ပွဲများဖြစ်သည့် MNL ယူ-၂၁ ပြိုင်ပွဲနှင့် ယူ-၁၉ ပြိုင်ပွဲတို့ ကျင်းပလျက်ရှိကာ MNL နှင့် MNL-၂ ကလပ်အသင်းများ ယှဉ်ပြိုင်ခွင့်ရှိသည့် ရှုံးထွက်ပြိုင်ပွဲကိုလည်း ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ရှုံးထွက်ပြိုင်ပွဲကို လိဂ်ပြိုင်ပွဲအပေါ် မူတည်၍ ကျင်းပမည့်ရက် အတည်ပြုမည်ဖြစ်သည်။ **ညီမြတ်သော်တာ**



၂၀၁၉ ရာသီ ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ရန်ကုန်နှင့် စစ်ကိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်




❊ *ကျောဖုံးမှ*

၅၁ ပွဲ ပါဝင်ကစားထားပြီး ခြောက်ဂိုး သွင်းယူပေးထားနိုင်သည်။ ထို့အပြင် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခရိုအေးရှားအသင်းကို ဗိုလ်လုပွဲသို့ ရောက်ရှိအောင် စွမ်းဆောင်ပေးထားနိုင်သည့် ကစားသမားများထဲမှ တစ်ဦးအပါအဝင်ဖြစ်သည်။

လီဗာပူးအသင်း၏ ကွင်းလယ်ကစားသမားနေရာတွင် ဖာဘင်ဟို၊ လယ်လာနာနှင့် ဟန်ဒါဆန်တို့ရှိနေသည်။ လယ်လာနာသည် ရာသီကုန်တွင် အသင်းမှ ထွက်ခွာဖွယ်ရှိသောကြောင့် ဘရိုဇိုဗစ်ဖြင့် ကွင်းလယ်အင်အားဖြည့်တင်းရန် ပြင်ဆင်လာခြင်း ဖြစ်သည်။ ထို့အပြင် လီဗာပူးအသင်းသည် ဘရိုဇိုဗစ်အပြင် ဒေ့ါမွန်အသင်းမှ တောင်ပံကစားသမား ဆန်ချို၊ ဝုဗ်တောင်ပံကစားသမား ထရာအိုရေးနှင့် လိုက်ဇစ်အသင်းမှ တိုက်စစ်ကစားသမား တီမိုဝါနာတို့ကိုလည်း ခေါ်ယူရန် ဆက်သွယ်ထားကြောင်း သိရသည်။ **အောင်ဇော်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### ဆန်ချိုအား လုပ်ခလစာ တိုးမြှင့်ပေးချေဖွယ်ရှိ

ဒေ့ါမွန်အသင်းသည် အသင်းမှ အင်္ဂလန်တောင်ပံကစား ဆန်ချို (၂၀နှစ်) အနေဖြင့် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် ငြင်းပယ်လိုက်ပါက လုပ်ခလစာ တိုးမြှင့်ပေးချေဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ လက်ရှိတွင် အဆိုပါ တောင်ပံကစားသမားအား မန်ယူ၊ လီဗာပူး၊ ချယ်လ်ဆီးနှင့် မန်စီးတီးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်သည်။ ၎င်းသည် ဒေ့ါမွန်အသင်းအတွက် ၃၅ ပွဲ ကစားထားပြီး ၁၇ ဂိုး သွင်းယူပေးထားနိုင်ကာ ဂိုးရရှိအောင် ၁၉ ကြိမ်အထိ ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။ ဒေ့ါမွန်အသင်းသည် ဆန်ချိုအား လွယ်လွယ်ပြောင်းရွှေ့ခွင့်ပြုဖွယ်မရှိဘဲ ၎င်းရရှိနေသည့် တစ်နှစ် ပေါင် ၅ ဒသမ ၂ သန်းကို ပေါင် ၈ ဒသမ ၇ သန်းအထိ တိုးပေးပြီး အသင်း၌ ထိန်းထားရန် ပြင်ဆင်နေကြောင်း ဂျာမန်အခြေစိုက်သတင်းစာ ဘီလ်တွင် ဖော်ပြထားသည်။

### ဗီဒဲလ်အား နယူးကာဆယ် ခေါ်ယူဖွယ်ရှိ

နယူးကာဆယ်အသင်းသည် ဘာစီလိုနာအသင်းမှ ချီလီကွင်းလယ်ကစားသမား ဗီဒဲလ်အား ခေါ်ယူဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ဖာနန်ဒင်ဟို မေဂျာလိဂ်သို့ ပြောင်းရွှေ့မည်ဆိုသည်ကို ငြင်းပယ်

မန်စီးတီးအသင်းသည် ဘရာဇီးကွင်းလယ်ကစားသမား ဖာနန်ဒင်ဟို (၃၄နှစ်) အနေဖြင့် မေဂျာလိဂ်ကလပ်သို့ ပြောင်းရွှေ့ကစားမည်ဆိုသည်ကို ငြင်းပယ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ ဘရာဇီးကစားသမားသည် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီး ခုနစ်နှစ်အကြာတွင် ပရီမီယာလိဂ်ဖလား သုံးကြိမ်နှင့် လိဂ်ဖလား ငါးကြိမ်ရရှိအောင် စွမ်းဆောင်ပေးထားနိုင်ကြောင်း သိရသည်။ ၎င်းသည် မကြာသေးမီက မန်စီးတီးအသင်းနှင့် တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုထားတာကြောင့် မန်စီးတီးအသင်းအနေဖြင့် ၂၀၂၁ ခုနှစ် နွေရာသီအထိ ထိန်းထားနိုင်မည်လည်းဖြစ်သည်။

### အီဒူရတ်အား ခေါ်ယူရန် စိတ်ဝင်စား

အာဆင်နယ်နှင့် အဲဗာတန်အသင်းတို့သည် ဆဲလ်တစ်အသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား အီဒူရတ် (၂၂နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ဒီဆာဘီအား ခေါ်ယူရန်အတွက် ရိမ်းစ်ကို ဆက်သွယ်မှုပြုလုပ်

အာဆင်နယ်အသင်းသည် ပြင်သစ်ဗဟိုခံစစ်ကစားသမား ဒီဆာစီ (၂၂နှစ်) အား ခေါ်ယူရန်အတွက် ရိမ်းစ်အသင်းကို ဆက်သွယ်မှုပြုလုပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ကော်တင်ဟိုအား ရောင်းထုတ်သွားရန် ဆန္ဒရှိ

ဘာစီလိုနာအသင်းသည် လက်ရှိဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းတွင် အငှားကစားလျက်ရှိသော ဘရာဇီးတောင်ပံကစားသမား ဖီးလစ်ပီ ကော်တင်ဟို (၂၇နှစ်) အား ရောင်းထုတ်သွားရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# ရွှေကူမြို့နယ်တွင် ယာဉ်တစ်စီးချောက်ထဲကျ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**နေပြည်တော် မေ ၁၉**

ကချင်ပြည်နယ် ရွှေကူမြို့နယ် ရွှေကူ- ဗန်းမော်သွားကားလမ်း ဝေဆင်းလမ်းခွဲမှ ကချင်သေတော အတွင်းသို့ သွားသည့် မြေသားလမ်း၌ မေ ၁၈ ရက် မွန်းလွဲ ၂ နာရီခန့်က ယာဉ်တစ်စီး ချောက်ထဲကျပြီး တစ်ဦးသေဆုံးကာ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဆင်တပ်ကျေးရွာနေ ကျော်စွာ (၄၂နှစ်) မောင်းနှင်ပြီး မဘိမ်းမြို့နယ် ငို့စင်ကျေးရွာနေ သန်းထိုက် (ခ) ကျော်ဝင်းထိုက် (၄၉နှစ်)နှင့် မသဲစုခိုင် (၁၆နှစ်) တို့ လိုက်ပါလာသော ပီကင်းဂျစ်ယာဉ်သည် ဝေဆင်းလမ်းခွဲမှ သုံးမိုင်ခန့်အကွာ ကချင်သေတောအတွင်းသို့ သွားသည့် မြေသားလမ်း တောင်ကုန်းအတက်တွင် နောက်ပြန်ကျကာ လမ်း၏ယာဘက်ခြမ်း အနက်ပေ ၁၀၀ ခန့်ရှိ ချောက်ထဲသို့ ပြုတ်ကျခဲ့ရာ မသဲစုခိုင်မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားပြီး ကျော်စွာနှင့် သန်းထိုက်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကျော်စွာအား ရွှေကူမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဆောမြို့နယ်တွင် တရားမဝင်သစ်ခွဲသားများ သိမ်းဆည်းရမိ

**ဆော မေ ၁၉**

ဂန့်ဂေါခရိုင် ဆောမြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် သစ်တောလုံခြုံရေးတပ်ဖွဲ့ဝင်များသည် သစ်တောလုံခြုံရေးအတွက် ကင်းလှည့်လျက်ရှိရာ မေ ၁၈ ရက် နံနက် ၁၁ နာရီခန့်က ဆော(မြောက်)ဘိနယ်အတွင်း အညာကတင်းကျေးရွာ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ ဆောကြိုးပြင်တော (ဒေသအခေါ်) ပေါင်းချောင်းလေးချောက်အတွင်း ကျွန်းခွဲသား ရှစ်ချောင်း၊ ပျဉ်းကတိုးခွဲသား ငါးချောင်းနှင့် ထောက်ကြန့်ခွဲသား ခုနစ်ချောင်းကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဇော်မျိုးသန့်(ဆော)**

## ပုသိမ်ကြီးမြို့နယ်တွင် နေအိမ်အုတ်နံရံဖြိုချရာမှ အုတ်နံရံပိမိပြီး အမျိုးသား တစ်ဦးသေဆုံး

**နေပြည်တော် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမ္မတာကျေးရွာ၌ မေ ၁၈ ရက် မွန်းလွဲ ၂ နာရီခန့်က နေအိမ်အုတ်နံရံဖြိုချရာမှ အုတ်နံရံပိမိပြီး အမျိုးသား တစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေ ကိုအောင်ကျော်စိုး (ခ)ကျော်စိုး (၃၉နှစ်)သည် ၎င်းပိုင် သမ္မတာကျေးရွာရှိ ၁၀ ပေအမြင့် နေအိမ် တစ်ထပ်တိုက်ကို နှစ်ထပ်တိုက်ဆောက်လုပ်ရန်အတွက် အုတ်နံရံဖြိုချစဉ် ၎င်းပေါ်သို့ အလျား အနံ လေးပေခန့်ရှိ အုတ်နံရံပြိုကျပြီး ဒဏ်ရာများရရှိခဲ့သဖြင့် မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးသွားကြောင်းနှင့် ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ အုန်းချောနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပါကစ္စတန်တွင် လေကြောင်းလိုင်းပျံသန်းမှုများကို မေ ၃၀ ရက်အထိ ရပ်ဆိုင်းထားမည်

**အစ္စလာမ္မာဘတ် မေ ၁၉**

ပါကစ္စတန်အစိုးရသည် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း လေကြောင်း လိုင်းပြေးဆွဲမှုများ ရပ်နားထားခြင်းကို မေ ၃၀ အထိ တိုးချဲ့လိုက်ကြောင်း ပြည်သူ့လေကြောင်းအာဏာပိုင်အဖွဲ့ (CAA)က မေ ၁၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုများ ပုံမှန်တိုးပွားနေပြီး မေ ၁၈ ရက်အထိ ကူးစက်ခံရသူ ၇၆၃၈ ဦးရှိလာကာ သေဆုံးသူ ၁၄၃ ဦးရှိခဲ့သည်။ ပါကစ္စတန်အစိုးရ၏ ဆုံးဖြတ်ချက်ဖြင့် ပြည်တွင်းပြည်ပလေကြောင်းလိုင်းပြေးဆွဲမှုများ ဆိုင်းငံ့ခြင်းကို မေ ၃၀ ရက်အထိ တိုးချဲ့လိုက်သည်ဟု CAA က ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူများမှာ နိုင်ငံခြားခရီးသွား ရာဇဝင်ရှိသူများတွင် အများဆုံးတွေ့ရပြီး ယင်းအတွက်ကြောင့် ပြည်တွင်းပြည်ပလေကြောင်း ပြေးဆွဲမှုများကို ဆိုင်းငံ့ထားခြင်းလည်းဖြစ်သည်။

ယင်းသို့ရပ်နားထားသော်လည်း အထူးထောက်ခံချက်ရရှိထားသည့် လေယာဉ်ခရီးစဉ်၊ ကုန်တင်လေယာဉ်နှင့် သက်သာချောင်ချိရေးပစ္စည်းများ တင်ဆောင်လာသော လေယာဉ်များကိုမူ ခွင့်ပြုချက်အပေါ်မူတည်ပြီး ဆက်လက်ပြေးဆွဲ ခွင့်ပြုထားမည်ဖြစ်ကြောင်း CAA ကပြောသည်။

ယခုလစောပိုင်းတွင် CAA ၏ ထုတ်ပြန်ချက်အရ ပါကစ္စတန်သို့ဝင်ရောက်လာသည့် လေယာဉ်ပေါ်မှ ခရီးသည်များသည် ကျန်းမာရေးအာဏာပိုင်များ၏ လမ်းညွှန်မှုအတိုင်း ခံယူရမည်ဖြစ်ပြီး အပူချိန်တိုင်းတာမှု၊ သလိပ်နမူနာစစ်ဆေးခြင်းများ၊ ကန့်သတ်စောင့်ကြည့်ခြင်းနှင့် သီးခြားနေထိုင်ခြင်းအစရှိသည်တို့ကို လိုက်နာသွားရမည်ဟု ပါရှိသည်။

အစိုးရသည် ပါကစ္စတန်လေကြောင်းလိုင်းကို အထူးခွင့်ပြုချက်ဖြင့် ပြေးဆွဲခွင့်ပြုခဲ့ပြီး ပါကစ္စတန်တွင် သောင်တင်နေသည့် နိုင်ငံခြားသားများ ပြန်လည်ထွက်သွားနိုင်ရေးနှင့် ပြည်ပနိုင်ငံများတွင် သောင်တင်နေသည့် ပါကစ္စတန်နိုင်ငံသားများကို ပြန်လည်ခေါ်ယူနိုင်ရေး အချို့သော နိုင်ငံခြားလေကြောင်းလိုင်းများကို ပြေးဆွဲခွင့်ပြုခဲ့သည်။

ဆင်ဟွာ




ပါကစ္စတန်အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

# တောင်ကိုရီးယားတွင် ရောဂါကူးစက်ခံရမှု ပထမဆုံးအကြိမ် ၁၀ ဦးအောက် ကျဆင်း

**ဆိုးလ် မေ ၁၉**

တောင်ကိုရီးယား၌ မေ ၁၈ ရက်တွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ရှစ်ဦးထပ်မံတွေ့ရှိခဲ့သည်။ နှစ်လတာကာလအတွင်း တောင်ကိုရီးယား၌ နေ့စဉ်ကူးစက်ခံရမှုများ ပထမဆုံးအကြိမ်အဖြစ် ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီယားတွင် ယခုအချိန်အထိ ကူးစက်ခံရသူ ၁၀၆၆၅ ဦးရှိပြီး ၂၆၃ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။ ဖေဖော်ဝါရီလနှောင်းပိုင်းမှ စတင်ကာ နေ့စဉ် ကူးစက်ခံရမှုပေါင်း ၉၀၀ နီးပါး တွေ့ကြုံခဲ့ရသည်။ သို့သော် ကူးစက်ခံရမှုနှုန်းမှာ တဖြည်းဖြည်းကျဆင်းခဲ့ပြီး လွန်ခဲ့သည့်နှစ်ပတ်အတွင်းနှစ်ဆနီးပါး ကျဆင်းခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်က ကျင်းပခဲ့သည့် တောင်ကိုရီးယား အထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီက အနိုင်ရခဲ့ပြီး ပြည်သူအများစုသည် သမ္မတမွန်ဂျေအင်း အစိုးရအဖွဲ့၏ ကိုဗစ်-၁၉ နှိမ်နင်းရေးအပေါ် ထောက်ခံခဲ့ကြသည်။ သို့သော် ဖြေရှင်းစရာကိစ္စများ ကျန်ရှိနေသေးကြောင်း သမ္မတမွန်က မေ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

နောက်ဆုံး ကူးစက်ခံရသည့် လူနာ အပြည့်အဝပြန်လည် ကျန်းမာလာမည့်အချိန်အထိ ပြည်သူများအနေဖြင့် ကာကွယ်မှုများကို မလျှော့ချသင့်သေးကြောင်း သမ္မတမွန်က တိုက်တွန်းခဲ့သည်။

အင်န်အိတ်ချ်ကေ




ဆိုးလ်မြို့တွင် နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသူများကို မတ် ၂၃ ရက်က တွေ့ရစဉ်။

# ဂျပန်နိုင်ငံတွင်သောင်တင်နေသည့် ရုရှားနိုင်ငံသားများ နေရပ်ပြန်

**တိုကျို မေ ၁၉**

ကိုဗစ် – ၁၉ ပျံ့နှံ့မှုကြောင့် ဂျပန်နိုင်ငံတွင်သောင်တင်နေသည့် ရုရှားနိုင်ငံသား ၁၂၀ ကို ရုရှားအစိုးရ၏ စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ခေါ်ယူသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် တိုကျိုမြို့အနီးရှိ နာရီတာလေဆိပ်သို့ မေ ၁၉ ရက်တွင် ရောက်ရှိလာခဲ့ပြီး ရုရှားနိုင်ငံသား ၁၂၀ ကို တင်ဆောင်ကာ ရုရှားနိုင်ငံအရှေ့ဖျားမြို့ဖြစ်သည့် ဗလာဒီဗော့စတော့မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ ကိုဗစ် – ၁၉ ကူးစက်မှုမြင့်နေသည့် မတ်လနှောင်းပိုင်းမှစတင်ကာ အပြန်အလှန်ပြေးဆွဲနေသည့် လေကြောင်းလိုင်းများရပ်နားလိုက်ပြီး ရုရှားနိုင်ငံသား ၄၀၀ မှာ ဂျပန်နိုင်ငံတွင် သောင်တင်နေခဲ့သည်။

၎င်းတို့အားလုံးမှာ ဂျပန်နိုင်ငံသို့ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် သို့မဟုတ် လည်ပတ်ရန် လာခဲ့ကြခြင်းဖြစ်သည်။ တိုကျို ဟာနီဒါ လေဆိပ်ရှိ ခန်းမတွင် ရုရှားနိုင်ငံသား ၃၀မှာ ၁၁ ရက်ကြာ စခန်းချနေထိုင်ခဲ့ရသည့်အတွက် ငွေနည်းပါးလာပြီး ပိုက်ဆံပြတ်တော့မည်ဟု ပြောကြားခဲ့သည်။ ယခု ရုရှားနိုင်ငံမှစေလွှတ်လိုက်သည့် စင်းလုံးငှားလေယာဉ်တွင် အဆိုပါ လူ ၃၀ ကိုပါ ခေါ်ဆောင်နိုင်ခဲ့သည်။ ဟာနီဒါလေဆိပ်မှစင်းလုံးငှားကားဖြင့် နာရီတာလေဆိပ်သို့ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံသို့ရောက်ရှိနေသည့် ရုရှားနိုင်ငံသား ၃၀၀ ကျန်ရှိနေသေးပြီး ၎င်းတို့အားလုံး ပြည်တော်ပြန်နိုင်ရေး မျှော်လင့်နေသည်ဟု တိုကျိုမြို့ရှိ ရုရှားသံရုံးက ပြောသည်။ ရုရှားအစိုးရဘက်ကလည်း နောက်ထပ်စင်းလုံးငှားလေယာဉ်များစေလွှတ်ကာ ပြန်လည်ခေါ်ယူနိုင်ရေး စဉ်းစားနေသည်ဟု ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

# စပိန်နိုင်ငံတွင် ပိတ်ဆို့ကန့်သတ်မှုကို မေ ၉ ရက်အထိ တိုးမြှင့်ထား

**မက်ဒရစ် မေ ၁၉**

စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက်ဇ်သည် ကိုဗစ် -၁၉ ကူးစက်ခံရမှုများကြောင့် နိုင်ငံတစ်ဝန်း ပိတ်ဆို့ကန့်သတ်မှုများကို နောက်ထပ် နှစ်ပတ်တာ တိုးချဲ့လိုက်ပြီး မေ ၉ ရက်အထိ တိုးမြှင့်လိုက်ကြောင်း မေ ၁၈ ရက်က ကြေညာခဲ့သည်။

တစ်နိုင်ငံလုံးအနှံ့ ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူဦးရေ ၂၀၀၀၀ အထိရှိလာပြီးနောက် ယခုလိုပိတ်ဆို့ကန့်သတ်မှုအချိန်ကို တိုးမြှင့်လိုက်ခြင်းပင်ဖြစ်သည်။ တာဝန်ယူမှု၊ စည်းကမ်းရှိမှုတို့ဖြင့် အခက်အခဲဆုံးကာလကိုကျော်ဖြတ်ခဲ့ပြီး ဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ်က ပြောသည်။

ကလေးများအတွက် အပြင်ထွက်ခွင့်ပေးသည့်အချိန်ကို မေ ၂၇ ရက်မှစတင်ကာ ဖြေလျှော့ပေးမည်ဖြစ်ပြီး လက်ရှိ ပိတ်ဆို့ကန့်သတ်မှုများကို ဖြည်းဖြည်းချင်း ဖြေလျှော့ပေးသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယခုအချိန်အထိ ပိတ်ဆို့ကန့်သတ်မှုမှာ အရွယ်ရောက်ပြီးသူများကို အလုပ်လုပ်ရန်၊ အစားအသောက်နှင့် ဆေးဝယ်ယူရန်အတွက် ဈေးဝယ်သွားရန်သာ ခွင့်ပြုထားသည်။ သို့သော် ကလေးများကိုလည်း အပြင်ထွက်ခွင့်ပေးရန် တောင်းဆိုမှုများ ရှိလာခဲ့သည်။

စပိန်နိုင်ငံတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၂၀၀၄၃ ဦးရှိပြီး အမေရိကန်ပြည်ထောင်စုနှင့် အီတလီနိုင်ငံတို့ပြီးလျှင် တတိယမြောက် သေနှုန်းအမြင့်ဆုံး နိုင်ငံလည်းဖြစ်သည်။

သို့သော် မေ ၂ ရက်မှ စတင်ကာ နေ့စဉ်လူပေါင်း ၉၅၀ ကို သေဆုံးစေခဲ့သည့် ကိုဗစ် -၁၉ ကပ်ရောဂါ၏ အခက်အခဲဆုံးအချိန်များကို ကျော်လွှားနိုင်ခဲ့ပြီဟု ကျန်းမာရေးအရာရှိများက ပြောသည်။

စပိန်နိုင်ငံတွင် ကူးစက်ခံရမှုမှာ ကျဆင်းလာပြီး နေ့စဉ်သေဆုံးမှုမှာ ၅၆၅ ဦးရှိသည်။ ပြန်လည်နေကောင်းသွားသည့် အရေအတွက်မှာ ၇၅၀၀၀ အထိရှိလာပြီဖြစ်သည်။

အေအက်ဖ်ပီ



စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် သွားလာလှုပ်ရှားနေကြသူများကို မေ ၁၈ ရက်က တွေ့ရစဉ်။

## အမေရိကန်တပ်ဖွဲ့ လှုပ်ရှားမှုများကို ဇွန် ၃၀ ရက်အထိ ရပ်နားထားမည်

**ဝါရှင်တန် မေ ၁၉**

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနသည် အမေရိကန်တပ်ဖွဲ့ ၏ လှုပ်ရှားမှုများကို ဇွန် ၃၀ ရက်အထိ ရပ်ဆိုင်းထားမည်ဟု မေ ၁၈ ရက်တွင် ပင်တဂွန်စစ်ဌာနချုပ်မှ အရာရှိတစ်ဦးက ကြေညာခဲ့သည်။

မေ ၂၀ ရက်မှစတင်ကာ ယင်းအမိန့် စတင်အသက်ဝင်လာမည်ဟု ပင်တဂွန်မှ အရာရှိတစ်ဦးဖြစ်သူ မက်သယူး ဒိုနိုဗန်က ပြောသည်။ အမေရိကန် တပ်ဖွဲ့အတွင်း ကိုဗစ်–၁၉ ကူးစက်ခံရမှု ထိန်းချုပ်ရေးအတွက် ကာကွယ်ရေးဝန်ကြီး အက်စပါက လွန်ခဲ့သည့်လအတွင်းက နိုင်ငံရပ်ခြားရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုများကို ရက်ပေါင်း ၆၀ ကြာ ရပ်နားထားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဆင်ဟွာ

# လာအိုနိုင်ငံ၌ ခုနစ်ရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူမရှိ

**ဗီယန်ကျင်း ဧပြီ ၁၉**

လာအိုနိုင်ငံ၌ ခုနစ်ရက်ဆက်တိုက် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရသူ ထပ်မံပေါ်ထွက်လာခြင်းမရှိဘဲ အတည်ပြုလူနာ ၁၉ ဦးဖြင့် ရပ်တန့်နေကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရသည့်လူနာအရေအတွက် ၁၉ ဦးအထိ တွေ့ရှိအတည်ပြုထားသည်ဖြစ်ရာ ခုနစ်ရက်ဆက်တိုက်အထိ ထပ်မံကူးစက်ခံရသူ ပေါ်ထွက်ခြင်းမရှိသေးကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Phouthone Meaungpak က ဧပြီ ၁၉ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

လာအိုနိုင်ငံအတွင်း သံသယရှိလူနာပေါင်း ၁၃၃၃ ဦးတို့ကို ကိုဗစ်-၁၉ ကူးစက်ခံထားရမှုရှိမရှိ ဧပြီ ၁၉ ရက်အထိ စစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေး ခဲ့ရာတွင် ဗိုင်းရပ်စ်ပိုးရှိသည့်လူနာ ၁၉ ဦးအထိ တွေ့ရှိခဲ့ရပြီးနောက် ကန့်သတ်စောင့်ကြည့်မှုများ ပြုလုပ်ခဲ့သည်။ ကူးစက်ခံထားရသည့် အတည်ပြုလူနာ ၁၄ ဦးကို မြို့တော်ဗီယန်ကျင်းရှိ မစ်တာဟက်ဆေးရုံ၌ ကုသမှုပေးလျက်ရှိပြီး သုံးဦးကို လောင်ပရာဘတ် ပြည်နယ်ဆေးရုံ၌ ကုသမှုဆောင်ရွက်လျက်ရှိသည်။

ကူးစက်ခံရသူများအနက် နှစ်ဦးမှာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ကြောင်း သိရသည်။ လာအိုနိုင်ငံ၌ ပထမဆုံး ကိုဗစ်-၁၉ အတည်ပြုလူနာနှစ်ဦး တွေ့ရှိခဲ့မှုကို မတ် ၂၄ ရက်က ကြေညာခဲ့သည်။ **ဆင်ဟွာ**



လာအိုနိုင်ငံရှိ ဆေးရုံတစ်ရုံ၌ ကိုဗစ်-၁၉ တိုက်ဖျက်ရေးနှင့် ကုသရေး ဆောင်ရွက်မှုတွင် ပါဝင်ကူညီဆောင်ရွက်နေသည့် တရုတ်ဆေးဘက်ပညာရှင်အဖွဲ့ကို တွေ့ရစဉ်။



လေကြောင်းခရီးစဉ်ရပ်နားမှုများမပြုမီ ကမ္ဘောဒီးယားနိုင်ငံရှိ လေဆိပ်တစ်ခု၌ ပြည်ပခရီးသွားပြည်သူအချို့ကို တွေ့ရစဉ်။

## အစ္စရေး၌ ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များကို ဖြေလျှော့ပေး

**ဂျေရုဆလင် ဧပြီ ၁၉**

အစ္စရေးနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ရပ်တန့်စေရေးအတွက် လက်ရှိချမှတ်ထားသည့် နိုင်ငံအတွင်း အဝင်အထွက်ပိတ်ဆို့မှုကို ရုပ်သိမ်းကြောင်း မကြေညာသေးသော်လည်း ပြည်သူတို့၏ လှုပ်ရှားသွားလာမှုအပေါ် ကန့်သတ်ထားသည့် စည်းကမ်းလမ်းညွှန်ချက်များကို စတင်ဖြေလျှော့ပေးလျက်ရှိ ကြောင်း သိရသည်။

ဧပြီ ၁၉ ရက်နံနက်အစောပိုင်းတွင် လုပ်ဆောင်ခဲ့သည့် အစိုးရအဖွဲ့ မဲခွဲဆုံးဖြတ်မှုအရ မြို့၏ အဓိကဈေးလမ်းမကြီးပေါ်ရှိ ဈေးဆိုင်များနှင့် ပညာရေးဆိုင်ရာ အထူးလိုအပ်ချက်အရ ကလေးငယ်များပညာသင်ကြားနေသည့် ကျောင်းများကို ပြန်ဖွင့်ပေးရန်အပါအဝင် သေးငယ်သည့်ဆုတောင်းဝတ်ပြုတွေ့ဆုံမှုအချို့ကို ခွင့်ပြုပေးရန် အတည်ပြုလိုက်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုရုံးက ပြောကြားခဲ့သည်။

ဆောင်ရွက်ချက်အများစုမှာ ဧပြီ ၁၉ ရက်မှစတင် အသက်ဝင်ခဲ့ပြီး သတ်မှတ်ထားသည့် စာသင်ကျောင်းများသည် ဧပြီ ၂၁ ရက်တွင် ၎င်းတို့၏ စာသင်ဆောင်များကို ပြန်လည် ဖွင့်လှစ်မည်ဖြစ်ကြောင်း ပညာရေးဌာနက ဖော်ပြခဲ့သည်။

ထို့ပြင် ဆုတောင်းဝတ်ပြုသူ ၁၉ ဦးထက်မကျော်စေဘဲ စုဝေးမှုကို ခွင့်ပြုပေးမည်ဖြစ်ကာ အခြေအနေအရ ဆုတောင်းဝတ်ပြုသူများသည် လဟာပြင်၌ နှာခေါင်းစည်းများကို တပ်ဆင်ထားရမည်ဖြစ်ကာ တစ်ဦးနှင့် တစ်ဦး နှစ်မီတာအကွာတွင် နေထိုင်ကာ ဆုတောင်းဝတ်ပြုမှုကို ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။ ဧပြီ ၁၈ ရက်က ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်း၌ ဝန်ကြီးချုပ် နေတန်ယာဟုက အလုပ်သမားများနှင့် ဝန်ထမ်းအချို့ကို ရုံးဌာနများနှင့် စက်ရုံများသို့ ပြန်တက်ရောက်စေမည့် အစီအစဉ်တစ်ရပ်ကို ချပြခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

## ကမ္ဘောဒီးယားနိုင်ငံက နိုင်ငံခြားနိုင်ငံတို့မှ ခရီးသွားများအား ပြည်ဝင်ခွင့်ဆက်လက်ပိတ်ပင်

**ဖနောင်ပင် ဧပြီ ၁၉**

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရန် နိုင်ငံပေါင်း ခြောက်နိုင်ငံတို့မှ ခရီးသွားများအား နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့် ပိတ်ပင်ထားမှုကို အချိန်ထပ်တိုးထားကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမြင့်တက်လာသည့် အခြေအနေကြောင့် စပိန်၊ အီတလီ၊ ပြင်သစ်၊ ဂျာမနီ၊ အမေရိကန်နှင့် အီရန်နိုင်ငံများမှ ခရီးသွားများ ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်ခွင့်ကို ပိတ်ပင်သည့် အမိန့်ကို ပြီးခဲ့သည့် မတ် ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဧပြီ ၁၆ ရက်နေ့စွဲဖြင့် ဖော်ပြခဲ့သည့် ပြည်ပရေးရာနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ပြည်ပ၌ မစ်ရှင်ဆောင်ရွက်နေကြသည့် ကမ္ဘောဒီးယား ပြည်သူအားလုံးသည်လည်း အဆိုပါအမိန့် ထုတ်ပြန်ချက်နှင့် လိုအပ်လာလျှင် အမိန့်ထုတ်ထားသည့် အချိန်ထပ်တိုးမှုကို နောက်ထပ် ညွှန်ကြားချက်မရမချင်း မဖြစ်မနေ လိုက်နာရမည်ဖြစ်ကြောင်း ခမာတိုင်းမ် သတင်းစာက ဖော်ပြခဲ့သည်။

ထို့ပြင် ကမ္ဘောဒီးယားပြည်သူများသည် ဥရောပ၊ အမေရိကန်နှင့် အီရန်နိုင်ငံများသို့ ခရီးထွက်ခွာခြင်း မပြုရန်၊ နိုင်ငံသားအဖြစ်ခံယူထားသူများအားလုံးနှင့် နိုင်ငံသား အပြည့်အဝမဟုတ်သေးသည့် အရာရှိများအနေဖြင့် ဥရောပ၊ အမေရိကန်နှင့် အီရန်နိုင်ငံများတွင် ပြုလုပ်သည့် အစည်းအဝေးများသို့ တက်ရောက်ခြင်း မပြုရန် ထုတ်ပြန်ချက်၌ ညွှန်ကြားထားကြောင်း သိရသည်။ **ဗန်ကောက်ပို့စ်**



အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

## အင်ဒိုနီးရှား၌ ရွှေတွင်းပြိုကျမှုကြောင့် ကိုးဦးသေဆုံး

**ဂျကာတာ ဧပြီ ၁၉**

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြား၌ တရားမဝင်လုပ်ကိုင်နေသည့် ရွှေတွင်းတစ်တွင်းပြိုကျမှု ဖြစ်ပွားခဲ့ရာ လူကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားအာဏာပိုင်များက ဧပြီ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ရွှေတွင်းပြိုကျမှုသည် ဧပြီ ၁၈ ရက်က အနောက်ဆူမားတြား ပြည်နယ်ရှိ ဆိုလော့တောင်ပိုင်း၌ လူ ၁၂ ဦးပါသည့်အဖွဲ့တစ်ဖွဲ့က စွန့်ပစ်မိုင်းတွင်းဟောင်းတစ်ခု၌ ရွှေတူးနေစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဧရိယာ၌ ကိုလိုနီခေတ်က စွန့်ပစ်ခဲ့သည့် မိုင်းတွင်းအများအပြား ရှိသည်။

အမျိုးသားရှစ်ဦးနှင့် အမျိုးသမီး ကိုးဦးတို့ တွင်းတူးဖော်နေစဉ် မြေပြိုကျကာ နစ်မြုပ်သွားခဲ့ပြီး ဧပြီ ၁၉ ရက်နံနက်ပိုင်းတွင် ၎င်းတို့၏ အလောင်းများကို ဆွဲထုတ်ခဲ့ကြောင်း ဒေသပြောရေးဆိုခွင့်ရှိသူ ဖာဒေ့ါစ် မာမန်က ပြောကြားခဲ့သည်။ ရွှေတွင်းတူးလုပ်သားများ ကုန်းပေါ်ပြန်မတက်လာကြသည့်အတွက် ပြင်ပ၌ စောင့်ဆိုင်းနေကြသူ သုံးဦးက ဒေသအာဏာပိုင်များဆီသို့ သတင်းပို့ခဲ့သည်။

သေဆုံးသွားသူများသည် ကောင်းစွာပြင်ဆင်ထားသည့် တူးဖော်ရေးပစ္စည်းများနှင့် အကာအကွယ်ပစ္စည်းများမပါဘဲ ရွှေတွင်းတူးရန် ကြိုးပမ်းခဲ့ကြသည့် လယ်သမားများဖြစ်ကြောင်း သိရသည်။

အဆိုပါတည်နေရာနှင့် စိုစွတ်သည့် ရာသီဥတုအခြေအနေကလည်း တွင်းပိမိသူများကို ကယ်ဆယ်ရေးကြိုးပမ်းရာတွင် အခက်အခဲဖြစ်စေခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ကိုဗစ် – ၁၉ ကြောင့် စက်ရုပ်တွေ ပိုမိုတွင်ကျယ်လာနိုင်မလား

**ကလျာမိုးမြင့်**

**ကိုဗစ်-၁၉ ကပ်ရောဂါ ကမ္ဘာတစ်ဝန်းလုံးကို ခြောက်လှန့်နေချိန် နိုင်ငံအများအပြားမှာ အစိုးရတွေက ကပ်ရောဂါထိန်းချုပ်နိုင်ရေးနဲ့ ပြည်သူတွေရောဂါကူးစက်ခံရမှုနည်းနိုင်သမျှနည်းအောင် လျှော့ချနိုင်စေရေးအတွက် အဝင်အထွက်ပိတ်ဆို့မှု၊ အသွားအလာကန့်သတ်မှုတွေနဲ့အတူ တင်းကျပ်တဲ့ စည်းကမ်းလမ်းညွှန်ချက်တွေကို ထုတ်ပြန်ချမှတ်လိုက်တဲ့အခါ လုပ်ငန်းခွင်တချို့မှာ လိုအပ်တဲ့လူ့စွမ်းအားအရင်းအမြစ်တွေနေရာမှာ စက်ရုပ်တွေကို အစားထိုးဖို့ ဖြစ်လာခဲ့ပါတယ်။**



လုပ်ငန်းခွင်တစ်ခု၌ စက်ရုပ်များကို အသုံးပြုနေစဉ်။

## အရှိန်မြန်လာစေ

လူသားအလုပ်သမားတွေလုပ်ကိုင်ရမယ့် လုပ်ငန်းခွင်တွေမှာ စက်ရုပ်တွေကို အစားထိုးသုံးစွဲတော့မယ့် အစီအစဉ်ဟာ ပိုကောင်းဖို့ဖြစ်လာနိုင်သလို ပိုဆိုးဖို့လည်းဖြစ်ရင်ဖြစ်လာနိုင်တယ်လို့ ကျွမ်းကျင်သူတွေက ဆိုကြပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါပျံ့နှံ့မှုက လူသားတွေနေရာမှာ စက်ရုပ်တွေအစားထိုးဖို့ ပြင်ဆင်နေတဲ့ ဖြစ်စဉ်တွေကို ပိုပြီးအရှိန်မြန်လာစေခဲ့တယ်လို့ ၎င်းတို့က ထောက်ပြခဲ့ကြပါတယ်။

အပြန်အလှန် တုံ့ပြန်ဆက်သွယ်မှုတွေ လုပ်နိုင်မယ့် လူသားတစ်ဦးကိုသာ အလိုရှိတယ်လို့ လူတွေက ရံဖန်ရံခါဆိုသလို ပြောလေ့ရှိကြပေမယ့် လက်ရှိမှာ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုက အဲဒီအတွေးအမြင်တွေကို ပြောင်းလဲသွားစေတယ်လို့ လာမယ့် ဆယ်စုနှစ်အနည်းငယ်အတွင်း စီးပွားရေးကဏ္ဍမှာ စက်ရုပ်တွေကို ဘယ်လို ရွေးထုတ်အသုံးပြုမယ်ဆိုတာတွေနဲ့ပတ်သက်ပြီး စက်မှုစွမ်းအားဆိုင်ရာ အသားပေးရေးသားသူတစ်ဦးဖြစ်တဲ့ မာတင်ဖို့ဒ်က ပြောကြားခဲ့တာ ဖြစ်ပါတယ်။

## လမ်းဖွင့်ပေးခဲ့

ကိုဗစ်-၁၉ ဟာ စားသုံးသူတွေရဲ့ အကြိုက်ကို အပြောင်းအလဲဖြစ်သွားစေတော့မှာဖြစ်ပြီး လူ့နေရာမှာ အလိုအလျောက်စက်ကိရိယာတွေကို အသုံးပြုတော့မယ့် အခွင့်အလမ်းသစ်တွေကို အမှန်တကယ်လမ်းဖွင့်ပေးလိုက်တယ်လို့ မစ္စတာ ဖို့ဒ်က ဆိုပါတယ်။ ကုမ္ပဏီကြီးတွေနဲ့ အသေးစားစီးပွားရေးလုပ်ငန်းတွေဟာ လူအများနဲ့ ရောနှောဆက်ဆံခြင်းမှ ရှောင်ရှားခြင်းကို ပိုမိုဆောင်ရွက်နိုင်ဖို့ရာအတွက် စက်ရုပ်တွေကိုဘယ်လို သုံးမလဲဆိုတာနဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ကြိုးပမ်းလာနေသလို ၎င်းတို့ဆီမှာရှိတဲ့ လုပ်ငန်းခွင်လာရောက်ကြမယ့် ဝန်ထမ်းလုပ်သားအရေအတွက် လျှော့ချရေးကိုလည်း အလေးပေးလာကြတယ်လို့ သိရပါတယ်။

## ဘယ်လိုအသုံးပြုနေကြသလဲ

လူသားအလုပ်သမားတွေ နေအိမ်မှာ မလုပ်နိုင်တဲ့ ကိစ္စတွေကိုပါ ဆောင်ရွက်ဖို့ စက်ရုပ်တွေကို အသုံးပြုခဲ့ဖူးပါတယ်။ အမေရိကရဲ့ အကြီးဆုံးလက်လီဖြန့်ချိသူဖြစ်တဲ့ ဝေါလ်မတ်ဟာ မြေညီထပ်မှာ လုပ်ငန်းဆောင်ရွက်ဖို့ စက်ရုပ်တွေကို အသုံးပြုနေပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာ စက်ရုပ်တွေကို အပူချိန်တိုင်းတာစစ်ဆေးဖို့နဲ့ လက်သန့်ဆေးရည်တွေ ဖြန့်ဖြူးဖို့ သုံးပါတယ်။

ကျန်းမာရေးပညာရှင်တွေက လူအများနဲ့ရောနှောဆက်ဆံခြင်းကနေ ရှောင်ရှားရမယ့် ဆောင်ရွက်ချက်တချို့ဟာ ၂၀၂၁ ခုနှစ်အထိ တောက်လျှောက် လိုအပ်ကောင်းလိုအပ်နိုင်သေးတယ်လို့ ဆိုထားတဲ့အတွက် စက်ရုပ်လုပ်သားတွေဟာလည်း ပိုပြီး ဝယ်လိုအားကောင်းလာဦးမယ့်သဘော ရှိနိုင်ပါတယ်။ သန့်စင်အောင်သုံးတဲ့ထုတ်ကုန်တွေနဲ့ လက်သန့်ဆေးလို ထုတ်ကုန်ပစ္စည်းတွေ ထုတ်လုပ်တဲ့ကုမ္ပဏီတွေဟာ လက်ရှိမှာ ဝယ်လိုအား အတော်လေးမြင့်တက်နေတဲ့အခြေအနေကို တွေ့နေရပါတယ်။

## ဆေးရုံတွေဆီပို့

ဒိန်းမတ်မှာ ခရမ်းလွန်ရောင်ခြည်အလင်းနဲ့ ပိုးသတ်တဲ့ စက်ရုပ်တွေ ထုတ်လုပ်တဲ့ UVD Robots စက်ရုံက ၎င်းရဲ့ စက်ရုပ်တွေကို တရုတ်နိုင်ငံနဲ့ ဥရောပမှာရှိတဲ့ ဆေးရုံတွေဆီကို သင်္ဘောနဲ့ ပို့ဆောင်ရောင်းချလျက်ရှိပါတယ်။ ကုန်စုံဆိုင်တွေ၊ အစားအသောက်ဝယ်ယူပြီး အပြင်ကို ပါဆယ်ထုပ်သွားရတဲ့ စားသောက်ဆိုင်မှာလည်း ဒီလိုစက်ရုပ်မျိုးတွေကို ပိုမိုအသုံးချလာကြပါတယ်။

စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ဖွင့်လှစ်မှုပိုများလာတာနဲ့အမျှ ဒီနည်းပညာကို နောက်ထပ်အသုံးပြုတဲ့သူတွေ ပိုများလာတာကို မြင်ရလိမ့်မယ်လို့ ကျွန်ုပ်တို့ခန့်မှန်းနိုင်တယ်။ စာသင်ကျောင်းတွေမှာ၊ ဒါမှမဟုတ် ရုံးတွေမှာ စက်ရုပ်တွေက သန့်ရှင်းရေးလုပ်နေတာကို သင်မြင်တွေ့ရဖွယ်ရှိနေတယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ကြပါတယ်။

## ဘေးကင်းမှုကို ဦးစားပေး

ကပ်ရောဂါရဲ့ လွှမ်းမိုးမှုကို ခံထားရတာဖြစ်တဲ့ အလျောက် ဝယ်သူတွေဟာ အခုအချိန်မှာ သူတို့ရဲ့ ဘေးကင်းလုံခြုံမှုနဲ့ ကျန်းမာရေးလုပ်သားတွေရဲ့ ဘေးကင်းလုံခြုံမှုကို အထူးဦးစားပေး အလေးထားနေတဲ့အချိန်ပဲလို့ Customer of The Future စာအုပ်ရေးသားသူ ဘလိတ်ခ်မော်ဂန်က ပြောပါတယ်။ လူသားအစား အလိုအလျောက်စက်ကိရိယာကို အသုံးပြုတဲ့ဘက်ဆီ ရွေ့ရှုတာဟာ အားလုံးကို ပိုမိုကျန်းမာစေပြီး ဝယ်သူတွေက ဒီလိုလုပ်ဆောင်တဲ့ ကုမ္ပဏီတွေကို ကောင်းချီး ဩဘာပေးလာနိုင်ဖွယ်ရှိပါတယ်။

သို့သော်လည်းပဲ ကန့်သတ်ချက်ကလေးတွေကတော့ ရှိနေပါတယ်။ ဒီနေရာမှာ စာရေးသူမော်ဂန်က ကုန်စုံဆိုင်တွေမှာ အလိုအလျောက်စက်ကိရိယာသုံးတဲ့ ငွေရှင်းကောင်တာစစ်ဆေးမှုဟာ လူသားတွေအကြား အပြန်အလှန်ထိတွေ့ဆက်ဆံရမှုကို လျှော့ချပေးနိုင်တာမှန်ပေမယ့် စနစ်တွေ ကောင်းကောင်းအလုပ်မလုပ်ရင် ဒါမှမဟုတ် အလွယ်တကူ စက်ချွတ်ယွင်းမှုတွေဖြစ်ရင်တော့ ဝယ်သူတွေက စက်တွေကိုရှောင်ပြီး အဲဒီအစားလူတွေကိုယ်တိုင်ဆောင်ရွက်တဲ့ ငွေရှင်းကောင်တာဆီပဲ သွားလိမ့်မယ်လို့ ၎င်းက ထောက်ပြထားပါတယ်။

## ချက်ပြုတ်မှုအတွက်စမ်းသပ်

အစားအသောက် ဝန်ဆောင်မှုပေးတဲ့ နေရာဟာ စက်ရုပ်တွေကိုအသုံးချမှု ပိုမြင့်တက်လာနိုင်ခြေရှိတဲ့ နောက်တစ်နေရာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီနေရာတွေမှာ ကျန်းမာရေးဆိုင်ရာ စိုးရိမ်စရာတွေ ရှိနေလို့ပါပဲ။ အသင့်စား စားသောက်ကုန်တွေပြုလုပ်တဲ့နေရာမှာ စက်ရုပ်တွေကို ချက်ပြုတ်မှုနဲ့ ဝန်ဆောင်မှုတွေ လုပ်ဆောင်နိုင်ဖို့ စမ်းသပ်နေတယ်လို့ သိရပါတယ်။

အမေဇုန်နဲ့ ဝေါလ်မတ်ကုမ္ပဏီတွေ လည်ပတ်ဆောင်ရွက်နေတဲ့ ကုန်လှောင်ရုံတွေမှာ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ဖို့ စက်ရုပ်တွေကို အသုံးပြုလျက်ရှိပါတယ်။ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားမှုအခြေအနေမှာ ဒီကုမ္ပဏီနှစ်ခုလုံးက ထုတ်ကုန်တွေကို အမျိုးအစားခွဲခြားတာ၊ သင်္ဘောနဲ့ပို့ဆောင်တာတွေနဲ့ ထုပ်ပိုးမှုတွေမှာ စက်ရုပ်တွေကို ပိုပြီး အသုံးချဖို့ စဉ်းစားတွက်ချက်နေတာဖြစ်ပါတယ်။

## အလုပ်လက်မဲ့ဖြစ်နိုင်

စက်ရုပ်တွေကို အသုံးချမယ်ဆိုရင် လက်ရှိအခြေအနေမှာ လုပ်ဖော်ကိုင်ဖက်တွေအကြား တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေဖို့မဖြစ်နိုင်ဘူးလို့ စောဒကတက်နေကြတဲ့ ကုန်တင်ကုန်ချအလုပ်သမားတွေရဲ့ အသံတွေလည်း တိတ်သွားနိုင်ပါတယ်။ သို့သော်လည်းပဲ ဒီလိုလုပ်ရင် ကာယလုပ်သားတချို့ကတော့ အလုပ်လက်မဲ့ ဖြစ်ကြရဦးမှာပါပဲ။

ကုမ္ပဏီတစ်ခုမှာ လူသားအလုပ်သမားနေရာမှာ စက်ရုပ်တစ်ရုပ်နဲ့အစားထိုးဖို့ ရင်းနှီးမြှုပ်နှံလိုက်တဲ့အခါ အဲဒီကုမ္ပဏီက အဲဒီနေရာအတွက် ဘယ်တော့မှ အလုပ်သမားပြန်ခန့်မယ့်ပုံ မရှိနိုင်တော့ပါဘူး။ တကယ်တော့ စက်ရုပ်တစ်ရုပ်ကိုဖန်တီးဖို့နဲ့ လုပ်ငန်းခွင်ထဲမှာ ထည့်သွင်းအသုံးချဖို့ဆိုတာဟာ ပိုပြီးတော့တောင် ငွေကုန်ကြေးကျများတယ်ဆိုတာ မှန်ပေမယ့် တကယ်တမ်းလက်တွေ့အသုံးချပြီဆိုတဲ့အခါမှာတော့ စက်ရုပ်တွေဟာ လူသားအလုပ်သမားတွေထက် ပိုပြီးကုန်ကျစရိတ်သက်သာစေတာအမှန်ပါပဲ။

နောက်တစ်ခုက လူတွေဟာ လူသားအလုပ်သမားတွေနည်းပြီး စက်ကိရိယာတွေများများရှိတဲ့ နေရာတစ်ခုကို ပိုပြီးသွားချင်ကြလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအနေအထားက သူတို့အတွက် ပိုပြီးအန္တရာယ်ကင်းတယ်လို့ ခံစားရတဲ့အတွက်ကြောင့်ဖြစ်တယ်လို့ စာရေးသူ မာတင်ဖို့ဒ်က သုံးသပ်ဖော်ပြခဲ့ပါတယ်။ ။

**ကိုးကား-ဘီဘီစီ၊ ဒက်ထရွိုက်နယူးစ်**

> “လူသားအလုပ်သမားတွေလုပ်ကိုင်ရမယ့် လုပ်ငန်းခွင်တွေမှာ စက်ရုပ်တွေကို အစားထိုးသုံးစွဲတော့မယ့် အစီအစဉ်ဟာ ပိုကောင်းဖို့ဖြစ်လာနိုင်သလို ပိုဆိုးဖို့လည်းဖြစ်ရင်ဖြစ်လာနိုင်တယ်လို့ ကျွမ်းကျင်သူတွေက ဆိုကြပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါပျံ့နှံ့မှုက လူသားတွေနေရာမှာ စက်ရုပ်တွေအစားထိုးဖို့ ပြင်ဆင်နေတဲ့ ဖြစ်စဉ်တွေကို ပိုပြီးအရှိန်မြန်လာစေခဲ့”

**နိုင်ငံတကာသတင်းတိုထွာ**

## အမေရိကန်၏ ပိတ်ဆို့မှုကြောင့် ဗိုင်းရပ်စ်တိုက်ဖျက်ရန် အီရန် အခက်အခဲ ဖြစ်နေ

**တီဟီရန် မေ ၁၉**

အီရန်နိုင်ငံအတွင်း၌ ကိုဗစ် – ၁၉ တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် အမေရိကန်၏ ပိတ်ဆို့မှုများကြောင့် အဟန့်အတားဖြစ်နေကြောင်း အီရန်ရှိ နိုင်ငံတကာအကူအညီပေးအဖွဲ့ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

အီရန်ကြက်ခြေနီအဖွဲ့မှာ နိုင်ငံတကာလုပ်ငန်းဆောင်ရွက်မှုနှင့် စီမံဆောင်ရွက်မှုဒါရိုက်တာ မန်ဆူရက်ဘက်ဂရီက အီရန်ရှိ ဆေးရုံများအား စီမံခန့်ခွဲမှုအပါအဝင် အဖွဲ့၏ စီမံကိန်းအများအပြားမှာ ကမ္ဘာတစ်ဝန်းမှ လှူဒါန်းကြသူများ၏ ရန်ပုံငွေဖြင့် လည်ပတ်ဆောင်ရွက်နေရကြောင်း ယမန်နေ့က အင်န်အိတ်ချ်ကေသို့ ဖြေကြားခဲ့သည်။ ကြက်ခြေနီအဖွဲ့ကြီးသည် ပြည်ပမှငွေကြေးအကူအညီပေးအပ်မှုများကို လက်ခံနေသော်လည်း အီရန်အပေါ် ချမှတ်ထားသည့် အမေရိကန်၏ အရေးယူပိတ်ဆို့မှုများကြောင့် လက်ခံ၍ မရနိုင်ဖြစ်နေကြောင်းနှင့် အဖွဲ့အနေဖြင့် နိုင်ငံရပ်ခြားမှ ဘဏ်အကောင့်များတွင်ရှိသည့် ငွေကြေးကိုလည်း အသုံးပြု၍မရကြောင်း ဘက်ဂရီက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံ့စီးပွားရေးပြန်လည်ကောင်းမွန်လာရန် ထရမ့်မျှော်မှန်း

**ဝါရှင်တန် မေ ၁၉**

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် အစိုးရကချမှတ်ထားသည့် စည်းကမ်းလမ်းညွှန်ချက်များကို ပြန်လည်ဖြေလျှော့ပေးလိုက်ကြောင်း သမ္မတထရမ့်က ကြေညာလိုက်ပြီးနောက် နိုင်ငံအတွင်းရှိ ပြည်နယ်အချို့တို့၌ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိရာ နိုင်ငံ့စီးပွားရေးအခြေအနေ စောစောပြန်ကောင်းလာလိမ့်မည်ဟု မျှော်လင့်မိကြောင်း ထရမ့်က ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုသည် အရှိန်အမြင့်ဆုံး အနေအထားတစ်ခုကို ရောက်ရှိခဲ့ပြီးပြီဟု ဖော်ပြနေသည့် လက္ခဏာအများအပြားကို တွေ့ခဲ့ရကြောင်း မေ ၁၈ ရက်က သတင်းထောက်များနှင့် တွေ့ဆုံခဲ့မှုအတွင်း သမ္မတထရမ့်က ပြောကြားခဲ့သည်။ မေ ၂၀ ရက်တွင် တက္ကဆက်နှင့် ဗားမောင့်တို့၌ စီးပွားရေးလုပ်ငန်းအချို့ကို ပြန်လည်ဖွင့်လှစ်စေမည်ဖြစ်ပြီး လူအများနှင့်ရောနှောဆက်ဆံခြင်း မပြုရန် ထုတ်ပြန်ထားသည့် စည်းကမ်းအချို့မှာလည်း ဆက်လက်အသက်ဝင်နေဦးမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၄-၂၀၂၀) ရက်နေ့၊ နံနက် (၇:၀၀)နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၁၈-၄-၂၀၂၀) ရက်နေ့၊ (တတိယအသုတ်) စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၈၇) ခုအနက် (၉) ဦးတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ)ပြီး ကျန် (၇၈) ဦးတွင် COVID-19 ရောဂါပိုးမတွေ့ရှိ (မတွေ့ရှိ) ပါ။

၂။ အဆိုပါ လူနာသစ်(၉)ဦးကို သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိ ကုသမှုပေးသွားမည် ဖြစ်ပါသည်။

၃။ (၁၈-၄-၂၀၂၀) ရက်နေ့၊ COVID-19 ရောဂါအတွက် (ပထမအသုတ် + ဒုတိယအသုတ် + တတိယအသုတ်) ဓာတ်ခွဲစစ်ဆေးမှုတွင် တွေ့ရှိခဲ့သော လူနာသစ် (၁၃) ဦးရှိပါသည်။ ကျန် (၂၅၉) ဦးတွင် ရောဂါပိုးမတွေ့ရှိပါ။

၄။ ယနေ့ နံနက် (၇:၀၀)နာရီအထိ COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၀၇) ဦး ရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ဇယား -၁

(၁၈-၄-၂၀၂၀ ရက်နေ့ ပထမအသုတ် + ဒုတိယအသုတ် + တတိယအသုတ်) ဓာတ်ခွဲစစ်ဆေးမှုတွင် COVID-19 လူနာတွေ့ရှိမှု

(၁၉-၄-၂၀၂၀) ရက်နေ့၊ နံနက် (၇:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ယခု ဆေးကုသမှု ခံယူလျက် ရှိသည့်/ ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 95 | ၁ နှစ် ၆ လ | ကျား | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ် ထားရှိသူ |
| 96 | ၄၃ နှစ် | ကျား | တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ရှိ | မရှိပါ။ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | တွေ့ရှိ | |
| 97 | ၄၃ နှစ် | မ | သဃ်န်းကျွန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံရှိ (၄) ထပ်လူနာဆောင်သစ် | တွေ့ရှိ | |
| 98 | ၂၀ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | | တွေ့ရှိ | |
| 99 | ၃၈ နှစ် | ကျား | ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | | တွေ့ရှိ | |
| 100 | ၄၄ နှစ် | ကျား | ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | | တွေ့ရှိ | |
| 101 | ၆၀ နှစ် | ကျား | ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | | တွေ့ရှိ | |
| 102 | ၄၂ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | | တွေ့ရှိ | |
| 103 | ၃၁ နှစ် | ကျား | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံရှိ (၄) ထပ်လူနာဆောင်သစ် | တွေ့ရှိ | အသွားအလာ ကန့်သတ် ထားရှိသူ |
| 104 | ၃၅ နှစ် | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | | တွေ့ရှိ | |
| 105 | ၄၄ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | | တွေ့ရှိ | |
| 106 | ၂၆ နှစ် | ကျား | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | | တွေ့ရှိ | |
| 107 | ၅၄ နှစ် | မ | ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိပါ။ | | တွေ့ရှိ | |

- ကျန် (၂၅၉) ဦးတွင် ရောဂါပိုးမတွေ့ရှိပါ။

ဇယား - ၂

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၁၉-၄-၂၀၂၀) ရက်နေ့၊ နံနက် (၇:၀၀) နာရီ**

| | |
|---|---|
| (၁၈-၄-၂၀၂၀) ရက်နေ့ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှုစုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၉၁) ခု |
| (၁၈-၄-၂၀၂၀) ရက်နေ့ (ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးမှုစုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၉၄) ခု |
| (၁၈-၄-၂၀၂၀) ရက်နေ့ (တတိယအသုတ်) ဓာတ်ခွဲစစ်ဆေးမှုစုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၈၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (**ဓာတ်ခွဲအတည်ပြုလူနာသစ်**) (positive) (ပ+ဒု+တ အသုတ်) | (၁၃) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) (ပ+ဒု+တ အသုတ်) | (၂၅၉)ဦး |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သည် (၁၈-၄-၂၀၂၀) ရက်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပေးပို့လာသော COVID-19 ရောဂါ စောင့်ကြည့်လူနာနှင့် အသွားအလာကန့်သတ်ခြင်း/ တားမြစ်ခြင်း ဆောင်ရွက်ထားရှိသူ စုစုပေါင်း (၂၆၈)ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ပါသည်။

၂။ အဆိုပါ ဓာတ်ခွဲနမူနာများတွင် ပထမအသုတ်စစ်ဆေးခဲ့သော (၉၁) ဦး အနက် (၂) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုးတွေ့ရှိကြောင်းနှင့် (၈၉) ဦး၏ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုးမတွေ့ရှိရကြောင်းကို (၁၈-၄-၂၀၂၀) ရက်နေ့၊ ည (၈) နာရီသတင်းတွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၁၈-၄-၂၀၂၀) ရက်နေ့၊ ည (၁၀:၃၀) နာရီအချိန် ထုတ်ပြန်ချက်အရ ကျန်ရှိသည့် (၁၇၇) ဦး၏ ဓာတ်ခွဲနမူနာများအနက် (၁၁) ဦးတွင် COVID-19 ရောဂါပိုးတွေ့ရှိ၍ (၁၆၆)ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုးမတွေ့ရှိပါ။

၄။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၁၀၇) ဦး ရှိပြီဖြစ်ပါသည်။

၅။ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ(၃)ဦးအား အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုပေးလျက်ရှိပြီး ကျန်လူနာများ၏ အခြေအနေများမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

၆။ ဓာတ်ခွဲအတည်ပြုလူနာများ၏ သတင်းအပြည့်အစုံကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထပ်မံထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သည် (၁၈-၄-၂၀၂၀) ရက်နေ့၊ ညပိုင်းအထိ စောင့်ကြည့်လူနာနှင့် အသွားအလာကန့်သတ်ထားသူ စုစုပေါင်း (၄,၁၄၇) ဦး၏ ဓာတ်ခွဲနမူနာများကို စစ်ဆေးခဲ့ရာ (၁၀၇) ဦးတွင် COVID-19 ရောဂါ ကူးစက်ခံရကြောင်း အတည်ပြုနိုင်ခဲ့ပြီး (၄,၀၄၀) ဦးတွင် ရောဂါပိုးမရှိကြောင်း တွေ့ရှိခဲ့ရပါသည်။

၂။ COVID-19 ရောဂါပိုးတွေ့ရှိခဲ့ပြီး ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသော Case-011 သည် ရောဂါသက်သာကောင်းမွန်လျက်ရှိပြီး ၎င်းထံမှ တတိယအကြိမ်ဓာတ်ခွဲနမူနာနှင့် စတုတ္ထအကြိမ် ဓာတ်ခွဲနမူနာတို့အားလည်းကောင်း၊ Case-015 သည် ရောဂါသက်သာကောင်းမွန်လျက်ရှိပြီး ၎င်းထံမှ ဒုတိယအကြိမ်ဓာတ်ခွဲနမူနာနှင့် တတိယအကြိမ် ဓာတ်ခွဲနမူနာအား လည်းကောင်းရယူ၍ ထပ်မံစစ်ဆေးခဲ့ရာ (၂)ကြိမ်လုံးတွင် COVID -19 ရောဂါပိုး မတွေ့ရှိတော့ပါ။

၃။ ထို့ကြောင့် ယခုအခါ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် COVID-19 ရောဂါပိုး မတွေ့ရှိသည့်လူနာ စုစုပေါင်း (၇) ဦးရှိပြီးဖြစ်ပါသည်။ ၎င်းတို့မှာ Case-003၊ Case-004၊ Case-007၊ Case-009၊ Case - 012၊ Case-11၊ Case-15 တို့ ဖြစ်ပါသည်။ ၎င်းတို့ (၇) ဦးအနက် Case-004 နှင့် Case-007 တို့သည် ဆေးရုံမှဆင်းခွင့်ရရှိပြီး ၎င်းတို့ကို ဆက်လက်၍ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။ ကျန် (၅) ဦးကို ဆေးရုံမှ မကြာမီဆင်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၄။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာ (၁၀၇) ဦးအနက် သေဆုံးလူနာ (၅) ဦး၊ ဆေးရုံဆင်းခွင့်ရရှိပြီး လူနာ (၂) ဦးရှိပြီး ကျန်လူနာ (၁၀၀) ဦးကို ဖော်ပြပါဇယားအတိုင်း သက်ဆိုင်ရာဆေးရုံများတွင် လိုအပ်သလို ကုသမှုပေးလျက်ရှိပါသည်။ လူနာ (၁၀၀) ဦးအနက် လူနာ (၃) ဦးမှာ အထူး ကြပ်မတ်ကုသမှုခံယူလျက်ရှိပြီး ကျန် လူနာ (၉၇) ဦး၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

၅။ (၁၈-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၉-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၈၉) ဦး ရှိပါသည်။

၆။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၁၉-၄-၂၀၂၀) ရက်နေ့၊ ည (၆:၃၀) နာရီအချိန်တွင် ထုတ်ပြန်ချက်အရ ပထမအသုတ် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၈) ခုအနက် (၁)ဦးတွင် COVID-19 ရောဂါပိုး တွေ့ရှိရပြီး ကျန်လူနာ (၁၈၇) ဦးတွင် COVID-19 ရောဂါပိုး မတွေ့ရှိပါ။

*စာမျက်နှာ ၁၆ သို့*

# COVID-19 ရောဂါဖြစ်ပွားစဉ်ကာလ မိမိနေအိမ်တွင် နေထိုင်စဉ်အတွင်း ကျန်းမာစွာနေထိုင်နိုင်ရေး (Healthy Stay at Home) အတွက် လိုက်နာဆောင်ရွက်ရန်အချက်များ (Version 1.1)

နေ့စွဲ၊ ၁၉-၄-၂၀၂၀

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ကူးစက်မှုကို ထိရောက်စွာ ကွင်းဆက်ဖြတ်တောက် လျှော့ချနိုင်ရန်အတွက် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်သာနေထိုင်ခြင်း (Stay at Home) ပြုလုပ်စဉ် အောက်ဖော်ပြပါအချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်-

(၁) တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ပါ၊ လူစုလူဝေးရှိရာနေရာသို့ လုံးဝ(လုံးဝ) မသွားပါနှင့်၊

(၂) အထူးသဖြင့် အသက် (၆၀)နှစ်နှင့် အထက်ရှိသူများ၊ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်၊ အသည်း၊ ကင်ဆာ စသည့် နာတာရှည်ရောဂါရှိသူများအနေဖြင့် ရောဂါဖြစ်ပွားပါက သေဆုံးမှုနှုန်း အလွန်မြင့်မား၍ အပြင်ထွက်ခြင်းကို လုံးဝရှောင်ပါ၊

(၃) အိမ်တွင် ဧည့်သည်လက်ခံခြင်း လုံးဝမပြုပါနှင့်၊

(၄) မဖြစ်မနေ အပြင်ထွက်ရပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လုံးဝ(လုံးဝ) ဝတ်ဆင်ပါ၊

(၅) နှာခေါင်းစည်း (Mask) အား မကိုင်တွယ်မီနှင့် ကိုင်တွယ်ပြီးတဲ့အခါတိုင်း၊ ငွေလက်ခံကိုင်တွယ်ပြီးတိုင်း၊ အပြင်မှ ပြန်လည်ရောက်ရှိသည့်အခါတိုင်း လက်ကိုဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာအောင် စနစ်တကျဆေးကြောပါ၊ ဆပ်ပြာနှင့်ရေ အလွယ်တကူမရပါက အယ်ကိုဟောလ် (၆၀%) နှင့် အထက်ပါဝင်သော လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ၊

(၆) ဈေးဝယ်ထွက်ရမည်ဆိုပါက မိသားစုအတွင်းမှ တစ်ဦးနှင့် ယာဉ်မောင်းတစ်ဦး (စုစုပေါင်းနှစ်ဦး) ကိုသာ သွားရောက်ဝယ်ယူစေပါ၊ ဖြစ်နိုင်ပါက တစ်ပတ်လျှင် တစ်ကြိမ်ခန့်သာ ဝယ်ယူပါ၊

(၇) ဈေးဝယ်သည့်အခါ ဈေးဝယ်သူအချင်းချင်းကြား(သို့မဟုတ်) ဈေးရောင်းသူနှင့် ဈေးဝယ်သူအကြား တတ်နိုင်သမျှ အနည်းဆုံး (၆) ပေခွာ၍ ဈေးဝယ်ပါ၊

(၈) အပြင်ထွက်ရာမှ အိမ်ပြန်ရောက်သောအခါ-

(က) အပြင်မှဝယ်ယူလာသောပစ္စည်းများကို အိမ်ဝင်ပေါက်တွင် အိတ်အတွင်းမှ ထုတ်၍ခြင်းတောင်း(သို့မဟုတ်) ပုံးအတွင်း ပြောင်းထည့်၍ ရေဖြင့်ဆေးကြောနိုင်သည့် အသုံးအဆောင်များ၏ မျက်နှာပြင်များကို ဆပ်ပြာနှင့်ရေအသုံးပြု၍ စနစ်တကျဆေးကြောသန့်စင်ပါ၊

(ခ) အပြင်ထွက်စဉ် ဝတ်ဆင်သွားသော အဝတ်အစားများကို ဖြစ်နိုင်ပါက အိမ်ရောက်သည်နှင့် ချက်ချင်း လဲလှယ်ပါ၊ အဆိုပါအဝတ်များကို ချက်ချင်းဆပ်ပြာနှင့် (၃၀) မိနစ်စိမ်၍ လျှော်ပါ၊

(ဂ) တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးပေး၍ ရေချိုးခြင်း၊ ကိုယ်လက်သန့်စင်ခြင်းဆောင်ရွက်ပါ။ အဝတ်အစား မလဲမီ/ ကိုယ်လက်သန့်စင်ခြင်းမပြုမီ အိမ်သားများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။

(၉) ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ရန်ရှိပါက ယာဉ်မောင်း (၁) ဦးအပါအဝင် စုစုပေါင်း (၃) ဦးသာ သွားရောက်ပါ။

(၁၀) အထပ်မြင့်တိုက်ခန်းနှင့် အိမ်များရှိ အများသုံးပစ္စည်းများ (ဥပမာ-တံခါးလက်ကိုင်၊ လှေကားလက်ရန်းစသည်) တို့အား မကြာခဏ စနစ်တကျသန့်စင်ပါ၊

(၁၁) နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး(သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံအောင်ဖုံးအုပ်ပါ၊ တစ်ရှူးအသုံးပြုပါက အသုံးပြုပြီးတစ်ရှူးကို အဖုံးပါသောအမှိုက်ပုံးထဲသို့ စွန့်ပစ်ပါ၊ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ လက်ပြန်ဆေးပါ၊

(၁၂) အိမ်မှာ နေထိုင်စဉ်ကာလအတွင်း မိမိကျန်းမာရေးအတွက်-

(က) မိသားစုဝင်/အတူနေသူအချင်းချင်း နီးကပ်စွာနေထိုင်ခြင်း တတ်နိုင်သမျှမပြုရပါ၊

(ခ) အာဟာရပြည့်ဝစွာ စားသုံးပါ၊ အိပ်ရေးဝအောင်အိပ်ပါ၊

(ဂ) သင့်တော်သော မပြင်းထန်သည့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ပါ၊

(ဃ) စိတ်ကျန်းမာရေးအတွက် မိတ်ဆွေအပေါင်းအသင်းများ၊ မိသားစုဝင်များနှင့် လူမှုကွန်ရက်/မိုဘိုင်းဖုန်းများမှတစ်ဆင့် ဆက်သွယ်ပြောဆိုပါ၊ တရားထိုင်ခြင်း/ယောဂကျင့်ခြင်း/ဝတ်ပြုခြင်း/ဆုတောင်းခြင်း စသည့်မိမိယုံကြည်ရာဘာသာရေးလုပ်ငန်းများ တစ်ဦးချင်းအနေဖြင့် ပြုလုပ်ပါ၊

(၁၃) ကောလာဟလသတင်းမှားများကို လုံးဝမယုံပါနှင့်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် နိုင်ငံပိုင်မီဒီယာများမှ သတင်းများ/လမ်းညွှန်ချက်များကိုသာ ယုံကြည်လိုက်နာပါ၊

(၁၄) မိသားစုဝင်/အတူနေသူများတွင် အဖျား(၃၈˚C/၁၀၀.၄˚ F နှင့်အထက်)ရှိခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့် COVID-19 ရောဂါ သံသယလက္ခဏာများတွေ့ရှိပါက နီးစပ်ရာ ကျန်းမာရေးဌာန(သို့မဟုတ်)ကျန်းမာရေးဝန်ထမ်း(သို့မဟုတ်)အုပ်ချုပ်ရေးအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ပါ၊

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် အိမ်တွင်နေထိုင်ခြင်း(Stay at Home) ပြုလုပ်စဉ် ကျန်းမာရေးပြဿနာများနှင့်စပ်လျဉ်း၍ ပြည်သူများ စိတ်ပူပန်မှုမရှိစေရေး (၂၄) နာရီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။**

**ပြည်သူများအနေဖြင့်လည်း မိမိတို့၏ကျန်းမာရေးအား အထူးဂရုပြုနေထိုင်ကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ဥပဒေစည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ပြုပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
(၁၉-၄-၂၀၂၀)

*စာမျက်နှာ ၁၅ မှ*

၇။ အဆိုပါလူနာ (၁) ဦးကို သက်ဆိုင်ရာဆေးရုံသို့ လွှဲပြောင်း၍ သီးခြား ထားရှိကုသမှုပေးသွားမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COIVD-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၉-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

**ဓာတ်ခွဲအတည်ပြုလူနာများအား ကုသပေးနေမှု**

| စဉ် | ဆေးရုံအမည် | ဓာတ်ခွဲအတည်ပြုလူနာ ဦးရေ (ဦး) |
|---|---|---|
| ၁ | အထူးကုဆေးရုံ (ဝေဘာဂီ)၊ ရန်ကုန်မြို့ | ၇၃ |
| ၂ | တောင်ဥက္ကလာအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄ |
| ၃ | ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | ၄ |
| ၄ | ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့ | ၁ |
| ၅ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | ၁ |
| ၆ | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီး | ၁ |
| ၇ | ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ | ၁ |
| ၈ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | ၂ |
| ၉ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | ၂ |
| ၁၀ | ကန်တော်နဒီဆေးရုံ၊ မန္တလေးမြို့ | ၁ |
| | **စုစုပေါင်း** | **၁၀၀** |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၉-၄-၂၀၂၀) ရက်နေ့၊ (၈:၀၀) နာရီ**

**(၁၉-၄-၂၀၂၀) ရက်နေ့ COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှု**

| | |
|---|---|
| (၁၉-၄-၂၀၂၀) ရက်နေ့ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှုစုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၁၈၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) | (၁၈၇)ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက်နှာခေါင်းစည်းများ ပေးဝေခြင်းနှင့် နယ်မြေလှည့်ကင်းဆောင်ရွက်



**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်ခုနစ်မြို့နယ်ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ လှိုင်သာယာမြို့နယ်၌ မေ ၁၉ ရက် နံနက် ၁၁ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ရင်း (၉)ပူးပေါင်းအဖွဲ့က နယ်မြေလှည့်ကင်းနှင့်အတူ ပြည်သူများအား နှာခေါင်းစည်းများပေးဝေခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး၌ ပြည်သူများ ပိုမိုပူးပေါင်းနားလည် သိရှိစေရန် ဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်တိုင်း ဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါ သက်ရောက်မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်စေရန်နှင့် ပြည်သူတို့ စိုးရိမ်မှုကင်းဝေးရန် မိမိတို့နေအိမ်အတွင်း နေထိုင်ကြရန် သက်ဆိုင်ရာမှ ညွှန်ကြားထားပြီးဖြစ်ရာ နံနက်ပိုင်းနှင့် ညနေပိုင်း၌ လူသွားလာမှုများသော လှိုင်သာယာမြို့နယ် ဗိုလ်အောင်ကျော် မီးပွိုင့်လမ်းဆုံ၊ ဘီအိုစီအဝိုင်းနှင့် သမကုန်းလမ်းဆုံတို့တွင် မဖြစ်မနေ သွားလာနေကြသော ပြည်သူများ လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးခင်ဇော် ဦးစီး၍ သောင်ကြီးနယ်မြေရဲစခန်းနှင့် ရဲတပ်ရင်း(၉) ပူးပေါင်းအဖွဲ့က နှာခေါင်းစည်း ပေးဝေတပ်ဆင်ခဲ့ပြီး ရန်ကုန်-ပုသိမ်လမ်း၊ ရန်ကုန်-ညောင်တုန်းလမ်း၊ အနော်ရထာလမ်း၊ တပင်ရွှေထီးလမ်းနှင့် စက်မှုဇုန်များတွင် နယ်မြေလှည့်ကင်းတို့ ဆောင်ရွက်ခဲ့သည်။

"နယ်မြေလှည့်ကင်းကို တစ်ရက်နှစ်ကြိမ် ဆောင်ရွက်နေပါတယ်။ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိကို လှည့်ကင်း၊ ရပ်ကင်း ဆောင်ရွက်နေပါတယ်။ ည ၇ နာရီမှ ၉ နာရီထိ လှည့်ကင်း၊ ရပ်ကင်းဆောင်ရွက်ပါတယ်။ ပြီးတော့ မြို့နယ်က ပြည်သူတိုင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကြေညာချက်တွေကို လိုက်နာပူးပေါင်းဆောင်ရွက်မှုကို ကျေးဇူးတင်တယ်။ ကျွန်တော်တို့အနေနဲ့ အသိပညာပေး ကွင်းဆင်းပြောကြားတာတွေ၊ နှာခေါင်းစည်း တပ်ဆင်တာတွေကို ရတဲ့အချိန်အတွင်းမှာ တတ်နိုင်သမျှ ဆောင်ရွက်နေပါတယ်"ဟု လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ခင်ဇော်က ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် နယ်မြေလှည့်ကင်း ဆောင်ရွက်ရာ၌ လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဦးစီးအရာရှိငါးဦးနှင့် အခြားအဆင့် ၂၀ ဖြင့် နေ့စဉ် ဆောင်ရွက်လျက်ရှိရာ နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိသူများကို နှာခေါင်းစည်းများ တပ်ဆင်ပေး၍ ဒုစရိုက်မှုနှင့် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းတို့တွင် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၁၆၄

**ဓာတ်ပုံ - အောင်သန်းဦး**

# ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ကော့သောင်း မေ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရေး လုပ်ငန်းသုံးပစ္စည်းများအား ယမန်နေ့က ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ စစ်ဗျူဟာအဖွဲ့ (အခြေချ) ကော့သောင်းမှ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းမှုတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန်လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့်ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၊ N-95 နှာခေါင်းစည်း ၁၂၀ ခု၊ ဆေးရုံသုံးနှာခေါင်းစည်း ၅၀၀ ခု၊ Goggles မျက်မှန် ၃၀ ခု၊ ဆေးရုံသုံး လက်အိတ် ၂၀၊ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လူနာများစားသုံးရန် အာဟာရဖြစ်ဖွယ် အစားအစာပစ္စည်းများနှင့် ကွန်းခိုရာ Haven Foundation မှ လှူဒါန်းသည့် အသက်ရှူအထောက်အကူပြုကိရိယာတစ်လုံးကို နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးဝေလင်းက လွှဲပြောင်းပေးအပ် လှူဒါန်းရာ ကော့သောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းနှင့် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာလင်းထိုက်တို့က လက်ခံရယူပြီး **(ယာပုံ)** အဆိုပါပစ္စည်းများအား ကော့သောင်းခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် စနစ်တကျအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**





# ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးတွင် ဆောင်ရွက်ရန် ၂၅၇၀၀၀၀ ကျပ်တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

**ကောလင်း မေ ၁၉**

ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများကို လှူဒါန်းလျက်ရှိရာ ကောလင်းမြို့ မြို့မရပ်နေ ဦးခင်မောင်+ဒေါ်ခင်ခင်လှ မိသားစုမှ ကိုဗစ်-၁၉ ရောဂါ လူနာရောက်ရှိလာပါက စောင့်ရှောက်ကုသမှုပေးနိုင်ရေး ၂၅၇၀၀၀၀ ကျပ် တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများဖြစ်သော အသက်ရှူအထောက်အကူပြုကိရိယာ တစ်လုံး၊ PPE ဝတ်စုံ ၅၄ စုံ၊ အပူချိန်တိုင်းသာမိုမီတာလေးခု၊ နှာခေါင်းစည်းတို့ကို ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး အထောက်အကူပြု ကော်မတီသို့ လှူဒါန်းခဲ့ရာ ဦးရဲမြတ်သိန်းက လက်ခံရယူခဲ့ပြီး ကောလင်းမြို့ ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုအဖွဲ့သို့ မတ် ၂၆ ရက်မှ စတင်၍လှူဒါန်းခဲ့ရာ မေ ၁၈ ရက်နေ့အထိ ပြည်သူများမှ လှူဒါန်းထားသည့် စုစုပေါင်းအလှူငွေကျပ် ၁၆၉၀၇၀၀၀ လှူဒါန်းထားကြောင်း ရောဂါကာကွယ် ထိန်းချုပ်ရေး အထောက်အကူပြုကော်မတီအဖွဲ့ ဆရာကြီး ဦးကျော်စိုးထံမှ သိရသည်။

**မြင့်ထွန်းမင်း ကောလင်း(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ဖျာပုံဆေးရုံကြီး၌ ကိုဗစ်-၁၉ သံသယလူနာ ၂၀ ကျော် ထားနိုင်ရန်ပြင်ဆင်ထား

**ဖျာပုံ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ဖျာပုံခရိုင်ဆေးရုံကြီး၌ ကိုဗစ်-၁၉ သံသယလူနာပေါင်း ၂၀ ကျော်ကို သီးသန့်ထားရှိ ကုသပေးနိုင်ရန်စီစဉ်ထားကြောင်း ဖျာပုံခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာတင်လှထံမှ သိရသည်။

"ယခုအခြေအနေမှာ ကျွန်တော်တို့အနေနဲ့ ပြင်ဆင်လို့ရတဲ့အပိုင်းတွေ ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်သလို လိုအပ်တာတွေလည်း ထပ်တိုးပြင်ဆင်နေပါတယ်။ ဝန်ထမ်းအင်အား၊ ဆေးပစ္စည်း၊ နေရာထိုင်ခင်းစသဖြင့် ပြင်ဆင်ထားပါတယ်။ ခုရက်ပိုင်းမှာ သံသသယလူနာ တစ်ယောက်စ နှစ်ယောက်စ ဆေးရုံတက်လာတာ ရှိပါတယ်။ အဆင်ပြေနေပါသေးတယ်။ သိပ်များလာရင်တော့ ဝန်တော့ နည်းနည်းပိမှာပေါ့။ ဒီရောဂါက သာမန် လူနာတွေကုရတာနဲ့ မတူဘူး၊ စောင့်ကြပ်ကြည့်ရှုကုသပေးမယ့် ဆရာဝန် ဆရာမ အင်အားကို အဖွဲ့လိုက် သီးသန့်တာဝန်ပေးထားရတဲ့ လုပ်ငန်းစဉ်ဖြစ်နေတယ်။ ဝန်ထမ်းအင်အားက နည်းနည်းပိုသုံးရတယ်။ ခုချိန်အထိတော့ ဖျာပုံမှာ ကိုဗစ်-၁၉ လူနာ မရှိသေးပါဘူး။ သို့ပေမယ့် အားလုံးတတ်နိုင်သလောက် ဝိုင်းဝန်းပူးပေါင်း ပြင်ဆင်ထားပါတယ်"ဟု ဖျာပုံခရိုင်ဆရာဝန်ကြီး ဒေါက်တာတင်လှက ပြောသည်။

ဖျာပုံခရိုင် ဆေးရုံကြီးဝင်းအတွင်း၌ ကိုဗစ်-၁၉ သံသယလူနာ ၁၆ ဦး ထားနိုင်ရန် စီစဉ်ထားရှိပြီး လိုအပ်ပါက အသုံးပြုနိုင်ရန် လူနာခြောက်ဦး ထားနိုင်မည့် ကိုဗစ်-၁၉ လူနာဆောင်တစ်ခုကိုလည်း ဖျာပုံမြို့ရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီတို့က ဦးဆောင်၍ ဒေသခံပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ထပ်မံ ဆောက်လုပ်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း ဖျာပုံမြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးထံမှ သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# တပ်ကုန်းမြို့မဈေးရှိ ကုန်စိမ်း(ပျံကျ)ဈေး မြို့နယ်ပြည်သူ့အားကစားကွင်းအတွင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ရောင်းချမည်

**နေပြည်တော် မေ ၁၉**

နေပြည်တော် တပ်ကုန်းမြို့မဈေးကြီးအတွင်း လူစုလူဝေး မဖြစ်ပေါ်စေရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့မဈေးမြောက်ဘက်ခြမ်းရှိ ကုန်စိမ်း(ပျံကျ)ဈေးအား မြို့နယ်ပြည်သူ့အားကစားကွင်းအတွင်းသို့ ပြောင်းရွှေ့၍ ဖွင့်လှစ်မည်ဖြစ်သည်။

မေ ၁၉ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်လင်းထက်နှင့် ရပ်မိရပ်ဖများ၊ ပရဟိတလူငယ်များသည် ယာယီဈေးဖွင့်လှစ်မည့် အားကစားကွင်းအတွင်း မြေနေရာသတ်မှတ်ခြင်း၊ ဈေးသည်များ သုံးပေစီကွာ ရောင်းချစေရေးအတွက် အကွက်များသတ်မှတ်ခြင်း၊ အဝင် အထွက် လမ်းများဖော်ခြင်းတို့ ဆောင်ရွက်ကြောင်း သိရှိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် နိုင်ငံတကာမှ လာရောက်သည့်ခရီးသည် များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှု မရှိစေရေးအတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြားနေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂)ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိ ရှိကြောင်းနှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁)ရက် တိတိကျကျနှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား(၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်း နိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/ သတ်မှတ်နေရာများတွင် နေထိုင်ရမည့် ကာလနှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း ကာလစုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှု အကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့် နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၈)ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ်ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်းပြီးစီးသည့် နောက် (၁၄) ရက်ကျော်သည်အထိ လူအချို့တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုးဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက် ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ကော့သောင်းမြို့၌ ပရဟိတအဖွဲ့တစ်ခုမှ နှာခေါင်းစည်းများ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ကော့သောင်း မေ ၁၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ထိရောက်မှုရှိစေရန် ပရဟိတအဖွဲ့တစ်ခုဖြစ်သည့် We Save Kawthaung အဖွဲ့မှ ကော့သောင်းမြို့၌ နှာခေါင်းစည်းများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပြီး မြို့၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအား ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။




အဆိုပါပရဟိတအဖွဲ့သည် မြို့၏ ဘာသာရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း ယခုကဲ့သို့ ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်ကူးစက်လျက်ရှိသည့် ရောဂါကပ်ဆိုးကာလ မည်သည့်အချိန်တွင် လွန်မြောက်မည်ကို မသိနိုင်သဖြင့် အဖွဲ့ဝင်များ စုပေါင်းထည့်ဝင်ငွေဖြင့် မြို့နေပြည်သူများ လူတိုင်း နှာခေါင်းစည်း တပ်ဆင်ခြင်းဖြင့် ရောဂါကူးစက်ပြန့်ပွားမှု လျော့နည်းစေရန် တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်း လှူဒါန်းသည့်အနေဖြင့် အမြတ်အစွန်းမယူ အရှုံးခံရောင်းချပေးခြင်းဖြစ်ကြောင်း၊ နှာခေါင်းစည်းများ ရေရှည် အရှုံးခံဖြန့်ဖြူးရောင်းချနိုင်ရေး မိမိတို့အဖွဲ့အား ပူးပေါင်းအားဖြည့် ပံ့ပိုးလိုသည့် မည်သည့်အလှူရှင်မဆို ဖိတ်ခေါ်ကြိုဆိုပါကြောင်း အဖွဲ့ဝင်တစ်ဦးက ပြောသည်။

ရောဂါကာကွယ်မှုအဖြစ် မြို့နေပြည်သူများ အပြင်ထွက်ပါက နှာခေါင်းစည်းများ တပ်ဆင်ကြရန် ဒေသန္တရ အမိန့်ကြေညာချက်များ ထုတ်ပြန်ထားသဖြင့် နှာခေါင်းစည်းများ ဈေးနှုန်းမြင့်တက်ကာ ဝယ်ယူရန် အခက်အခဲများဖြစ်ပေါ်နေသဖြင့် တစ်ခါသုံး နှာခေါင်းစည်းတစ်ခုလျှင် ကျပ် ၃၀၀ ၊ အဝတ် နှာခေါင်းစည်း နှစ်ခုလျှင် ကျပ် ၅၀၀ ဖြင့် မြို့နေပြည်သူတိုင်း ရရှိတပ်ဆင် အသုံးပြုနိုင်ရေး လူတစ်ဦးလျှင် နှစ်ခုစီဖြင့် အမြတ်အစွန်းမယူ ရောင်းချပေးလျက်ရှိကြောင်း၊ နှာခေါင်းစည်းများကို နံနက်ပိုင်း၌ အများပြည်သူ အသွားအလာ များပြားရာ မြို့မဈေးရှေ့နှင့် ကမ်းနားလမ်းတို့၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အေးရိပ်ငြိမ်ရပ်ကွက်၊ ညနေပိုင်း၌ ဈေးရှေ့နှင့် ရွှေဇင်ယော် ရပ်ကွက်၊ နန္ဒဝန်ဈေးရှေ့တို့၌ နေ့စဉ် ရောင်းချပေးလျက်ရှိကာ ကော့သောင်းမြို့၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ပရဟိတစိတ်ထားဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အထောက်အကူပြုအဖွဲ့ လွယ်ဂျယ်သို့ ရောက်ရှိ

**လွယ်ဂျယ် မေ ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အထောက်အကူပြုအဖွဲ့ Rapid Response Team(RRT)အဖွဲ့များအနက်မှ ဒေါက်တာကျော်ကံကောင်း ညွှန်ကြားရေးမှူး (မကူးစက်) ဦးဆောင်သောအဖွဲ့သည် မေ ၁၉ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား စိစစ်လက်ခံဆောင်ရွက်နေမှုများနှင့် ၎င်းတို့အားထားရှိရန် အသွားအလာကန့်သတ်ခြင်း စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

### ဆွေးနွေးညှိနှိုင်း

ထို့နောက် အဆိုပါအဖွဲ့သည် ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်းနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံသားများအား စိစစ်လက်ခံဆောင်ရွက်နေမှု၊ နေရပ်ပြန်ပို့ဆောင်ပေးနေမှု၊ အသွားအလာကန့်သတ်ခြင်း စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်ပြီး အသေးစိတ် ဆွေးနွေးညှိနှိုင်းပေါင်းစပ်ပေးကာ အသွားအလာကန့်သတ်နေရာ၌ ဝင်ရောက်နေထိုင်သူများနှင့် တွေ့ဆုံ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြောကြားသည်။

### ဆောင်ရွက်ပေးသွားမည်

အဆိုပါအဖွဲ့သည် လွယ်ဂျယ်မြို့၌ မေလကုန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ်၌ ဒေသခံများပြန်လည်ဝင်ရောက်သူများကို စောင့်ကြည့်စခန်းဖွင့်လက်ခံ

**ရမည်းသင်း မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ရမည်းသင်းမြို့နယ်အတွင်း ဒေသခံများ တရုတ်နိုင်ငံနှင့် နယ်စပ်ဒေသများမှ ယနေ့ပြန်လည်ဝင်ရောက်လာသူများကို ရမည်းသင်းမြို့ သာသနာ့ဗိမာန်ကြီးတွင် ကန့်သတ်စောင့်ကြည် စခန်းဖွင့်လှစ်ပြီး လက်ခံလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ရမည်းသင်းမြို့နယ်အတွင်း မေ ၁၉ ရက် နံနက် ၇ နာရီက တရုတ်နိုင်ငံမှ ပြန်ရောက်ရှိလာသော သိုက်မြောင်ကျေးရွာတွင် ၁၄ ဦး၊ နေတောကျေးရွာတွင် သုံးဦး၊ သိမ်ကုန်းကျေးရွာတွင် သုံးဦး၊ ကူတိုကျေးရွာတွင် တစ်ဦးနှင့် လွှစင်ကျေးရွာတွင် ခုနစ်ဦးတို့ကို ကန့်သတ်စောင့်ကြည့်စခန်း၌ ရမည်းသင်းမြို့နယ် ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်နှင့် ကော်မတီဝင်များက စိစစ်လက်ခံပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော်နှင့် ဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ ကိုယ်ရေးအချက်အလက်များကို စနစ်တကျလက်ခံကာ ၂၁ ရက် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

ကန့်သတ်စောင့်ကြည်ရေးစခန်းရှိ ပြည်သူများကို ရမည်းသင်းမြို့နယ် မြို့မိမြို့ဖများနှင့် စေတနာရှင် ပြည်သူများက စားသောက်စရာများနှင့် ကျန်းမာရေးသုံးပစ္စည်းများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **ဇော်ဝင်းအောင်(ရမည်းသင်း)**



# တရုတ်နိုင်ငံ ယူနန်သစ်သီးဝလံဥယျာဉ်ခြံဇုန်နှင့် ယူနန်နေ့စဉ်သတင်းစာ(ရန်ကုန်ရုံးခွဲ)တို့ ပူးပေါင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ နှာခေါင်းစည်းများ လှူဒါန်း

**ရန်ကုန် မေ ၁၉**

တရုတ်နိုင်ငံ အမျိုးသားကုန်းပြင်မြင့် ယူနန်သစ်သီးဝလံ ဥယျာဉ်ခြံဇုန်နှင့် ယူနန်နေ့စဉ် သတင်းစာ(ရန်ကုန်ရုံးခွဲ) တို့ပူးပေါင်း၍ ပြန်ကြားရေးဝန်ကြီး ဌာနမှ ဝန်ထမ်းများ အသုံးပြုနိုင်ရန် နှာခေါင်းစည်း ၁၃၅၀၀ ပေးအပ် လှူဒါန်းမှုကို ယနေ့နံနက် ၁၁နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်(၅၀)ရှိ ရုပ်ရှင်ဖွံ့ဖြိုးရေး စင်တာ၌ ကျင်းပသည်။

ထိုသို့ လှူဒါန်းစဉ် ယူနန်နေ့စဉ် သတင်းစာ(ရန်ကုန်ရုံးခွဲ)မှ ဦးဇော်ရဲအောင်က ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ လုပ်ငန်းတာဝန်များ ဆောင်ရွက်စဉ် အသုံးပြုနိုင်ရန်အတွက် လှူဒါန်းရခြင်းဖြစ်ကြောင်း ဦးစွာ ရှင်းလင်းပြောကြားပြီး နှာခေါင်းစည်း ၁၃၅၀၀ ပေးအပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။




တရုတ်နိုင်ငံ အမျိုးသားကုန်းပြင်မြင့် ယူနန်သစ်သီးဝလံ ဥယျာဉ်ခြံဇုန်နှင့် ယူနန်နေ့စဉ် သတင်းစာ(ရန်ကုန်ရုံးခွဲ)တို့ ပူးပေါင်း၍ တရုတ်-မြန်မာသံတမန် ဆက်ဆံရေး ထူထောင်ခြင်း နှစ်(၇၀) ပြည့် အထိမ်းအမှတ် အခါသမယတွင် "ဆွေမျိုးပေါက်ဖော် အေးအတူပူအမျှ လက်တွဲပြီး ကပ်ရောဂါ အတူ တိုက်ဖျက်"ဆောင်ပုဒ်ဖြင့် ယခုကဲ့သို့ နှာခေါင်းစည်းများ လှူဒါန်းမှုမှ တစ်ဆင့် တရုတ်-မြန်မာ ချစ်ကြည်ရေး မြှင့်တင်မှုတွင် ပါဝင်ရေး ရည်ရွယ်ချက်ဖြင့် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရေရှားပါးလျက်ရှိ

**ရေစကြို မေ ၁၉**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် နွေရာသီ သောက်သုံးရေရှားပါးလျက်ရှိသည့် ကျေးရွာ ၁၆ ရွာ ခန့်ရှိနေပြီး ရေအရှားပါးဆုံးကျေးရွာများဖြစ်သည့် ဥက္ကံကျေးရွာ၊ ဘောင်ဘဲ့တန်းကျေးရွာ၊ ကျောက်လှေကားကျေးရွာနှင့် တောင်စင်ကျေးရွာတို့တွင် ရေများ လှူဒါန်းလျက်ရှိကြောင်း ကံပွင့်မိသားစု ရေအလှူတော်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးခင်ဇော်ထံက သိရသည်။

"မနှစ်က မိုးရွာတာ အင်မတန်နည်းတဲ့ အတွက် အခုအခါ အများသုံးရေကန်တွေမှာ ရေခန်းခြောက်နေတော့ သူတို့မှာ သောက်ရေသုံးရေ တော်တော်လေး အခက်အခဲ ဖြစ်နေပါတယ်။ အချို့ရွာတွေဆို ကျွန်တော်တို့ ဖေဖော်ဝါရီလနောက်ပိုင်းမှာ တစ်ရွာထဲကို ခုနစ်ခေါက်၊ ရှစ်ခေါက် ရေသွားလှူပေးရတဲ့ ရွာတွေလည်းရှိပါတယ်"ဟု ၎င်းက ပြောသည်။

ရေစကြိုမြို့နယ်အတွင်း ရေရှားပါးလျက်ရှိသော ကျေးရွာအများစုသည် ရေတွင်းတူးရာတွင် ရေငန်များသာထွက်ရှိသဖြင့် မြေသားမိုးရေကန် များကိုသာ အားထားနေကြရကြောင်း သိရသည်။ အဆိုပါကျေးရွာများတွင် လတ်တလောအနေဖြင့် မိုးရွာသွန်းခြင်းမရှိသေးပါက ရေဆက်လက်ရှားပါး နေမည်ဖြစ်ပြီး ရေလာရောက်လှူဒါန်းသည့် အလှူရှင်များကိုလည်း ကျေးဇူးတင်ကြောင်း တောင်ဇင်ကျေးရွာဒေသခံတစ်ဦးက ပြောသည်။

**အိမွန်ဆွေ(ရေစကြို)**

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၅ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၅ | ကျပ် | ၅၃၀/၅၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ | ကျပ် | ၅၄၅/၅၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၃၆၀/၄၀၀ | ကျပ် | ၄၃၀/၄၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၆၅ | ကျပ် | ၆၀၅/၆၁၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၉ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၄ . ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၁ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၃ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၈၉ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၂ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၇၂၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၇ . ၁၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၅၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၇၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၃၂၁၆ | ၃၄၅၉၉၅၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၁၁၅၂၈ | ၄၂၇၇၈၁၅၀ |
| MCB | ၉၁၀၀ | ၈၅၀၀ | ၃၀ | ၂၇၂၄၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁၁ | ၂၃၆၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၃၁၈ | ၈၉၀၄၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

# အခြေခံစားသောက်ကုန်ပစ္စည်းငါးမျိုး ကျောက်ကြီးမြို့နယ်တွင် ဖြန့်ဝေပြီးစီး

**ကျောက်ကြီး မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ နိုင်ငံတော်အစိုးရက ထောက်ပံ့ကူညီသော အခြေခံစားသောက်ကုန်ပစ္စည်းငါးမျိုးကို မြို့နယ်အဆင့် စာရင်းကောက်ယူရေးအဖွဲ့၏ စီမံမှုဖြင့် ယမန်နေ့က ဖြန့်ဝေပြီးစီးကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

ကျောက်ကြီးမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၁ အုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၈၃၄၅ စု၊ လူဦးရေ ၃၇၈၈၃ ဦးအား နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကူညီသော အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ကုလားပဲ တစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာတို့ကို ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်တိုက်ဖျက်ရေးအချိန်တွင် စားသောက်ရေးအခက်အခဲမဖြစ်ပေါ်စေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ ဦးဆောင်ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက အဖွဲ့များခွဲ၍ အိမ်တိုင်ရာရောက် ဖြန့်ဝေခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**ကိုသားကြီး (ကျောက်ကြီး)**



မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - ဝင်းကျော်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ခင်ရတနာ
**ဘာသာပြန်စာတည်း** - ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ ကျင့်ဝတ်မှန်ကန် အုပ်ချုပ်မှု

## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်



**ကျွန်တော့်ရဲ့ အားနည်းချက်တစ်ခုက မြန်မာစကားအသုံးအနှုန်းနဲ့ပတ်သက်ပြီး မကြွယ်ဝပါဘူး။ တစ်ခါတလေ သင့်လျော်တဲ့ စကားလုံးရွေးချယ်တဲ့အခါ အခက်အခဲရှိပါတယ်။ ပြည့်စုံမှုမရှိဘူးလို့ ခံယူမိတယ်။ ဥပမာ တစ်ခုက အင်္ဂလိပ် စကားလုံးဖြစ်တဲ့ Corporate Governance၊ ကျွန်တော်က ကောင်းမွန်သော စီမံအုပ်ချုပ်မှုလို့ သုံးစွဲခဲ့တယ်။ တစ်နေ့က FMI အများပိုင်ကုမ္ပဏီရဲ့ နှစ်ပတ်လည်အစည်းအဝေးမှာ Corporate Governance ကို ကျင့်ဝတ်မှန်ကန် အုပ်ချုပ်မှုဆိုတာကို သုံးစွဲထားတာတွေ့ရတော့ ကိုယ်သုံးစွဲတာထက်ပိုပြီး ပြီးပြည့်စုံတဲ့ အသုံးအနှုန်းကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။**

စီးပွားရေး လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ယှဉ်ပြိုင်ရာမှာ မျက်နှာမလိုက်ဘဲ၊ ကျောသားရင်သား မခွဲဘဲ ဆက်ဆံဖို့လိုတယ်။ ဒါမှလည်း တရားမျှတတဲ့ ယှဉ်ပြိုင်မှုကို အားပေးရာရောက်မှာ ဖြစ်တယ်။ အင်္ဂလိပ်အသုံးအနှုန်းက Level Playing Field ဖြစ်တယ်။ ဒါကို မြန်မာလို ဘယ်လိုပြန်ဆိုရမလဲဆိုတာနဲ့ ပတ်သက်ပြီး ဦးနှောက်ခြောက်ခဲ့ရတယ်။ စာရေးဆရာ ဦးကျော်ဝင်းက မြေညီကွင်းဆိုပြီး သုံးစွဲခဲ့တာ တွေ့ရတော့ အလွန်ကျေးဇူးတင်မိပါတယ်။ ကိုယ့်ရဲ့အခက်အခဲကို အခုလို ဆရာကျော်ဝင်းက တိတိကျကျ ပြတ်ပြတ်သားသား အများနားလည်လွယ်အောင် သုံးစွဲခဲ့တာကို အသိအမှတ်ပြုပါတယ်။

တစ်နေ့က Sunday Talk ရုပ်မြင်သံကြား အစီအစဉ်မှာ ဦးကိုကို (စက်မှုတက္ကသိုလ်)နဲ့ ကျင့်ဝတ်မှန်ကန် အုပ်ချုပ်မှု ခေါင်းစဉ်နဲ့ ဆွေးနွေးမှုတစ်ရပ်ကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီခေါင်းစဉ်ဟာ မျက်မှောက်အခြေအနေမှာ အရေးပါလာတာမို့ ဆွေးနွေးကြရအောင်ဆိုပြီး ဆရာဦးကိုကိုက ပြောလာတော့ ကျွန်တော်က လိုလိုချင်ချင်နဲ့ လက်ခံပါတယ်။

အမှန်တော့ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကာလက မြန်မာပြည် ပြန်ရောက်တဲ့အချိန်ကစပြီး ကျင့်ဝတ်မှန်ကန် အုပ်ချုပ်မှုအကြောင်းကို အများသိအောင်ကြိုးစားခဲ့တယ်။ ဟောပြောခဲ့တယ်၊ ရေးသားခဲ့ပါတယ်။ စီးပွားရေး တက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနက အသစ်ဖွင့်လှစ်ခဲ့တဲ့ Master of Banking and Finacnce ဘဏ်လုပ်ငန်းနဲ့ငွေကြေးဆိုင်ရာ မဟာဘွဲ့သင်တန်းမှာလည်း ဒီခေါင်းစဉ်နဲ့ပတ်သက်ပြီး ဟောပြောပို့ချခဲ့ပါတယ်။

ကျွန်တော်ရင်းနှီးတဲ့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးမှာလည်း ဒီခေါင်းစဉ်ကို မျှဝေပေးခဲ့ပါတယ်။ အမှန်တော့ ကျင့်ဝတ်မှန်ကန်အုပ်ချုပ်မှုရဲ့ အခြေခံက Responsible Business Conduct(RBC) တာဝန် ကျေပွန်တဲ့ စီးပွားရေးတည်ဆောက်မှုဖြစ်ပါတယ်။ တာဝန်ကျေပွန်မှုလို့ပြောရင် တစ်ချိန်ကတော့ စီးပွားရေးလုပ်ငန်းတွေရဲ့အဓိကတာဝန်က အမြတ်ရရှိမှုဖြစ်တယ်။ စီးပွားရေး လုပ်ငန်းတွေအနေနဲ့ အရှုံးခံပြီး ဆောင်ရွက်တာဟာ သဘာဝမကျပါဘူး။ ပိုင်ရှင်တွေ၊ အစုရှင်တွေအကျိုးကို ရှေးရှုရမှာသာ ဖြစ်ပါတယ်။

ကျွန်တော်တို့ငယ်ငယ်က စီးပွားရေးပညာကို သင်ယူတုန်းက ဒီတာဝန်ကိုပဲ နားလည်သဘောပေါက်ခဲ့တယ်။ အခုခေတ်မှာတော့ စီးပွားရေးလုပ်ငန်းတွေမှာ အမြတ်ရရုံမက လူပုဂ္ဂိုလ်တွေအပေါ် တာဝန်ရှိကြောင်း လက်ခံ အသိအမှတ်ပြုခဲ့တယ်။ လူပုဂ္ဂိုလ်လို့ပြောရင် ပိုင်ရှင်တွေ၊ ဝန်ထမ်းတွေ၊ ဖောက်သည်တွေ၊ လုပ်ငန်းနဲ့ ဆက်စပ်ပတ်သက်သူတွေ အားလုံးအပေါ် တာဝန်ရှိတာကို အသိအမှတ်ပြုခြင်းဖြစ်ပါတယ်။ နောက်ဆုံးတာဝန်ကတော့ ပတ်ဝန်းကျင်ကိုထိန်းသိမ်းကာကွယ်ခြင်း ဖြစ်တယ်။ မိမိရဲ့ လုပ်ဆောင်မှုတွေကြောင့် ပတ်ဝန်းကျင်ကို မညစ်ညမ်းအောင်၊ မထိခိုက်အောင် ကြိုးပမ်းရမှာသာဖြစ်တယ်။ အင်္ဂလိပ်အသုံးအနှုန်းအနေနဲ့ Profit (အမြတ်)၊ လူပုဂ္ဂိုလ်(People)နဲ့ ပတ်ဝန်းကျင် (Planet)တို့ပဲဖြစ်ပါတယ်။ အလွယ်မှတ်ဖို့က 3P-(PPP)လုံးဖြစ်တယ်။

တစ်ဖက်ကလည်း တာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းတွေဟာ ဥပဒေကို လေးစားလိုက်နာဖို့ လိုအပ်ကြောင်း သတိပြုသင့်တယ်။ လက်တစ်လုံးကြားလုပ်တာ ဥပဒေကို မျက်ကွယ်ပြုတယ်။ ကိုယ်လိုရာကိုယ်ဆွဲတဲ့ ဓလေ့အကျင့်တွေကို ရှောင်ရှားဖို့လိုအပ်ပါတယ်။ ကျင့်ဝတ်သိက္ခာနဲ့ပတ်သက်ပြီး ဖြောင့်မတ်တည်ကြည်ဖို့လည်း အရေးကြီးပြန်တယ်။

> **"တာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းတွေဟာ ဥပဒေကို လေးစားလိုက်နာဖို့ လိုအပ်ကြောင်း သတိပြုသင့်တယ်။ လက်တစ်လုံးကြားလုပ်တာ ဥပဒေကို မျက်ကွယ်ပြုတယ်။ ကိုယ်လိုရာကိုယ်ဆွဲတဲ့ ဓလေ့အကျင့်တွေကို ရှောင်ရှားဖို့လိုအပ်ပါတယ်။ ကျင့်ဝတ်သိက္ခာနဲ့ ပတ်သက်ပြီး ဖြောင့်မတ် တည်ကြည်ဖို့လည်း အရေးကြီးပြန်တယ်"**

မြန်မာနိုင်ငံမှာ ခေတ်စားနေတဲ့ ပြောင်းလဲမှုတစ်ရပ်ကတော့ အများပိုင်ကုမ္ပဏီတွေ တည်ထောင်ခြင်းဖြစ်တယ်။ နေရာတိုင်းလိုလို အများပိုင်ကုမ္ပဏီတွေ ဖွဲ့စည်းကြတယ်။ အများပိုင်ဖြစ်ရင်ပြီးရောဆိုတဲ့ သဘောတွေနဲ့ လုပ်ခဲ့ကြတယ်။ အခုလို အများပိုင်ဖြစ်စေချင်တဲ့ စေတနာကိုတော့ အသိအမှတ်ပြုရမယ်။ ပိုင်ဆိုင်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေချင်တဲ့ သဘော။ ဒါပေမယ့် အများပိုင်ကုမ္ပဏီ တစ်ခုအနေနဲ့ရပ်တည်ဖို့ လိုအပ်ချက်တွေက အများကြီးရှိတယ်။ ဒါတွေကို လိုက်နာနိုင်ဖို့ အရေးကြီးတယ်။ အရေးကြီးဆုံးက ပိုင်ဆိုင်မှုနဲ့ စီမံခန့်ခွဲမှုကို ခွဲခြားခြင်းဖြစ်တယ်။ ပိုင်ရှင်တွေဟာ အများပိုင်ကုမ္ပဏီတွေနဲ့ ပတ်သက်ပြီး မူဝါဒ ပေါ်လစီတွေချမှတ်ပြီး နေ့စဉ်လုပ်ဆောင်မှုတွေကို ကျွမ်းကျင်လိမ္မာတဲ့ စီမံခန့်ခွဲသူတွေကို ရွေးချယ်ခန့်ထားဖို့ လိုအပ်ပါတယ်။

အများပိုင်ကုမ္ပဏီကို ဦးဆောင်ရာမှာ တစ်ဦးတစ်ယောက်တည်း တာဝန်ယူတာ မဟုတ်ဘဲ ဒါရိုက်တာအဖွဲ့နဲ့ ဦးဆောင်ရမှာဖြစ်တယ်။ ဒီဒါရိုက်တာအဖွဲ့ကို အစုရှယ်ယာရှင်တွေက သူတို့ရဲ့ကိုယ်စား ကုမ္ပဏီကိုဦးစီးဖို့ ရွေးချယ်ပြီး တာဝန်ပေးတာ ဖြစ်တယ်။ ဒါကြောင့်အများပိုင်ကုမ္ပဏီမှာ အာဏာအရှိဆုံးသူတွေဟာ အစုရှယ်ယာဝင်တွေသာ ဖြစ်ကြတယ်။ အခုရှယ်ယာရှင်များအနက် တစ်စုသာပိုင်ဆိုင်သူနဲ့ အစုအများကြီး ပိုင်ဆိုင်သူတွေရဲ့သြဇာဟာ တန်းတူဖြစ်တယ်။ အနည်းစုရဲ့အကျိုးကို စောင့်ရှောက်ဖို့ အရေးကြီးလှတယ်။ အစုရှယ်ယာရှင်တွေဟာ သူတို့ကိုယ်စား ကုမ္ပဏီရဲ့ဒါရိုက်တာတွေကို ရွေးချယ်ခန့်ထားပါတယ်။ ဒါရိုက်တာနှစ်မျိုးရှိပါတယ်။ အမှုဆောင်ဒါရိုက်တာကတော့ ကုမ္ပဏီနဲ့ ရင်းရင်းနှီးနှီးပတ်သက်ပြီး အမှုဆောင်မဟုတ်တဲ့ ဒါရိုက်တာကတော့ ထဲထဲဝင်ဝင် မပါဝင်၊ မပတ်သက်ဘဲ ဘေးကနေစောင့်ရှောက်တဲ့သူဖြစ်ပါတယ်။ အမှုဆောင်မဟုတ်တဲ့ ဒါရိုက်တာတွေကို လွတ်လပ်တဲ့ဒါရိုက်တာနဲ့ မလွတ်လပ်တဲ့ဒါရိုက်တာဆိုပြီး ခွဲခြားပြန်တယ်။ ဒါကြောင့် ဒါရိုက်တာအမျိုးအစားသုံးမျိုး ရှိတာတွေ့မြင်ရတယ်။ (၁)အမှုဆောင် ဒါရိုက်တာ။ (၂) အမှုဆောင်ဒါရိုက်တာ မဟုတ်ဘဲ လွတ်လပ်တဲ့ ဒါရိုက်တာ။ (၃) အမှုဆောင်ဒါရိုက်တာ မဟုတ်ဘဲ မလွတ်လပ်တဲ့ ဒါရိုက်တာဆိုပြီး ခွဲခြားလေ့ရှိတယ်။ ဒီဒါရိုက်တာအဖွဲ့ကို ဦးဆောင်တဲ့သူက ဥက္ကဋ္ဌဖြစ်ပြီး လွတ်လပ်တဲ့ဒါရိုက်တာ ဦးရေများရင် ပိုကောင်းတယ်လို့ ယူဆကြတယ်။ လွတ်လွတ်လပ်လပ် ထောက်ပြဝေဖန် အကြံပေးနိုင်သူတွေကြောင့် ကုမ္ပဏီရဲ့ အနာဂတ်ကို ပိုပြီးအာရုံစိုက်နိုင်မယ်လို့ အယူရှိကြပါတယ်။

အများပိုင်ကုမ္ပဏီမှာ ဥက္ကဋ္ဌတာဝန်ယူထားတဲ့သူဟာ ခေါင်းဆောင်မှုပေးနိုင်ဖို့ အထူးလိုအပ်ပါတယ်။ ဒါရိုက်တာအဖွဲ့ကို ကူညီထောက်ပံ့ဖို့အတွင်းရေးမှူးကိုလည်း တာဝန်ပေးသွားရမှာဖြစ်တယ်။ ဒါရိုက်တာအဖွဲ့ဟာ တစ်နှစ်မှာ နှစ်ကြိမ်၊ လေးကြိမ်လောက်သာတွေ့ပြီး ဥက္ကဋ္ဌနဲ့အမှုဆောင်ဒါရိုက်တာတွေကတော့ နေ့စဉ်လုပ်ငန်းတွေကို ဦးစီးကြီးကြပ်ရပါတယ်။ ဒါရိုက်တာအဖွဲ့ရဲ့ ဖွဲ့စည်းမှုဟာ အလွန်အရေးပါလှပါတယ်။ အသက်မတူတဲ့၊ အတွေ့အကြုံမတူတဲ့ ကျား/မ မတူတဲ့ သူတွေနဲ့ဖွဲ့စည်းထားပါက မတူညီမှုတွေကတစ်ဆင့် အင်အားတွေစုစည်းနိုင်လိမ့်မယ်လို့ လက်ခံထားကြတယ်။

ဒါရိုက်တာအဖွဲ့ဝင်တွေဟာ ကုမ္ပဏီရဲ့လုပ်ငန်းအသေးစိတ်တွေကို ဆောင်ရွက်နိုင်ရန် အမှုဆောင်အရာရှိချုပ်ကို ခန့်ထားရပါတယ်။ CEO လို့ခေါ်ပါတယ်။ ကုမ္ပဏီတစ်ခုရဲ့ လှုပ်ရှားမှုတွေကို သူကဒါရိုက်တာအဖွဲ့ကိုယ်စား တာဝန်ယူသွားရပြီး ကုမ္ပဏီရဲ့ဝန်ထမ်းတွေကို စီမံအုပ်ချုပ်ရပါတယ်။ သူနဲ့အတူတွဲဖက်ပြီး ကုမ္ပဏီရဲ့ အရာရှိကြီးတွေကို ခန့်ထား တာဝန်ပေးကြပါတယ်။ ဒါရိုက်တာအဖွဲ့ရဲ့ အရေးကြီးတာဝန်က အမှုဆောင်အရာရှိချုပ်ကို ရွေးချယ်ခန့်ထားခြင်း၊ တာဝန်မှရပ်ဆိုင်းခြင်း ဖြစ်တယ်။

ကျွန်တော့်ရဲ့ ကိုယ်တွေ့ အတွေ့အကြုံတစ်ခုကို မျှဝေချင်ပါတယ်။ ကျွန်တော့်သမီး ရန်ကုန်မြို့ ရွှေတောင်ကြားလမ်းမှာရှိတဲ့ နိုင်ငံတကာကျောင်းမှာ တက်နေစဉ် ကျွန်တော်က ကျောင်းရဲ့ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် တာဝန်ယူရပါတယ်။ ဒုတိယဥက္ကဋ္ဌ တာဝန်။ ကျန်တဲ့ ဒါရိုက်တာက ငါးဦး စုစုပေါင်း ခုနစ်ဦး။ ဒါရိုက်တာတာဝန်ယူပြီး မကြာမီပဲ ဒါရိုက်တာ သင်တန်းတက်ရတယ်။ အလုပ်တာဝန် ဝတ္တရား၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စတွေ။ ကျွန်တော်တို့အဖွဲ့ဟာ သုံးလတစ်ကြိမ် အစည်းအဝေးထိုင်ပြီး ကျောင်းအုပ်ဆရာကြီးနဲ့ ဆရာ ဆရာမတွေနဲ့ တွေ့ဆုံရတယ်။ ကျွန်တော်တို့ရဲ့ အဓိကတာဝန်က ကျောင်းအုပ်ဆရာကြီးကို ခန့်ထားဖို့၊ တာဝန်ရပ်စဲဖို့။ ကျောင်းအုပ်ဆရာကြီးကို ခန့်ပြီးရင် ကျောင်းကို သူ့လက်ထဲအပ်လိုက်ရတာ။ ဆရာတွေ ခန့်ထားမှု၊ သင်ရိုးညွှန်းတမ်း၊ အားကစားလုပ်ငန်း ဒါတွေအားလုံးဟာ ကျောင်းအုပ်ကြီးက တာဝန်ယူရတာ။ ကျွန်တော်တို့မှာ ပြောပိုင်ခွင့် လုံးဝမရှိဘူး။ ကျောင်းအုပ်ဖြစ်တာမို့ သူ့လက်ထဲ တာဝန်အပြည့်ပေးရတယ်။ သူ့ရဲ့ လုပ်ဆောင်မှုတွေ မကျေနပ်ရင် သူ့ကို တာဝန်မှ ရပ်စဲခွင့်ရှိတယ်။ ကျွန်တော် ဒါရိုက်တာအဖွဲ့မှာ တာဝန်ယူစဉ် ကျောင်းအုပ်လုပ်သူနဲ့ အကြီးအကျယ် ပြဿနာ ဖြစ်တယ်။ သူ့ကို တာဝန်ကရပ်စဲပေမယ့် အေးအေးဆေးဆေးမထွက်ဘဲ ဒါရိုက်တာအဖွဲ့ကို တုံ့ပြန်တယ်။ ကျောင်းသားမိဘတွေနဲ့ တိုက်ပေးတယ်။ ကျောင်းမှာ မိဘတွေအကြား စိတ်ထားတွေ ပြင်းထန်လာတယ်။ ကျွန်တော်က တတ်နိုင်သမျှဝင်ပြီး ဖြေရှင်းပေးခဲ့ရတယ်။ မမေ့နိုင်တဲ့ အတွေ့အကြုံ။ ဒါရိုက်တာအဖွဲ့က ကျောင်းရဲ့ ရှေ့ရေးကိုသာ တာဝန်ယူရတာ။ ဘဏ္ဍာငွေရှာဖွေမှု၊ ကျောင်းနေရာ အသစ်ရအောင် ကြိုးစားခဲ့ရတယ်။

ဒါရိုက်တာအဖွဲ့ဟာ ကုမ္ပဏီတစ်ခုရဲ့ သော့ချက်ဖြစ်တယ်။ ကုမ္ပဏီရဲ့ရှေ့ရေးကိုကြည့်ပြီး နေ့စဉ်လှုပ်ရှားမှုတွေကို အမှုဆောင်အရာရှိချုပ်ကတစ်ဆင့် ဦးစီးရတာ။ ဒါကြောင့် အများပိုင်ကုမ္ပဏီတွေမှာ တာဝန်ယူတဲ့သူတွေဟာ ဒါရိုက်တာတစ်ဦးမှာရှိသင့်တဲ့ အတွေ့အကြုံသာမက အသိ၊ အတတ်တွေရှိရမယ်။ ဒါကြောင့်လည်း လွန်ခဲ့တဲ့ ခြောက်နှစ်၊ ခုနစ်နှစ်ကတည်းက ဒါရိုက်တာသင်တန်းတွေ လုပ်ဖို့၊ ဒါရိုက်တာအရည်အချင်း စီစဉ်ဖို့ တိုက်တွန်းခဲ့တယ်။ မကြာသေးခင်ကာလမှာ ကျွန်တော့်ရဲ့ အိပ်မက်တွေ အကောင်အထည်ပေါ်ခဲ့တာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ဒါရိုက်တာအဖွဲ့အစည်းတစ်ရပ်ကို တည်ထောင်နိုင်ခဲ့သလို ဒါရိုက်တာသင်တန်းတွေကိုလည်း စီစဉ်ဆောင်ရွက်နိုင်ခဲ့တယ်။ ကျွန်တော်ကတော့ ပထမအဆင့်အနေနဲ့ ရန်ကုန်စတော့အိတ်ချိန်းမှာ မှတ်ပုံတင်ရထားတဲ့ အများပိုင်ကုမ္ပဏီက ဒါရိုက်တာတွေအားလုံး ဒီသင်တန်းတွေတက်ပြီး လက်မှတ်ရထားစေချင်တယ်။ ဒုတိယအဆင့်ကတော့ အများပိုင်ကုမ္ပဏီများအနက် စတော့အိတ်ချိန်းမှာ မှတ်ပုံတင်ဖို့အစီအစဉ်ရှိတဲ့ ကုမ္ပဏီ။ တတိယအဆင့်အနေနဲ့ကတော့ ကုမ္ပဏီများမှတ်ပုံတင်ရုံးမှာစာရင်းဝင် ကုမ္ပဏီ ၆၀၀ ကျော်က ဒါရိုက်တာတွေ အခုလို အစီအစဉ်တကျ ဆောင်ရွက်နိုင်ရင် ကျင့်ဝတ်မှန်ကန်အုပ်ချုပ်မှုတွေပိုပြီး ပီပြင်လာမှာဖြစ်ပါတယ်။

တစ်ဖက်ကလည်း အများပိုင်ကုမ္ပဏီတွေဟာ ကုလသမဂ္ဂအဖွဲ့အစည်းက တည်ထောင်ထားတဲ့ UN Global Compact အဖွဲ့မှာ အဖွဲ့ဝင်ဖြစ်စေချင်တယ်။ ဒီအဖွဲ့အစည်းရဲ့အဖွဲ့ဝင်ကုမ္ပဏီတွေဟာ လူ့အခွင့်အရေး၊ ဝန်ထမ်းရေးရာ၊ သဘာဝပတ်ဝန်းကျင်နဲ့ အဂတိလိုက်စားမှုနဲ့ ပတ်သက်ပြီး ကာကွယ်စောင့်ရှောက်ထိန်းသိမ်းဖို့ ကတိပြုခြင်းဖြစ်တယ်။ အခြေခံ သဘောက တာဝန်ကျေပွန်တဲ့ ကုမ္ပဏီတွေဖြစ်လာတာ။ အခုလိုကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးလောကကို အရည်အသွေး မြှင့်တင်နိုင်ခဲ့ရင် ယုံကြည်မှုတွေ တည်ဆောက်သွားနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့စီးပွားရေးလောကက အခြေခံကစပြီး ပြုပြင်စေချင်လှတယ်။ ။

# ရွှေဘိုမြို့ ယာယီပျံကျဈေး၌ ကိုဗစ် -၁၉ ရောဂါကာကွယ်ရေး ဆောင်ရွက်

ရွှေဘို မေ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ကိုဗစ် -၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ရွှေဘိုမြို့ ခရိုင်အားကစားကွင်းအတွင်း ဖွင့်လှစ်ထားသော ယာယီပျံကျဈေးသို့ ဈေးဝယ်လာသော ပြည်သူများနှင့် ဈေးသည်များအား အပူချိန်တိုင်းခြင်း၊ လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်စေခြင်းများကို မြို့နယ်စည်ပင်သာယာဝန်ထမ်းများက ဆောင်ရွက်နေသည်။

ကိုဗစ် -၁၉ ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်မှုနှင့် ပတ်သက်၍ "မြို့မဈေးကြီးတောင်ဘက် ပျံကျဈေးသည်တွေနဲ့ သံလမ်းပျံကျဈေးသည်တွေကို ရွှေဘိုမြို့ ခရိုင်အားကစားကွင်းအတွင်း ခြောက်ပေ ခြားပြီး ယာယီပျံကျဈေးနေရာ ဆောင်ရွက်ထားပါတယ်။ မြို့မဈေးကြီး တောင်ဘက် ပျံကျဈေးသည်တွေကို နံနက် ၄ နာရီ မှ မွန်းလွဲ ၂ နာရီအထိ၊ သံလမ်းပျံကျ ဈေးသည်တွေကို ညနေ ၃ နာရီမှ ည ၇ နာရီအထိ စနစ်တကျရောင်းချနိုင်စေဖို့ စီစဉ်ထားပါတယ်။ အဓိကအချက်က ဈေးရောင်းသူ၊ ဝယ်သူအားလုံး ဈေးအတွင်း မဝင်ခင် အပူချိန်တိုင်းခြင်း၊ လက်ဆေးခြင်း ပြုလုပ်ရပါမယ်၊ နှာခေါင်းစည်း တပ်ဆင်ရပါမယ်။ နှာခေါင်းစည်း မတပ်ပါက ဈေးအတွင်း ဝင်ခွင့်မပြုပါဘူး၊ ဈေးဝယ်ယူရာမှာလည်း တစ်ဦးနဲ့တစ်ဦး သုံးပေအကွာကနေ ရောင်းချ၊ ဝယ်ယူရမှာဖြစ်ပါတယ်။ ဈေးရောင်းချသူတွေရော ဈေးဝယ်ယူသူတွေပါ စည်းကမ်းချက်တွေကို လိုက်နာပြီး ပူးပေါင်းကူညီကြဖို့ မေတ္တာရပ်ခံပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်လွင်က ပြောသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ လူအများနှင့်ထိတွေ့မှုကို တတ်နိုင်သမျှ လျှော့ချပြီး အိမ်တွင်သာနေထိုင်ရန်၊ လူစုလူဝေး ရှောင်ကြဉ်ခြင်း၊ ဖြစ်နိုင်လျှင် အိမ်၌ ဧည့်သည်လက်ခံခြင်းမပြုရန်၊ လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာတွင် နေရန်၊ နေ့စဉ်ဘဝတွင် လူအများနှင့်ထိတွေ့မှု လျှော့ချနိုင်သမျှ လျှော့ချခြင်းဖြင့် ရောဂါကူးစက်မှု ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ လူအများနှင့် ထိတွေ့မှု မရှိဘဲ၊ အိမ်အတွင်း နေထိုင်သူများအနေဖြင့် ကူးစက်နိုင်ခြေ မရှိသလောက် နည်းပါးကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

# ကိုဗစ်-၁၉ ရောဂါကြောင့် ဘုရားဖူးများ အသွားအလာကန့်သတ်ထားစဉ် သမိုင်းဝင်ဖိုလ်ဝင်တောင်နယ်မြေမှ မျောက်များ အစားအစာအခက်အခဲဖြစ်နေ



**ယင်းမာပင် မေ ၁၉**

ကိုဗစ်-၁၉ ကြောင့် တန်ခိုးကြီးဘုရားများနှင့် အထင်ကရ နေရာများကို အသွားအလာ ကန့်သတ်ထားမှုများ ပြုလုပ်ထားရာ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် အတွင်းရှိ သမိုင်းဝင်ဖိုလ်ဝင်တောင်နယ်မြေနှင့် ရွှေဘတောင်တို့တွင် အမှီပြုနေထိုင်ကြသော မျောက်များအတွက် အစာရေစာများ အခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း ဖိုလ်ဝင်တောင် ဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါ တောင်တို့မှာလည်း ဘုရားဖူးအသွားအလာများသော နေရာတစ်ခုဖြစ်ရာ ယင်းသမိုင်းဝင် ဖိုလ်ဝင်တောင်နယ်မြေတွင် ကျင်လည်ကျက်စားလျက်ရှိသော မျောက်များမှာ ခရီးသွားများကကျွေးသည့် အစားအစာများကို မှီခိုစားသောက်နေရ၍ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် မတ် ၂၇ ရက်မှ စတင်၍ ဘုရားဖူး အသွားအလာများကို ကန့်သတ်ထားခဲ့သောကြောင့် ယခုလက်ရှိတွင် မျောက်စာကို ဖိုလ်ဝင်တောင် ဂေါပကအဖွဲ့က နေ့စဉ်တစ်ရက်လျှင် ပဲလေးပြည် ဝယ်ယူ ကျွေးမွေးနေရကြောင်း သိရသည်။

"ဒီတောင်တွေမှာ အမှီပြုနေထိုင်တဲ့မျောက်တွေက ဘုရားဖူးပြည်သူတွေက ကျွေးတဲ့အစာကိုပဲ စားကြရတာဆိုတော့ ဘုရားဖူးများလာရောက်မှုမရှိရင် အစာရှာမစားတတ်ကြဘူး။ အခုချိန်က နွေရာသီဆိုတော့ သစ်သီးသစ်ရွက်ကလည်းရှားနေတဲ့အချိန်ဆိုတော့ မျောက်စာက အခက်အခဲဖြစ်နေတယ်။ ကျွေးပေးနေရတယ်။ ရေရှည်ဆိုရင် ကျွန်တော်တို့အတွက်လည်း အခက်အခဲဖြစ်သလို မျောက်စာအတွက်လည်း အခက်အခဲ ဖြစ်နေပြီလို့ ပြောရမှာဖြစ်ပါတယ်။ အလှူရှင်ရှိတဲ့ရက်ဆို ကျွန်တော်တို့ဂေါပကအဖွဲ့က ပဲဝယ်ပြီး ကျွေးပေးရပါတယ်။ အစာအတွက်တင်မကဘဲ ရေကလည်း နွေမှာ ရေရှားနေတော့ တောင်ပေါ်က မျောက်တွေအတွက် တောင်ပေါ်မှာရှိတဲ့ ကျောက်ရေခွက်တွေထဲကို ရေထမ်းပြီး ဖြည့်ပေးနေရပါတယ်" ဟု ဖိုလ်ဝင်တောင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးချိုဦးက ပြောသည်။

အဆိုပါ ယင်းမာပင်ခရိုင် အတွင်းရှိ သမိုင်းဝင်ဖိုလ်ဝင်တောင် နယ်မြေနှင့် ရွှေဘတောင်တို့တွင် မျောက်အကောင်ရေ ၁၀၀၀ ကျော်ရှိပြီး ယင်းမျောက်များ စားသောက်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိရာ မျောက်စာများ လှူဒါန်းလိုပါက ဖိုလ်ဝင်တောင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးချိုဦး ၀၉-၇၇၅၇၇၇၁၁၄ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းဌေးအောင်**

# ဖာပွန်မြို့ ခေါ်ပုတ်တောင်ပေါ်တွင် ရေအရင်းအမြစ် ကွင်းဆင်းရှာဖွေ



**ဖာပွန် မေ ၁၉**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် ပြည်သူများသောက်သုံးရေရရှိရေးအတွက် ရေအရင်းအမြစ် ကွင်းဆင်းရှာဖွေခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ဖာပွန်မြို့ရှိ ပြည်သူများအတွက် သောက်သုံးရေရရှိရန် စိမ့်စမ်းရေသွယ်စနစ်ဖြင့် ပေးဝေနိုင်ရန် ဖာပွန်မြို့ ခေါ်ပုတ်တောင်ပေါ်တွင် ရေအရင်းအမြစ် သွားရောက်ရှာဖွေခဲ့ကြောင်း၊ အဆိုပါ ရေအရင်းအမြစ်ကွင်းဆင်း ရှာဖွေဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ အင်ဂျင်နီယာ ဒေါ်လဲ့လဲ့မွန်နှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း၊ နွေရာသီ ရေရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်ရေး ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ရေပေးဝေမှုကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ကွင်းဆင်းခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**စိုင်းကျော်ဝဏ္ဏ၊**
**တိုးဝေဇင်(ပြန်/ဆက်)**

# ရေရှားပါးသည့် ဒေသခံပြည်သူများထံ သောက်သုံးရေများ လှူဒါန်း

**လှိုင်းဘွဲ့ မေ ၁၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံကုန်းကလေး ကျေးရွာတွင် အပူချိန်မြင့်မားမှုနှင့်အတူ သောက်သုံးရေကန်များ၌ ရေလျော့ပါးခန်းခြောက်ခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး ရေရှားပါးသည့် ဒေသနေပြည်သူများ၏ တောင်းဆိုချက်အရ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရေလှူဒါန်းမှုများကို ယမန်နေ့က သွားရောက်လှူဒါန်းသည်။

ထီလုံကုန်းကလေးကျေးရွာသည် ထီလုံရေဘုတ်ဆည် အနီးတွင် တည်ရှိပြီး ယခုနှစ်တွင် ရာသီဥတုပူပြင်းမှုကြောင့် ဆည်ရေခန်းခြောက်မှု ဖြစ်ပေါ်ကာ ကျေးရွာသို့ ဖြတ်သန်းသွားသော ရေသွင်းမြောင်းများ ရေခန်းခြောက်ခြင်း၊ ကျေးရွာရှိ ရေတွင်းများ ခန်းခြောက်ခြင်းတို့ကြောင့် ဒေသခံများ၏ တောင်းဆိုမှုအရ သွားရောက်လှူဒါန်းပေးခြင်း ဖြစ်ကြောင်းနှင့်



ရေလိုအပ်ချက်ရှိသော အခြားကျေးရွာများကလည်း ရေလိုအပ်ချက်ရှိလာပါက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီး အရာရှိ ဦးစောအောင်မျိုးမြင့် ဖုန်း - ၀၉ - ၇၈၄၁၃၄၀၄၆ ထံသို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အများဆုံးရင်းနှီးမြှုပ်နှံ

**ရန်ကုန် မေ ၁၉**

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အများဆုံး ရင်းနှီးမြှုပ်နှံကြကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန(DICA)၏ စာရင်းများအရ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၃ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၅၄ ခုရှိပြီး ယင်းအနက် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၁၂၁ ခုရှိကြောင်း၊ အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂ ခုရှိပြီး ဒုတိယအများဆုံးဖြစ်ကာ Power ကဏ္ဍတွင် ခြောက်ခုဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကာလတူတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၅၀ ရှိပြီး ယင်းအနက် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၁၁၅ ခုရှိကြောင်း၊ အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၃ ခုရှိပြီး ဒုတိယအများဆုံးဖြစ်ကာ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ခုနစ်ခုဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ကိုဗစ်-၁၉ ကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) သို့ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လျော့ကျသွားခြင်းမရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က မေ ၇ ရက်တွင် ပြောကြားထားသည်။

MIC ထံ တင်ပြလာသည့် လုပ်ငန်းများတွင် အထည်ချုပ်လုပ်ငန်းများ၊ CMP စနစ်ဖြင့် လက်ခစားလုပ်ငန်းများ ပါဝင်ကြောင်း၊ လက်ရှိ ယင်းလုပ်ငန်း အချို့တွင် အလုပ်ရှင်၊ အလုပ်သမား အဆင်မပြေမှုများကြောင့် ဆန္ဒပြခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်းများရှိသော်လည်း တွန့်ဆုတ်ခြင်းမရှိဘဲ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

ယင်းတင်ပြလာသည့် လုပ်ငန်းများအနက် စက်မှုလက်မှုလုပ်ငန်းများ၊ လုပ်သားအခြေပြုလုပ်ငန်းများကို ဦးစားပေးခွင့်ပြုပေးလျက်ရှိကြောင်း၊ အဆိုပါ ခွင့်ပြုပေးသည့် လုပ်ငန်းများသည်လည်း ကိုဗစ်-၁၉ အလွန် ကာလတွင် စတင်အကောင်အထည်ဖော်နိုင်ရန်အတွက် ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အမြန်ဆုံး ခွင့်ပြုပေးနေကြောင်း ၎င်းက ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို အထောက်အကူပြုစေနိုင်သည့် ကျန်းမာရေး အထောက်အကူပြု နေ့စဉ်သုံး နှာခေါင်းစည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကျန်းမာရေးနှင့်ဆိုင်သည့် အထောက်အပံ့ဖြစ်မည့် လုပ်ငန်းများတင်ပြလာပါက လျင်မြန်စွာ ခွင့်ပြုနိုင်ရေး ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

**ငြိမ်းငြိမ်း**


# ရေလုပ်ငန်းရှင်များသိရှိစေရန် ကြေညာခြင်း

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြသည့် ကမ်းဝေး ငါးဖမ်း/ ငါးသယ်ရေယာဉ်အားလုံးတွင် E-MTU/ Transponder (VMS ကိရိယာ) များကို တပ်ဆင်ခဲ့ပြီးဖြစ်၍ ကမ်းနီးငါးဖမ်းကွက်များ၊ LMMA၊ Co - Management ဧရိယာများ၊ လန်ပိကျွန်းဧရိယာ (MPA)နှင့် တားမြစ်ထားသည့် ငါးဖမ်းကွက်(F13, F14, F20, F21)များသို့ ဝင်ရောက်ငါးဖမ်းသည့် ရေယာဉ်များအား VMS Control Center များမှ စောင့်ကြည့်ထိန်းချုပ်ခြင်း လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိကာ စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်များ၏ ပိုင်ရှင်များ၊ ရေယာဉ်မှူးများနှင့် သက်ဆိုင်ရာ အေးဂျင့်များအား ဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဆက်သွယ်သတိပေးခြင်း၊ တားမြစ်ဧရိယာများမှ အမြန်ဆုံးထွက်ခွာစေခြင်း စသည်တို့ကို ပညာပေးကာလအနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(၂၁-၄-၂၀၂၀)ရက်နေ့မှ စတင်၍ **စည်းကမ်းဖောက်ဖျက်သည့် ကမ်းဝေး ငါးဖမ်း/ ငါးသယ်ရေယာဉ်စာရင်းအား** ငါးလုပ်ငန်းဦးစီးဌာန၏ Website ဖြစ်သည့် www.dof.gov. mm မှတစ်ဆင့် နေ့စဉ်ထုတ်ပြန်သတိပေးကြေညာသွားမည်ဖြစ်ပြီး သက်ဆိုင်ရာရေယာဉ်ပိုင်ရှင်များ အနေဖြင့် အဆိုပါစာရင်းတွင် ပါဝင်သည့် မိမိတို့၏ ရေယာဉ်များအား စည်းကမ်းဖောက်ဖျက်မှုမရှိစေရေး အထူးအလေးထားလိုက်နာဆောင်ရွက်သွားရန်နှင့် စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်များအား ငါးလုပ်ငန်းဦးစီးဌာန၏ ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့် ညွှန်ကြားချက်အမှတ် - ၅/၂၀၁၈ နှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ရေလုပ်ငန်းရှင်များသိရှိစေရန် ကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**

# အကြံပြုလမ်းညွှန် ဒန့်သလွန်

ဒေါက်တာ မောင်မောင်တာ

ဒန့်သလွန် (Moringa spp) သည် ကမ္ဘာ၏ အသုံးဝင်သော အပင်များအနက် တစ်မျိုးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဒန့်သလွန်ပင်များသည် သင့်လျော်သောမြေနှင့် ကောင်းမွန်သော ရာသီဥတုအခြေအနေများကြောင့် သဘာဝအရ ပေါက်ရောက်သည်။ ယင်းအကြီးမြန်သော သစ်ပင်သည် လူ့စားစရာ၊ တိရစ္ဆာန်အစားအစာ၊ ဆေးဝါး၊ ဆိုးဆေးနှင့် ရေသန့်စင်ခြင်းတို့အတွက် အပူပိုင်းဒေသတစ်လျှောက် စိုက်ပျိုးခဲ့ကြသည်။ ဒန့်သလွန်သည် ဒန့်သလွန် ရွက်အမှုန့်၊ ဟင်းသီးဟင်းရွက်ဆီ၊ အလှကုန်၊ အာဟာရဖြည့်စွက်ဆေးဝါးနှင့် ဆေးဝါးစသည့် အမျိုးမျိုးသော ရည်ရွယ်ချက်များအတွက် ထုတ်ကုန်များစွာကို ထုတ်လုပ်နိုင်သော စွယ်စုံသုံး အပင်များထဲမှ တစ်မျိုးဖြစ်သည်။ နိုင်ငံများစွာတွင် ကွဲပြားခြားနားသော အမည်များကို ခေါ်ကြသော်လည်း လူကြိုက်များသောအမည်မှာ ဒရမ်တီးသမားများသည် ယင်း၏ သီးတောင့်ကို အသုံးပြုခဲ့ကြသည့်အတွက် drum stick အပင်ဟုလည်းခေါ်သည်။

ဒန့်သလွန်သည် ကမ္ဘာ့အာဟာရအများဆုံး သီးနှံများအနက် တစ်ခုဖြစ်သည်။ ဒန့်သလွန်အရွက်သည် မုန်လာဥနီထက် beta-carotene ပိုမိုသည်။ ပဲစေ့များထက် ပရိုတိန်း ပိုမိုသည်။ လိမ္မော်သီးထက် ဗီတာမင်စီ ပိုမိုသည်။ နွားနို့ထက် ကယ်လ်ဆီယမ် ပိုမိုသည်။ ငှက်ပျောသီးထက် ပိုတက်ဆီယမ် ပိုမိုသည်။ ဟင်းနုနယ်ရွက်ထက် သံဓာတ်ပိုမိုသည်။ ယင်းအပင်၏ မူရင်းဒေသသည် တောင်အာရှဒေသဖြစ်ပြီး ယင်းဒေသ၏ အဓိကအာဟာရ အရင်းအမြစ်တစ်ခု ဖြစ်လာသည်။ ဒန့်သလွန်၏ မျိုးစုံအသုံးပြုနိုင်မှုသည် သုတေသီများ၊ ဖွံ့ဖြိုးရေးလုပ်သားများနှင့် တောင်သူများ၏ အာရုံကို ဆွဲဆောင်ခဲ့သည်။

## ရာသီဥတုနှင့် မြေဆီလွှာလိုအပ်ချက်များ

ဒန့်သလွန်သည် သဘာဝပတ်ဝန်းကျင် အခြေအနေများကို ကျယ်ပြန့်စွာ ခံနိုင်ရည်ရှိသည်။ အပူချိန် ၂၅ မှ ၃၅ ဒီဂရီစင်တီဂရိတ်အကြား အကောင်းဆုံးစိုက်ပျိုးနိုင်၍ အရိပ်အောက်တွင် ၄၈ ဒီဂရီစင်တီဂရိတ် အထိ ခံနိုင်ရည်ရှိနိုင်ပြီး ဆီးနှင်းဒဏ်အသင့်အတင့်တွင် ရှင်သန်နိုင်သည်။ တစ်နှစ်မိုးရေချိန် ၂၅၀ မှ ၁၅၀၀ မီလီမီတာ ရရှိသော ဧရိယာများတွင် ကောင်းစွာစိုက်ပျိုးနိုင်သည်။ ပင်လယ်ရေမျက်နှာပြင်အမြင့် မီတာ ၆၀၀ အောက်တွင် အကောင်းဆုံးဖြစ်ထွန်းနိုင်သလို ၁၂၀၀ မီတာ အထက်မြင့်သော အပူပိုင်းဒေသများတွင်လည်း စိုက်ပျိုးနိုင်သည်။ ဒန့်သလွန်သည် ရေကောင်းစွာစီးဆင်းနိုင်သော သဲနုန်း သို့မဟုတ် နုန်းမြေကို ကြိုက်နှစ်သက်ပြီး ရွှံ့စေးမြေတွင်လည်း စိုက်ပျိုးနိုင်သည်။ သို့သော် ကာလကြာရှည် ရေဝပ်ပြီး ရေသွင်းရေထုတ်ညံ့ဖျင်းပါက မရှင်သန်နိုင်ပေ။ မြေအချဉ်ငန် ဓာတ် ၅.၀-၉.၀ အထိ ခံနိုင်ရည်ရှိသည်။ ဒန့်သလွန်သည် မြေယာပြင်ဆင်မှုကို နှံ့နှံ့စပ်စပ် ပြုလုပ်ရန်နှင့် စိုက်ပေါင်ကို ကောင်းစွာပြင်ဆင်ရန် လိုအပ်သည်။ ဒန့်သလွန်ကို ရေသွင်း ရေထုတ် လွယ်ကူချောမွေ့စေရန် စိုက်ပေါင်အမြင့် ၃၀ စင်တီမီတာတွင် စိုက်ပျိုးသည်။ စိုက်ပေါင်အကျယ်မှာ ၆၀-၂၀၀ စင်တီမီတာ ဖြစ်သည်။

## မျိုးရွေးချယ်ခြင်း

ဒန့်သလွန်မျိုးစိတ်များအကြား M.oleifera နှင့် M.stenopetala ကို အများဆုံး စိုက်ပျိုးကြသည်။ M.olerifera ကို အများဆုံးကျယ်ပြန့်စွာ စိုက်ပျိုးပြီး ယခုလမ်းညွှန်တွင် ယင်းကိုဦးတည်သည်။ M.oleifera အတွင်း မျိုးများသည် ကြီးထွားသောအလေ့အထ၊ အရွက်၊ ပန်းပွင့်နှင့် သီးတောင့်လက္ခဏာများတွင် ကွဲပြားသည်။ ပိုမိုသာလွန်ကောင်းမွန်သော ထုတ်လုပ်မှုနှင့် အာဟာရ အရည်အသွေးများအတွက် စက်မှုသီးနှံသုတေသနဌာနစု၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန (ရေဆင်း) တွင် များပြားသော မျိုးလိုင်းများကိုအကဲဖြတ်လျက်ရှိသည်။ ယခုကျွန်ုပ်တို့သည် စိုက်ပျိုးသူများကို ဒေသအလိုက် သဟဇာတဖြစ်သော မျိုးလိုင်းများအား အသုံးပြုရန်အကြံပြုသည်။ ပိုမိုသာလွန်ကောင်းမွန်သော အမျိုးအစား လက္ခဏာများတွင် ကျယ်ပြန့်ပြီး မှောင်မိုက်သော အစိမ်းရောင် အရွက်များ၊ ရှည်လျားပြီး နူးညံ့သော အတောင့်များ၊ ချုံပုတ် ကဲ့သို့ပုံစံနှင့် ပြုပြင်ပြီးနောက် လျင်မြန်သော ပြန်လည် ကြီးထွားမှုတို့ ပါဝင်သည်။



**“မြန်မာနိုင်ငံတွင် ဒန့်သလွန်အရွက်များနှင့် မျိုးစေ့ထုတ်လုပ်ရာ၌ စီးပွားရေးအတိုင်းအတာအရ အောင်မြင်မှုရရန် ဒန့်သလွန်ပင်များကို စနစ်တကျတိုးချဲ့စိုက်ပျိုးရန် လိုအပ်သည်။ လက်ရှိရှိပြီးသား အသေးစားစိုက်ခင်းများကို စက်မှုဇုန်စိုက်ခင်းများ သို့မဟုတ် အကွက်ကျယ်စိုက်ခင်းများဖြင့် ဖြည့်စွက်ပေါင်းစပ်သင့်”**

## စိုက်ပျိုးခြင်းနည်းလမ်းများ

ဒန့်သလွန်ကို တိုက်ရိုက်စိုက်ပျိုးခြင်း၊ ရွှေ့ပြောင်းစိုက်ပျိုးခြင်း သို့မဟုတ် ပင်စည် ကိုင်းဖြတ်အသုံးပြုခြင်းတို့ဖြင့် စိုက်ပျိုးသည်။ တိုက်ရိုက်စိုက်ပျိုးခြင်းသည် မျိုးစေ့အမြောက်အမြားရရှိနိုင်ပြီး လုပ်သားအကန့်အသတ်ဖြစ်လျှင် အသုံးပြုသည်။ ရွှေ့ပြောင်းစိုက်ပျိုးခြင်းသည် စိုက်ကွင်းစိုက်ပျိုးခြင်းတွင် ပြောင်းလွယ် ပြင်လွယ်မှုကို ခွင့်ပြုသော်လည်း အပိုလုပ်အားနှင့် ပျိုးပင်များအတွက် ကုန်ကျစရိတ်လိုအပ်သည်။ ကိုင်းထိုး စိုက်ပျိုးခြင်းတွင် မျိုးစေ့ ရရှိနိုင်မှု အကန့်အသတ်ရှိပြီး လုပ်သားပေါများပါက အသုံးပြုသည်။

## မြေသြဇာကျွေးခြင်း

ဒန့်သလွန်ကို မြေအများစုတွင် နောက်ဆက်တွဲ မြေသြဇာမပါဘဲ ကောင်းစွာစိုက်ပျိုးနိုင်သည်။ ဒန့်သလွန်၏ ကျယ်ပြန့်ပြီး နက်ရှိုင်းသော အဖွဲ့ဖွဲ့စည်းမှုကြောင့် အပင်ဖြစ်ထွန်းပြီးပါက မြေထဲမှ အာဟာရဓာတ်များကို စွမ်းဆောင်နိုင်သည်။ အကောင်းဆုံးကြီးထွားမှုနှင့် အထွက်နှုန်းများအတွက် စိုက်ပျိုးချိန်တွင် မြေသြဇာကို ကျွေးသည်။ အပင်ခြေပတ်ပတ်လည် (အခြေမှ ၁၀-၂၀ စင်တီမီတာ) ကျင်းများကို တူးပြီး အပင်တစ်ပင်ကို ရောင်းတမ်း နိုက်ထရိုဂျင် မြေသြဇာ ၃၀၀ ဂရမ် ခန့်ကျွေးပါ။ အကယ်၍ ရောင်းတမ်း နိုက်ထရိုဂျင် မြေသြဇာမရှိပါက မြေဆွေး သို့မဟုတ် ကောင်းစွာ ဆွေးမြည့်နေသော နွားချေးကို တစ်ပင် ၁ - ၂ ကီလိုဂရမ် နှုန်းဖြင့်အသုံးပြုပါ။ ဖြစ်နိုင်ပါက ဒန့်သလွန် စိုက်ခင်းတွင် ဓာတုသွင်းအားစုများကို အသုံးမပြုလျှင် ပိုမိုကောင်းမွန်ပါသည်။

## ရေသွင်းခြင်း

အစောပိုင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ရွှေ့ပြောင်းပြီးနောက် အပင်သစ်များကို ချက်ချင်းရေပေးပါ။ ခြောက်သွေ့ပြီး မိုးနည်းရေရှားရာသီဥတုများတွင် ပထမနှစ်လအတွင်း ရေပုံမှန်သွင်းပါ။ အပင်ဖြစ်ထွန်းသွားပါက ဒန့်သလွန်သည် ရေလောင်းရန်လိုအပ်မှုသည် အလွန်ရှားရှားပါးပါးဖြစ်သည်။ ကောင်းစွာ အမြစ်တွယ်သော အပင်သည် ခြောက်သွေ့မှုကိုခံနိုင်ပြီး ညှိုးနွမ်းမှုထင်ရှားလာသည့် အခါမှသာ ရေသွင်းရန် လိုအပ်သည်။

## ပေါင်းနှိမ်နင်းခြင်း

စိုက်ပျိုးမှုမတိုင်မီအစောပိုင်း ပေါင်းကြီးထွားမှုကို ဖိနှိပ်ရန် မြေကို ကြေညက်စွာပြုပြင်ပါ။ အပင်ငယ်တစ်ပင်စီ၏ အခြေပတ်ပတ်လည်တွင် ကောက်ရိုး သို့မဟုတ် ပလတ်စတစ်ဖြင့် ဖုံးအုပ်ပေးပါ။ စိုက်ပေါင်များနှင့် အတန်းများအကြား ပေါင်းကင်းစင်သော စိုက်ပျိုးခြင်းဖြစ်ရန် ပုံမှန်ထွန်ယက်ခြင်းဖြင့် ထိန်းသိမ်းပါ။

## ပိုးမွှားများနှင့် ရောဂါများကို ထိန်းချုပ်ခြင်း

ဒန့်သလွန်သည် ပိုးမွှားများနှင့် ရောဂါများအများစုကို ခံနိုင်ရည်ရှိသော်လည်း တချို့အခြေအနေများအောက်တွင် ဖြစ်ပေါ်နိုင်သည်။ ဥပမာ- မြစ်ပုပ် ရောဂါသည် ရေဝပ်သော မြေများတွင် ဖြစ်ပေါ်နိုင်ပြီး အပင်များတွင် ပြင်းထန်သော ညှိုးနွမ်းမှုနှင့် သေဆုံးမှုကို ဖြစ်ပေါ်စေသည်။ အခြားအင်းဆက်ပိုးမွှားများမှာ ခြများ၊ ပျများ၊ ရွက်စားပိုးများ၊ ယင်ဖြူများနှင့် ခူကောင်များဖြစ်သည်။

ဓာတုဆိုင်ရာ အင်းဆက်ပိုးမွှား နှိမ်နင်းခြင်းကို ပြင်းထန်သော ပိုးမွှားကျရောက်ခြင်းများ ဖြစ်ပေါ်မှသာ အသုံးပြုသင့်သည်။ ပျိုးပင်များကို မွေးမြူရေးတိရစ္ဆာန်များ ဘေးရန်မှ စည်းရိုးပြုလုပ်ခြင်း သို့မဟုတ် အကွက်ပတ်လည်တွင် စည်းရိုးအပင် စိုက်ပျိုးခြင်းဖြင့် ကာကွယ်ပါ။ စိုက်ပျိုးသူများသည် ဒေသဆိုင်ရာ မြေဆီလွှာ၊ ရာသီဥတု၊ ပိုးနှင့် ရောဂါအခြေအနေများနှင့် ကိုက်ညီစွာ စိုက်ပျိုးရေး အလေ့အကျင့်များကို ပြုပြင်မွမ်းမံ အသုံးပြုရန် လိုအပ်ပေမည်။

## ကိုင်းဖြတ်ခြင်း

ဒန့်သလွန်ကို ကိုင်းများစေရန်၊ အထွက်နှုန်းတိုးစေရန်နှင့် ခူးဆွတ်မှု လွယ်ကူချောမွေ့စေရန် အပင်၏ ပုံမမှန် (သို့မဟုတ်) မလိုလားသော ကိုင်းများကို ဖြတ်တောက်ပေးသင့်သည်။ အကယ်၍ အဓိကပင်စည်ကို မခုတ်ဘဲ ကြီးထွားစေပါက လျင်မြန်စွာကြီးထွားသော အပင်သည် ဖြောင့်တန်းစွာကြီးထွားကာ အပင်အရပ်မြင့်ပြီး အဓိကပင်စည်ပေါ်တွင်သာ အရွက်များနှင့် အသီးများကို ထုတ်လုပ်မည်။

အကယ်၍ အပင်ကို သီးတောင့်ထုတ်လုပ်မှုအတွက် စိုက်ပျိုးခဲ့ပါက ပထမနှစ်အတွင်း ပန်းပွင့်များကိုဖယ်ပါ။ ထိုသို့ပြုလုပ်ခြင်းသည် အပင်ငယ်၏ စွမ်းအင်သည် သီးတောင့်များထက် ပင်ပိုင်းဆိုင်ရာနှင့် အမြစ်ဖွံ့ဖြိုးတိုးတက်မှုသို့ ဦးတည်သွားပြီး အနာဂတ်တွင် ပိုမိုသန်စွမ်း၍ ထုတ်လုပ်နိုင်စွမ်းရှိသော အထွက်နှုန်းကိုဖြစ်ပေါ်စေသည်။ ထုတ်လုပ်နိုင်စွမ်းမရှိသော သို့မဟုတ် ခူးဆွတ်ရန် လွယ်ကူမှုအတွက် အလွန်မြင့်သော အသက်ကြီးသော အပင်များကို မြေပြင်အမြင့်တွင် ကိုင်းဖြတ်ပြုပြင်နိုင်သည်။ အခြေမှ အညွန့်သစ်များ လျင်မြန်စွာထွက်ပေါ်လာလိမ့်မည်။

## အရွက်ခြွေခူးခြင်း

ပုံမှန်အားဖြင့်အနည်းဆုံး တစ်နှစ်ခန့်အကြာတွင် အပင်အမြင့် ၁.၅-၂ မီတာတွင် အရွက်များကို ခြွေခူးနိုင်သည်။ ကိုင်းများမှ အရွက်အညှာများကို ခြွေခြင်းဖြင့်အရွက်များကို ခူးယူပါ။ သစ်လွင်သော အညွန့်အဖျားများကို ခူးယူခြင်းသည် ပင်မကိုင်းများကို ဖြတ်ထားသည့် တစ်လျှောက်တွင် ဘေးကိုင်းများ ဖွံ့ဖြိုးမှုကို မြှင့်တင်စေလိမ့်မည်။ နောက်ဆက်တွဲ ခြွေခူးမှုများမတိုင်မီ အညွန့်များနှင့် ကိုင်းများ အသစ်ထွက်မှုအတွက် အပင်များကို ခွင့်ပြုပါ။ အကယ်၍အပင်များကို နီးကပ်စွာနှင့် မြင့်မားသော သိပ်သည်းမှုတွင် စိုက်ပျိုးထားပါက မြေပြင်အထက် ၁၀-၂၀ စင်တီမီတာခန့်တွင် အပင်များကို ဖြတ်ပါ။

ဒန့်သလွန်အရွက်များသည် ခြွေခူးပြီးနောက် လွယ်ကူစွာအစိုဓာတ်ဆုံးရှုံးနိုင်ခြင်းကြောင့် ဖြစ်နိုင်မည်ဆိုပါက နံနက်စောစောတွင် ခြွေခူးပြီး ယင်းနေ့တွင်ပင် ရောင်းချပါ။ ပန်းပွင့်များနှင့် သီးတောင့်များသည် ပုံမှန်အားဖြင့် ကြီးထွားမှု၏ ဒုတိယနှစ်အတွင်း ထုတ်လုပ်သည်။ သီးတောင့်များကို မကြီးရင့်သော၊ နူးညံ့သော၊ စိမ်းသော အခြေအနေတွင် ခူးဆွတ်ပါ။ ၎င်းတို့ကို အစိမ်းရောင်ပဲများအဖြစ် စားသုံးသည်။ ကြီးရင့်သောအတောင့်များသည် အမျှင်များပြီး ကြမ်းတမ်းသောအခွံဖြစ်သော်လည်း ၎င်းတို့၏ အသားနှင့် မရင့်မှည့်သော အစေ့များသည် ရင့်မှည့်မှုကာလစတင်ခြင်းမဖြစ်မီ အချိန်တိုလေးအတွင်း စားသုံးနိုင်သည်။ မရင့်မှည့်သော အစေ့များကို အစိမ်းရောင် ပဲများနှင့်အလားတူ ဟင်းအမယ်များတွင် အသုံးပြုနိုင်သည်။

## ရင့်မှည့်သောအစေ့များကို စုဆောင်းခြင်းနှင့် သိုလှောင်ခြင်း

ရင့်မှည့်သောအတောင့်များတွင် ရင့်မှည့်သောအစေ့များ ပါဝင်ပြီးနောက် သီးနှံစိုက်ပျိုးရန် သို့မဟုတ် ဆီထွက်ရန်အတွက် အသုံးပြုသည်။ ဆီထုတ်ရန်အတွက် အစေ့များကို ထုတ်လုပ်သည့်အခါ အတောင့်များကို အပင်ပေါ်တွင် ခြောက်သွေ့ပြီး အညိုရောင်ပြောင်းသည်အထိထားပါ။ သီးတောင့်များ ကွဲအက်ပွင့်ထွက်ပြီး မြေပြင်ပေါ်သို့ကျရောက်မှု မတိုင်ခင်ခူးပါ။ မျိုးစေ့များကို လေဝင်လေထွက်ကောင်းသော အိတ်များဖြင့် အေး၍ခြောက်သွေ့ပြီး အရိပ်ရှိသည့်နေရာတွင် သိုလှောင်ပါ။ မျိုးစေ့သည် စိုက်ပျိုးရန်အတွက် နှစ်နှစ်ခန့် အသက်ရှင်နိုင်သည်။

## ဒန့်သလွန်ဈေးကွက်နှင့် အလားအလာ

တစ်ကမ္ဘာလုံးတွင် ဒန့်သလွန်ရွက်မှုန့်နှင့် ဒန့်သလွန်ဆီကဲ့သို့သော ဒန့်သလွန်ထုတ်ကုန်များ၏ ဝယ်လိုအားကြီးထွားလျက်ရှိသည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များသည် ဒန့်သလွန်ကို အာဟာရဖြည့်တင်းခြင်းနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် မည်သို့အကောင်းဆုံး အသုံးပြုရမည်ကို ရှာဖွေနေကြသည်။ မြန်မာနိုင်ငံတွင် ဒန့်သလွန်သည် အလွန်လူသိများသော်လည်း ယခုတိုင် စီးပွားဖြစ်အသုံးမချရသေးပေ။ ဒန့်သလွန်ပင်သည် သင့်တော်သော မြေနှင့် ကောင်းမွန်သော ရာသီဥတုအခြေအနေများကြောင့် ပုံမှန်အားဖြင့် နိုင်ငံအနှံ့ပေါက်ရောက်သည်။ သို့သော် ဒန့်သလွန်စိုက်ခင်းများ အလွန်ရှားပါးပြီး လက်ရှိတွင် ဒန့်သလွန်ရွက်အမှုန့် ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ ရောင်းဝယ်ခြင်းသည် ပြည်တွင်းအဆင့်၌ အလွန်သေးငယ်သောပမာဏရှိသည်။

မြန်မာနိုင်ငံတွင် ဒန့်သလွန်အရွက်များနှင့် မျိုးစေ့ထုတ်လုပ်ရာ၌ စီးပွားရေးအတိုင်းအတာအရ အောင်မြင်မှုရရန် ဒန့်သလွန်ပင်များကို စနစ်တကျတိုးချဲ့စိုက်ပျိုးရန် လိုအပ်သည်။ လက်ရှိရှိပြီးသား အသေးစားစိုက်ခင်းများကို စက်မှုဇုန်စိုက်ခင်းများ သို့မဟုတ် အကွက်ကျယ်စိုက်ခင်းများဖြင့် ဖြည့်စွက်ပေါင်းစပ်သင့်သည်။ ရှင်သန်နိုင်၍ သန့်ရှင်းပြီး ရောဂါကင်းသော မျိုးစေ့များကို ရရှိသင့်ပြီး လုံလောက်သော စိုက်ပျိုးနည်းစနစ်များကို အသုံးပြု၍ အထွက်နှုန်းတိုးအောင် ဆောင်ရွက်သင့်သည်။

ဒန့်သလွန်အရွက်များ ပြုပြင်ထုတ်လုပ်ခြင်းသည် နည်းပညာပိုင်းအရ မရှုပ်ထွေးသော်လည်း ထိရောက်သော ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ရန် လိုအပ်သည်။ မြင့်မားသော တစ်ကိုယ်ရေသန့်ရှင်းမှု စံနှုန်းများရှိသည့် ပြုပြင်ထုတ်လုပ်သော စင်တာများကို ပုဂ္ဂလိကများ သို့မဟုတ် သမဝါယမအသင်းအဖွဲ့များက တည်ထောင်လည်ပတ်သင့်သည်။ စိုက်ပျိုးသူများနှင့် အသင်းအဖွဲ့များကို လုံလောက်သော အဆင့်မီပြုပြင်ထုတ်လုပ်ခြင်း နည်းလမ်းများအား ထောက်ပံ့ကူညီသင့်သည်။ ဒန့်သလွန်ထုတ်ကုန်များအတွက် နိုင်ငံတကာဆိုင်ရာ အရည်အသွေးနှင့် အစားအစာ လုံခြုံမှုစံနှုန်းများ ဖော်ထုတ်ရန် လိုအပ်သည်။ ထို့အပြင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုဆိုင်ရာ သင်တန်းများနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်များကို ပြုလုပ်သင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မျိုးသစ်အဖြစ် တင်သွင်းလျှောက်ထားဆဲဖြစ်သည့် ရွှေဖရုံမျိုးသစ် နှစ်မျိုး၏ မျိုးစေ့ထုတ်လုပ်ခြင်း သုတေသနဆောင်ရွက်

**နေပြည်တော် မေ ၁၉**
စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရေဆင်း) ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်သုတေသနဌာနစုမှ စိုက်ပျိုးရေးပညာရှင်များက တောင်သူများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရန် အထွက်နှုန်းကောင်းမွန်သည့် ရွှေဖရုံမျိုးသစ် နှစ်မျိုး၏ မျိုးစေ့ထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**




အပူပိုင်းဒေသနှင့် သင့်တော်၍ ရောဂါဒဏ်ခံနိုင်ရည်ရှိကာ အထွက်နှုန်းကောင်းသည့် ရွှေဖရုံမျိုးများ ရှာဖွေဖော်ထုတ်ခြင်း သုတေသနဆောင်ရွက်မှု၏ လေ့လာတွေ့ရှိချက်များအရ ရွှေဖရုံမျိုးသစ် နှစ်မျိုးဖြစ်သည့် AVPU 1502 နှင့် AVPU 1507 တို့သည် အပူချိန် ၁၈ ဒီဂရီ စင်တီဂရိတ်မှ ၄၁ ဒီဂရီ စင်တီဂရိတ်အတွင်း စိုက်ပျိုးဖြစ်ထွန်းခြင်း၊ ဖရုံသခွားမျိုးများတွင် ကျရောက်သည့် ဗိုင်းရပ်စ်ရောဂါ၊ ဖားဥမှိုရောဂါနှင့် ဒေါင်းနီးမှိုရောဂါဒဏ် ခံနိုင်ရည် အသင့်အတင့်ရှိခြင်း၊ အသီးအရည်အသွေးကောင်းခြင်း၊ အထွက်နှုန်း မြင့်မားခြင်းနှင့် အချိုဓာတ်ပါဝင်မှု ရာခိုင်နှုန်း မြင့်မားခြင်းစသည့် အရည်အချင်းလက္ခဏာများရှိကြောင်း ရှာဖွေတွေ့ရှိခဲ့ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရေဆင်း) ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်သုတေသန ဌာနစုမှ သိရသည်။

AVPU 1502 နှင့် AVPU 1507 သဘာဝဝတ်မှုန်ကူး ရွှေဖရုံမျိုးသစ် နှစ်မျိုးကို မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ (TSC) သို့ မျိုးသစ်အဖြစ် အသိအမှတ်ပြုရန်အတွက် လျှောက်ထားခဲ့ပြီး မကြာမီအချိန်အတွင်း စိုက်ပျိုးထုတ်လုပ်သူ တောင်သူများလက်ဝယ်သို့ ဖြန့်ဝေနိုင်ရေးအတွက် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်သုတေသနဌာနစုမှ သုတေသနပညာရှင်များက မျိုးစေ့ထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက ပြောသည်။

ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီမှုရှိ၍ ရေ၊ မြေ၊ ဒေသအလိုက် ဖြစ်ထွန်းမှုရှိသည့် အရည်အသွေးကောင်း၊ အထွက်ကောင်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသီးနှံမျိုးများ မွေးမြူထုတ်လုပ်ခြင်း အစီအစဉ်သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်သုတေသနဌာနစု၏ အရေးပါသည့် သုတေသနလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ အဆိုပါ သုတေသနအစီအစဉ်အရ ခရမ်းချဉ်၊ ခရမ်း၊ ငရုတ်၊ ဟင်းစားပဲပုပ်၊ ရွှေဖရုံ၊ ကြက်ဟင်းခါး၊ ကန်စွန်းဥ၊ ပိန်းဥနှင့် နနွင်း အပါအဝင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသီးနှံမျိုးများ မွေးမြူထုတ်လုပ်ခြင်း သုတေသနများကို ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**မေမိုးသဲ**

# ငှါးသရောက်မြစ်ရေတင်ဖြင့် နွေပဲတီစိမ်းစိုက်တောင်သူများ ဧက ၇၀၀ စိုက်ပျိုးအောင်မြင်

**ငှါးသရောက် မေ ၁၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငှါးသရောက်မြစ်ရေတင်ဖြင့် စိုက်ပျိုးထားသည့် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု တောင်ဖက်တန်းကွင်း နွေပဲတီစိမ်းစိုက်တောင်သူများ ပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်းကာ ဆွတ်ခူး ရောင်းချချိန် ဈေးနှုန်းကောင်းရန် မျှော်လင့်နေကြသည်။

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု တောင်ဖက်တန်းကျေးရွာကွင်းတွင် နွေပဲတီစိမ်း စိုက်ဧက ၇၀၀ ကျော်ရှိပြီး ပဲတီစိမ်းစိုက်ခင်းများ ကောင်းမွန်ကာ ပဲတီစိမ်းဆွတ်ခူးရောင်းချချိန် ဈေးနှုန်းကောင်းရန် မျှော်လင့်နေကြောင်း ပဲတီစိမ်းစိုက်တောင်သူများထံမှ သိရသည်။

မနှစ်က နွေပဲတီစိမ်းပေါ်ချိန် တစ်တင်းလျှင် ငွေကျပ် ၃၉၀၀၀ ရောင်းချရပြီး ပဲတီစိမ်းစိုက်တောင်သူများ အကြိုက် ဈေးနှုန်းဖြစ်ခဲ့ကာ ယခုနှစ် ပဲတီစိမ်းပေါ်ချိန် မနှစ်က ဈေးနှုန်းမျိုးရရှိရန် တောင်သူများ မျှော်လင့်နေကြောင်း နွေပဲတီစိမ်းစိုက်တောင်သူ ဦးဆန်းကျော်က ပြောသည်။

နွေပဲတီစိမ်း စတင်စိုက်ပျိုးချိန်သည် ဖေဖော်ဝါရီလလယ်လောက်တွင် စတင်စိုက်ပျိုးကြကာ စိုက်ပျိုးပြီး ၄၅ ရက် ရှိလျှင် ပဲတီစိမ်း အဖူး၊ အပွင့်များ စတင်ပွင့်ပြီး နှစ်လပြည့် လျှင် စတင်ခူးဆွတ်ရကြောင်း၊ ထွက်ရှိလာသည့် နွေပဲတီစိမ်းများကို ပခုက္ကူဈေးကွက်သို့ ရောင်းချကြကြောင်း သိရသည်။ ငှါးသရောက်မြစ်ရေတင်မှ ရေသွင်းခ တစ်ဧကလျှင် နွေပဲတီစိမ်းတစ်သီးအပြီးအထိ ငွေကျပ် ၃၀၀၀ ပေးရပြီး ငါးကြိမ်၊ ခြောက်ကြိမ်အထိ ရေသွင်းပေးရကြောင်း သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန်လိုအပ်ပါက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူလယ်သမားများ နွေနှင့် မိုးစပါးစိုက်ပျိုး ထွန်ယက်ခြင်းနှင့် ထွက်ရှိလာသော သီးနှံများ ရိတ်သိမ်းခြွေလှေ့ချိန်လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ပျဉ်းမနားမြို့နယ်တွင် သမဝါယမအသင်းစုချုပ်၏ လယ်ယာဝန်ဆောင်မှုအသင်းနှင့် လယ်ဝေးမြို့နယ်တွင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏လယ်ယာလုပ်ငန်းများမှ ထွက်ရှိလာမည့် စပါးများ ရိတ်သိမ်းခြွေလှေ့လိုလျှင်လည်းကောင်း၊ ရာသီအမီစိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်လိုလျှင်လည်းကောင်း ဝန်ဆောင်မှုသမဝါယမအသင်းများမှ သင့်လျော်သောဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

ဒုတိယညွှန်ကြားရေးမှူး - ၀၉ - ၂၆၂၇၅၈၃၆၅ / ၀၉-၇၉၆၉၂၉၈၁၈
လက်ထောက်ညွှန်ကြားရေးမှူး - ၀၉ - ၂၅၆၀၈၈၅၂၅
ဦးကျော်ဆန်း (အတွင်းရေးမှူး) အသင်းစုချုပ်လယ်ယာဝန်ဆောင်မှုကော်မတီ (ပျဉ်းမနား) - ၀၉ - ၄၂၀၇၅၀၁၈၄
ဦးသန်းနွဲ့ (အတွင်းရေးမှူး) လယ်ဝေးမြို့နယ်သမဝါယမအသင်းစု - ၀၉ - ၇၉၈၃၄၃၆၂၂
ဦးစိုးဝင်းသန်း (အတွင်းရေးမှူး) လယ်ဝေးမြို့နယ်လယ်ယာဝန်ဆောင်မှုအသင်း - ၀၉ - ၇၉၉၁၉၉၄၄၅ / ၀၉ - ၄၂၀၇၇၀၁၁၅

**သမဝါယမဦးစီးဌာန**

# မတ်ပဲဈေးနှုန်းသကြၤန်အလွန် ဈေးတက်နိုင်

**ရန်ကုန် မေ ၁၉**
ရန်ကုန် ပဲဈေးကွက်အတွင်း မတ်ပဲဈေးနှုန်းများ အတက်အကျဖြစ်နေရာမှ သကြၤန်မတိုင်မီ ဧပြီလ ဒုတိယပတ်အတွင်းတွင် ဈေးနှုန်းမြင့်တက်လာရာ ဧပြီ ၉ ရက် တွင် မတ်ပဲ RC (၂၀၂၀ ပြည့်နှစ်ထွက်) တစ်တန် ငွေကျပ် ၉၈၆၀၀၀ နှုန်း၊ မတ်ပဲ SQ/RC တစ်တန် ငွေကျပ် ၁၀၉၆၀၀၀ နှုန်းရှိသည်ဟု ရန်ကုန် ပဲနေ့စဉ်ဈေးနှုန်းဖော်ပြချက်များမှ သိရသည်။

ယင်းနေ့တွင် မတ်ပဲ RC ကုန်သေတ္တာအလုံး ၃၀ အရောင်းအဝယ်ဖြစ်သည်ဟု သိရသည်။ ပြည်ပပို့ FOB ပဲတစ်တန် ဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ်ထွက် မတ်ပဲFAQ/RC ၆၆၀-၆၈၀ ဒေါ်လာနှုန်း၊ SQ/RC ၇၅၅-၇၇၅ ဒေါ်လာနှုန်း၊ ၂၀၂၀ ပြည့်နှစ်ထွက် မတ်ပဲ FAQ ၆၇၀-၆၉၀ ဒေါ်လာနှုန်း၊ မတ်ပဲ SQ ၇၇၀-၇၉၀ ဒေါ်လာနှုန်းရှိသည်ဟု သိရသည်။ ဧပြီ ၈ ရက်တွင် မတ်ပဲ RC တစ်တန်လျှင် ငွေကျပ် ၉၈၇၀၀၀ နှုန်းဖြင့် ကုန်သေတ္တာအလုံး ၆၀ အရောင်းအဝယ် ဖြစ်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အိန္ဒိယနိုင်ငံသို့ တင်သွင်းခွင့်ပြုထားသော မတ်ပဲတန်ချိန် နှစ်သိန်းငါးသောင်းကို ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်တွင် အိန္ဒိယနိုင်ငံ ဆိပ်ကမ်းများအရောက် တင်သွင်းခွင့်ပြုထားခြင်းကို ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်အထိဟု ပြင်ဆင်သတ်မှတ်ရာမှ ယခု ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် မေလ ၁၅ ရက် နောက်ဆုံးဟု ထပ်မံပြင်ဆင်မှုရှိသည်ဟု ယင်းနိုင်ငံ ပဲဈေးကွက်သတင်းများအရ သိရသည်။

မတ်လ ၂၅ ရက်တွင် မတ်ပဲ RC (၂၀၁၉ ခုနှစ်ထွက်) တစ်တန်လျှင် ငွေကျပ် ၈၁၄၀၀၀ နှုန်း၊ SQ/RC တစ်တန်လျှင် ငွေကျပ် ၉၁၄၀၀၀ နှုန်းသာရှိရာမှ ၁၄ ရက်အကြာတွင် ငွေကျပ် တစ်သိန်းခုနစ်သောင်းသုံးထောင် ဈေးမြင့်တက်လာသည်။ ၂၀၂၀ ပြည့်နှစ် မတ်လ ၆ ရက်တွင် မတ်ပဲ RC တစ်တန်လျှင် ငွေကျပ် ၈၅၇၀၀၀ နှုန်းရှိရာမှ ၁၄ ရက်အကြာ မတ်လ ၂၀ ရက်တွင် ငွေကျပ်၉၅၂၀၀၀ နှုန်းသို့ မြင့်တက်ခဲ့ရာ ၁၄ ရက်အတွင်း မတ်ပဲ RC တစ်တန်လျှင် ငွေကျပ်တစ်သိန်းခန့် ဈေးမြင့်လာသည်။ သို့သော် မတ်လ ၂၀ ရက် အလွန် ဈေးပြန်လည်ကျဆင်းလာရာ မတ်လ ၂၅ ရက်တွင် ငွေကျပ် ၈၁၄၀၀၀ ဈေးနှုန်းသာရှိသည်။

သို့ဖြစ်ရာ ရန်ကုန်ပဲဈေးကွက်အတွင်း မတ်လဆန်းမှ ဧပြီလဆန်းအထိ တစ်လဝန်းကျင်တွင် မတ်ပဲဈေးနှုန်း အတက်အကျဖြစ်သည့် ပမာဏမှာ မတ်လဆန်း ၁၄ ရက်အတွင်းတစ်တန်လျှင် ငွေကျပ်တစ်သိန်းခန့် ဈေးတက်ပြီး ယင်းရက်အလွန် ငါးရက်အကြာတွင် ငွေကျပ်တစ်သိန်းလေးသောင်းဝန်းကျင် ဈေးကျလာသည်။ ယင်းနောက်ပိုင်း ၁၄ ရက်အကြာ တစ်တန်လျှင် ကျပ်တစ်သိန်းခုနစ်သောင်းကျော် ဈေးမြင့်တက်လာသည်။

အိန္ဒိယနိုင်ငံမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ယင်းနိုင်ငံသို့ ပြည်ပမှ မတ်ပဲတန်ချိန် လေးသိန်း တင်သွင်းခွင့်ပြုမည်ဟု ၂၀၂၀ ခုနှစ် မတ်လ ၁၉ ရက်တွင် အိန္ဒိယနိုင်ငံမှ ထုတ်ပြန်အသိပေးထားသည်။ ယင်းမတ်ပဲများကို ၂၀၂၀ ပြည့်နှစ် မေလ ၁ ရက်မှ ၂၀၂၁ ခုနှစ် မတ်လကုန်အတွင်း အိန္ဒိယဆိပ်ကမ်းများသို့ အရောက်တင်ပို့ပေးရမည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံအတွင်း မတ်ပဲအသစ်ထွက်ပေါ်နေသော ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းတွင် မတ်ပဲ တစ်တန်ဈေးနှုန်းသည် ငွေကျပ်ရှစ်သိန်းအထက်တွင်ရှိနေသည်။ ကာလတူများဖြစ်သော၂၀၁၈ ခုနှစ်ဧပြီလ ၉ ရက်တွင် မတ်ပဲ RC တစ်တန်လျှင် ငွေကျပ် ၄၆၂၀၀၀ နှုန်း၊ ၂၀၁၉ ခုနှစ် ဧပြီ ၁၀ ရက်တွင် ငွေကျပ် ၇၆၅၀၀၀ နှုန်းရှိခဲ့သည်ဟု ဈေးနှုန်းဟောင်းများအရ သိရသည်။ သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ် မတ်ပဲ အသစ်ထွက်ပေါ်ချိန်တွင် ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ် ကာလတူများထက် ဈေးနှုန်းမြင့်နေရာ ၂၀၁၉ မိုးစပါးရိတ်သိမ်းအပြီး မတ်ပဲကို သီးထပ်အဖြစ် စိုက်ပျိုးသူများ ဝင်ငွေပိုမိုရလာသည်ဟု ကျောင်းကုန်းဒေသမှ မတ်ပဲရောင်းဝယ်သူ ကိုဆန်းအောင်က ပြောသည်။

အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက် များပြားခဲ့သော၂၀၁၅ ခုနှစ်အတွင်း အောက်တိုဘာ ၁၇ ရက်တွင် မတ်ပဲ RC တစ်တန်လျှင် ငွေကျပ် ၂၄၅၆၀၀၀ နှုန်းသို့ စံချိန်တင်မြင့်တက်ခဲ့သည်။သို့သော် အိန္ဒိယနိုင်ငံအတွင်း ပဲအထွက်ပိုမိုလာသည့်အတွက် ၂၀၁၇ ခုနှစ် ဩဂုတ်လ လနောက်ပိုင်းမှစ၍ ၂၀၁၈ ခုနှစ် မတ်လကုန်အထိ ယင်းနိုင်ငံသို့ ပဲတင်သွင်းမှု ပိတ်ပင်ခဲ့သဖြင့် မြန်မာ့ပဲဈေးကွက်တွင် မတ်ပဲဈေးနှုန်းများ ကျဆင်းခဲ့သည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် မတ်ပဲ RC တစ်တန်လျှင် ငွေကျပ် ၄၂၅၀၀၀ နှုန်း၊ ၂၀၁၈ ခုနှစ် မေလ ၄ ရက်တွင် ငွေကျပ် ၃၈၂၀၀၀ နှုန်းအထိ ဈေးကျဆင်းခဲ့သည်။

၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်များတွင် အိန္ဒိယနိုင်ငံသို့ မတ်ပဲနှင့် ပဲစင်းငုံများတန်ချိန် ကန့်သတ်ချက်များဖြင့် ပြန်လည်တင်သွင်းခွင့်ပြုခဲ့၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် မတ်ပဲ RC တစ်တန်လျှင် ငွေကျပ် ၉၈၈၀၀၀ နှုန်း၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ငွေကျပ် ၁၃၃၀၀၀၀ နှုန်းအထိ အဆိုပါနှစ်များတွင် အမြင့်ဆုံးဈေးနှုန်းများအဖြစ် ရှိခဲ့သည်။

မြန်မာ့ပဲဈေးကွက်အတွင်း ၂၀၀၈ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် မတ်ပဲ RC တစ်တန်လျှင် ငွေကျပ် ၃၄၇၀၀၀ ၂၀၁၈ ခုနှစ် မေလဆန်းတွင် ငွေကျပ် ၃၈၂၀၀၀ နှုန်းအထိ ဈေးနှုန်းအနိမ့်ဆုံး ကျဆင်းခဲ့သည်ဟု မတ်ပဲဈေးနှုန်းဟောင်း စာရင်းများအရ သိရသည်။

၂၀၂၀ နှစ်လယ်ပိုင်းတွင် မြန်မာမတ်ပဲအဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် ရန်ကုန်ဈေးကွက်အတွင်း မတ်ပဲဈေးနှုန်းသည် အမြင့်တွင် ရှိနိုင်မည်ဟု မတ်ပဲရောင်းဝယ်နေသူ ကိုသက်ခိုင်က သုံးသပ်သည်။ သို့ဖြစ်ရာ ယခုသကြၤန်အလွန် မှစ၍ ပြည်တွင်းပဲဈေးကွက်တွင် မတ်ပဲ RC တစ်တန် ဈေးနှုန်းထပ်မံမြင့်တက်လာရန် ခန့်မှန်းမှုများ ရှိနေသည်။

**ခင်ဆိုင်**

# မိုင်းဖြတ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်များနှင့် အလှူငွေများပေးအပ်

**မိုင်းဖြတ် ဧပြီ ၁၉**
ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ယနေ့နံနက်ပိုင်းက ရောက်ရှိလာပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ အခြေခံစားသောက်ကုန်များနှင့် အလှူငွေများကို ထောက်ပံ့ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် ရောဂါကာကွယ်ရေးဝတ်စုံ ၃၀၊ လက်အိတ်ရှည် ၁၀စုံ၊ နှာခေါင်းစည်း ၁၀ဘူး၊ မျက်မှန် ၁၂ ခုနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ အခြေခံစားသောက်ကုန်များနှင့် ထောက်ပံ့ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာသိန်းဦးနှင့် ဝန်ထမ်းများက လက်ခံယူခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကျန်းမာရေးဝန်ထမ်းများကို အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး (ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# မောက်မယ်မြို့နယ်၌ ကိုဗစ် -၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်း

**မောက်မယ် ဧပြီ ၁၉**
ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ပြည်နယ် လျှပ်စစ်စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှုန်တစ်လုံနှင့်အဖွဲ့သည် ယမန်နေ့က မောက်မယ်မြို့အဝင်ဂိတ်တွင် မြို့နယ်ပူးပေါင်းအဖွဲ့မှ ကျန်းမာရေးစစ်ဆေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး ပြည်နယ် ဝန်ကြီးနှင့်အဖွဲ့သည် မောက်မယ်ပြည်သူ့ဆေးရုံရှိ Isolation Room ထားရှိသည့် အခန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနှင့် ကမ္ဘောဇဘဏ်လီမိတက်တို့မှ လှူဒါန်းသည့် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အလှူငွေကျပ် ငါးသိန်းနှင့် ရောဂါကာကွယ်ရေး ဝတ်စုံ အစုံ ၅၀၊ နှာခေါင်းစည်း ၁၀၀၀ နှင့် လုပ်ငန်းသုံးပစ္စည်းများ၊ လက်သန့်ဆေးရည် ၁၀ ဘူး၊ ကြက်ဥ အလုံး ၂၀၀၀၊ ခရမ်းသီးအိတ်ကြီး နှစ်အိတ်၊ ခရမ်းချဉ်သီးခြောက်သေတ္တာ စသည့် စားနပ်ရိက္ခာများကို ထောက်ပံ့ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံယူခဲ့သည်။

အလားတူ ပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနှင့် ကမ္ဘောဇဘဏ်လီမိတက်တို့မှ ပြည်နယ်အတွင်း ခရိုင်/မြို့နယ်များအတွက် ဆန်အိတ်နှင့် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ဆက်စပ်ပစ္စည်းများကိုလည်း လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**စိုင်းမျိုးသန့် (မောက်မယ်)**



မောက်မယ်မြို့နယ်၌ ကိုဗစ် -၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းစဉ်။

# ဈေးများအတွင်း ဈေးရောင်းဈေးဝယ်များ နှာခေါင်းစည်း တပ်ဆင်ခြင်း ရှိ မရှိ စစ်ဆေး

**ကျောက်ပန်းတောင်း ဧပြီ ၁၉**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေးကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆောင်၍ မြို့နယ်အဆင့် ကိုဗစ် – ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မြို့မစည်ပင်သာယာဈေးနှင့် တမ္ပဝတီဈေးများသို့ သွားရောက်ကာ၊ ဈေးရောင်းဈေးဝယ်များ နှာခေါင်းစည်းများ တပ်ဆင်ထားခြင်း ရှိ/မရှိ စစ်ဆေးပညာပေးခြင်းများ ဆောင်ရွက်သည်။

ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင် ဦးဆောင်၍ မြို့နယ်ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းလှိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ဌေး၊ မြို့နယ်စည်ပင်သာယာကော်မတီဥက္ကဋ္ဌ ဦးဖြိုးတင့်ခိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာအဖွဲ့ အမှုဆောင်အရာရှိ ဦးချမ်းငြိမ်းနှင့် သက်ဆိုင်ရာ ဈေးအကျိုးတော်ဆောင်များနှင့်အတူ မြို့မစည်ပင်သာယာဈေးနှင့် တမ္ပဝတီဈေးသစ်များသို့သွားရောက်၍ လူစုလူဝေးဈေးမဖြစ်ပေါ်စေရေးအတွက် ဈေးသည်များ သတ်မှတ်နေရာများတွင် စည်းကမ်းစနစ်တကျရောင်းချရေး၊ နှာခေါင်းစည်းများတပ်ဆင်၍ လက်အိတ်ဝတ်ဆင်ရောင်းချရေး၊ ဈေးဝယ်များ အနေဖြင့်လည်း နှာခေါင်းစည်းတပ်ဆင်ထားကြရန် လှည့်လည်စစ်ဆေး ပညာပေးကြပြီး နှာခေါင်းစည်းမပါရှိသော ဈေးဝယ်များအား ဈေးအတွင်းသို့ အဝင်မခံရန်၊ သတ်မှတ်စည်းကမ်း မလိုက်နာသည့် ဈေးသည်များရှိပါကလည်း ရောင်းချခွင့်မပြုရန် သက်ဆိုင်ရာဈေးကော်မတီများနှင့် တွေ့ဆုံဆွေးနွေးမှာကြားသည်။

**နေအောင်(ပြန်/ဆက်)**

# မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဝင်ပေါက်ဂိတ်မှ နေရပ်ပြန် မြန်မာနိုင်ငံသားများ လက်ခံနေရာချထားရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

**လောက်ကိုင် ဧပြီ ၁၉**
ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် မြန်မာ – တရုတ် နှစ်နိုင်ငံ နယ်စပ်ဝင်ပေါက်ဂိတ်မှ နေရပ်ပြန် မြန်မာနိုင်ငံသားများ လက်ခံနေရာချထားရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခြင်းကို ယမန်နေ့က နတလ (လူငယ် ) သင်တန်းကျောင်း၌ ပြုလုပ်သည်။ **(အပေါ်ပုံ)**

ယင်းသို့ ညှိနှိုင်းဆွေးနွေးရာတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာများက မြန်မာ–တရုတ် နှစ်နိုင်ငံ နပ်စပ်ဂိတ် ရန်လုံကျိုင်း နယ်စပ်ဝင်/ထွက်ပေါက်ဂိတ်နှင့် မြန်မာ–တရုတ် နှစ်နိုင်ငံ နပ်စပ်ဂိတ် ချင်းရွှေဟော်မြို့ နမ့်ဖာဟော် နယ်စပ်ဝင်/ထွက်ပေါက်ဂိတ်တို့မှ မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများအား စောင့်ကြည့်ရေးစခန်းများတွင်ထားရှိ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများထားရှိမည့် စောင့်ကြည့်ရေးစခန်း များဖြစ်သည့် ခရိုင်မိုးလုံလေလုံ အားကစားရုံ၊ နတလ (စက်မှု)ကျောင်း ၊ အထက–၁ ကျောင်း၊ အထက – ၂ ကျောင်းနှင့် အိမ်တွင်းမှုကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်ဇော်အောင် (ပြန်/ဆက်)**



သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ဧပြီ ၁၉ ရက်က မြန်မာရွှေဥဒေါင်းမင်းနှင့် မြန်မာ့နဝရတ်မြေဆောက်လုပ်ရေးကုမ္ပဏီက ကျပ်သိန်း ၁၅၀ တန်ဖိုးရှိ ဓာတ်မှန်စက်တစ်လုံး ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

သန်းဝင်း(သန်လျင်)



# တီးတိန်မြို့ လွယ်ဘွာလ်းရပ်ကွက် အားကစားရုံ အုတ်မြစ်ချ အခမ်းအနားကျင်းပ

**တီးတိန် ဧပြီ ၁၉**
ချင်းပြည်နယ် တီးတိန်မြို့ လွယ်ဘွာလ်းရပ်ကွက် အားကစားရုံအုတ်မြစ်ချ အခမ်းအနားကို ယမန်နေ့က အဆိုပါ မြေနေရာ၌ ပြုလုပ်သည်။

ရှေးဦးစွာ သိက္ခာတော်ရ ဆရာနန်ခင်းခုပ်က ဆုတောင်း ဆက်ကပ်ပေးသည်။ ဆက်လက်၍ သိက္ခာတော်ရ ဆရာ နန်ခင်းခုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ လွှတ်တော်ကိုယ်စားလှယ် ဦးဂင့်ကမ်းလျန်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးခမ်ခန့်ထန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်းခိုင်တို့က အုတ်မြစ်ချပေးသည်။ **(အောက်ပုံ)**

အဆိုပါ အားကစားရုံသည် အားကစားနှင့် ကာယပညာဦးစီးဌာနမှ၂၀၁၉–၂၀၂၀ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၅၀ ဖြင့် ၁၂၀ x ၉၀ x ၃၆ ပေရှိ အုတ်ညှပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**ဒိုင်းဒိမ့် (ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး၌ ရေလိုအပ်သည့် ဒေသများအတွက် ရေဂါလန် သုံးသိန်းကျော်လှူဒါန်း

**မကွေး မေ ၁၉**

၂၀၂၀ ပြည့်နှစ် နွေရာသီကာလ၌ မကွေးတိုင်းဒေသကြီးရှိ ခရိုင်လေးခု၊ မြို့နယ် ၁၁ မြို့နယ်၊ ကျေးရွာ ၃၄ ရွာ၊ အိမ်ခြေ ၃၇၁၂ အိမ်၊ လူဦးရေ ၁၁၁၂၀ ဦးတို့အတွက် သောက်သုံးရေ ဂါလန် သုံးသိန်းကျော်ကို ဖြန့်ဝေလှူဒါန်းပြီး ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် ပုဂ္ဂလိက မော်တော်ယာဉ်များ ပူးပေါင်းကာ အလှူရှင်များ၏ ထည့်ဝင်ငွေဖြင့် ဂါလန် ၁၆၅၂၀၀ ၊ ကျေးလက်ဌာန၏ ထည့်ဝင်ငွေဖြင့် ဂါလန် ၁၃၅၃၇၀ တို့ကို လှူဒါန်းဖြန့်ဝေခဲ့ခြင်း ဖြစ်သည်။

"ဌာနက ရေလှူနေတာတွေကတော့ နေ့တိုင်းရှိတယ်။ အလှူရှင်တွေက ရေလှူနေတာတွေလည်း ရှိပါတယ်။ အလှူရှင်က ဆီဖိုးပေးတယ်။ ကျွန်တော်တို့က ကားစိုက်၊ လုပ်အားစိုက်ပေါ့။ ရေလိုလို့ အကြောင်းကြားရင် ချက်ချင်း လုပ်ပေးနေပါတယ် " ဟု တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောသည်။

နောက်ကျိနေသည့် မြစ်ရေကိုပင် ကားပေါ်တင်၊ ရေသန့်ထုတ်၍ ဖြန့်ဝေနိုင်သည့် ရေသန့်စက်ကားများလည်း ကျေးလက်ဌာနတွင်ရှိပြီး သောက်သုံးရေလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေကြောင်း တိုင်းဒေသကြီးဦးစီးမှူးက ပြောသည်။

ကပ်ရောဂါကာလ ဖြစ်သဖြင့် ရေဖြန့်ဝေရေးလုပ်ဆောင်ရာတွင် ရေပုံးများ ကြိုတင်ချထားကာ တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ၍ သယ်ယူရန် ကျေးရွာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ကြောင်း၊ သောက်သုံးရေလိုအပ်ပါက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရေကော်မတီများက နီးစပ်ရာ ကျေးလက်ဦးစီးဌာနရုံးများသို့ အကူအညီ တောင်းခံနိုင်ကြောင်း တိုင်းဦးစီးမှူးထံမှ သိရသည်။


မကွေးတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာ၌ ရေဖြန့်ဝေပေးစဉ်။

ဇေယျာတု(မကွေး)

# တီးတိန်၊ တွန်းဇံမြို့များတွင် အသုံးပြုရန် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများလှူဒါန်း



**ဟားခါး မေ ၁၉**

ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်များတွင် အသုံးပြုရန် တပ်မတော်မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လှူဒါန်းသော ပစ္စည်းများကို မေ ၁၉ ရက်က တီးတိန်နယ်မြေခံတပ်မှ ဗိုလ်မှူး အေးမင်း ဦးဆောင်၍လှူဒါန်းရာ တီးတိန်မြို့နယ် ဆေးရုံအုပ် ဒေါက်တာဇော်မြင့်နိုင်၊ တွန်းဇံမြို့နယ် ဆေးရုံအုပ် ဒေါက်တာထန်ရှင်းခိုင်တို့က လက်ခံရယူခဲ့ကြသည်။ (ဓာတ်ပုံ)

အဆိုပါ လှူဒါန်းသည့်ပစ္စည်းများမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နှာခေါင်းစည်း (ရိုးရိုး) ၁၁၀၆ ခု၊ ရော်ဘာနှာခေါင်းစည်း (အဖောင်း) ၁၃၀၊ PPE ဝတ်စုံ ၂၃၀၊ ခွဲစိတ်ခန်းသုံးလက်အိတ် ၂၂၁၂ ခုနှင့် မျက်မှန်အကြည် ၂၁ ခု စုစုပေါင်း ပစ္စည်းခြောက်မျိုးဖြစ်ကြောင်း သိရသည်။

ဗိုလေးနွယ် (ပြန်/ဆက်)

# လေဘေးသင့် မိသားစုအား ထောက်ပံ့ငွေ ပေးအပ်

**ဂန့်ဂေါ မေ ၁၉**

ဂန့်ဂေါမြို့နယ်တွင် မေ ၁၇ ရက်က လေပြင်းတိုက်ခြင်းကြောင့် ဆုံးရှုံးခဲ့သည့် လေဘေးသင့် ပြည်သူအား ယမန်နေ့က ရှုံးရှိကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဂန့်ဂေါခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ငွေများ ပေးအပ်သည်။ (ယာပုံ)

ထိုသို့ ပေးအပ်ရာတွင် ဂန့်ဂေါခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်က မေ ၁၇ ရက်က လေပြင်းများ တိုက်ခတ်သဖြင့် အမိုးလန်ပျက်စီးခဲ့သည့် ရှုံးရှိကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာ ဒေါ်နူးသဲ၏နေအိမ် လေဘေးသင့်အိမ်ထောင်စု တစ်စု၊ လူဦးရေလေးဦးတို့အတွက် ဆန်ရိက္ခာ ထောက်ပံ့ငွေကျပ် ၈၄၀၀ နှင့် အိမ်ဆောက်ပစ္စည်းအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ ဒေါ်နူးသဲက လက်ခံရယူ ကြောင်း သိရသည်။

ထင်အောင်နိုင် (ပြန်/ဆက်)



**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ ပြည်လည်းလှ**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

## ကြို့ပင်ကောက်မြို့ ရန်ကုန်-ပြည်ကားလမ်း ပြည်သူ့အားကစားကွင်း၌ ယာယီဈေးပြောင်းရွှေ့ ဖွင့်လှစ်

**ကြို့ပင်ကောက် ဧပြီ ၁၉**
ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ပိုမိုထိရောက် အောင်မြင်စေရန်အတွက် မြို့မစည်ပင်သာယာဈေး (၁)နှင့်(၂)တို့တွင် ရောင်းချလျက်ရှိသော သားငါးရောင်းချသူများနှင့် ကုန်စိမ်းရောင်းချသူများ၊ ဈေး(၂)ပတ်ဝန်းကျင်တွင် ပျံ့ကျရောင်းချလျက်ရှိသော ဈေးဆိုင်ခန်းများကို ရန်ကုန်-ပြည်ကားလမ်း ပြည်သူ့အားကစားကွင်းသို့ ယနေ့နံနက်ပိုင်းမှစတင်၍ ယာယီပြောင်းရွှေ့ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**



အဆိုပါ ယာယီဈေးနေရာသစ်တွင် လက်ဆေးရေကန်များထားရှိပေးထားပြီး ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများအနေဖြင့် နှာခေါင်းစည်းများတပ်ဆင်ပြီး ဈေးအတွင်း မဝင်ရောက်မီနှင့် ပြန်လည်ထွက်ခွာချိန်တို့တွင် လက်ဆေးခြင်းများ ဆောင်ရွက်စေခြင်း၊ ဆိုင်ခန်းတစ်ခန်းလျှင် ဆယ်ပေ ခြောက်ပေအကျယ်နှင့် တစ်ခန်းနှင့်တစ်ခန်း ခြောက်ပေစီ ခြား၍ ရောင်းချစေခြင်း၊ ယခုယာယီဈေးတွင် ဆိုင်ခန်းပေါင်း ၁၉၈ ခန်း ဆောင်ရွက်ပေးထားပြီး လိုအပ်ပါက ဆိုင်ခန်းများ တိုးချဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

ထို့ပြင် ဈေးရောင်းချသူများအနေဖြင့် နံနက် ၉ နာရီခွဲတွင် ကျန်ရှိပစ္စည်းများကို ဆက်လက်ရောင်းချလိုပါက ယာဉ်လက်တွန်းလှည်းများဖြင့် မြို့အတွင်း လှည့်လည် ရောင်းချခွင့်ပြုထားပြီး တစ်နေရာတည်းတွင် အထိုင်ရောင်းချခြင်း ခွင့်ပြုမည်မဟုတ်ကြောင်း၊ စည်းကမ်းမလိုက်နာသည့် ဈေးသည်များအား ဈေးရောင်းချခွင့် ပိတ်သိမ်းခြင်းဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖေယျာထွန်း(ကြို့ပင်ကောက်)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး နှာခေါင်းစည်းများ ချုပ်လုပ်လျက်ရှိ

**ဝန်းသို ဧပြီ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် စေတနာရှင် အလှူရှင်များပူးပေါင်း၍ ယမန်နေ့မှစတင်ပြီး နှာခေါင်းစည်းများပြုလုပ်လျက်ရှိသည်။ **(အောက်ပုံ)**

"နှာခေါင်းစည်းတစ်ခုကို ငွေကျပ် ၅၀၀ ဝန်းကျင်လောက် ပေးဝယ်နေရတော့ နေ့စဉ်ဝယ်ယူသုံးနေရရင် ပြည်သူတွေအနေနဲ့ မတတ်နိုင်ကြဘူးလေ၊ အခုဟာက လျှော်သုံးလို့လည်းရတယ်၊ အပြည့်အဝကြီးမဟုတ်တောင် အတတ်နိုင်ဆုံး ရောဂါကာကွယ်နိုင်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု မြို့နယ် ကျေးလက်ဦးစီးဌာနဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

အဆိုပါ နှာခေါင်းစည်းများပြုလုပ်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးနေမျိုးထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နေအိမ်၌နေထိုင်သည့် လုပ်အားပေးများကလည်း တာဝန်ရှိသူများ ထောက်ပံ့မှုဖြင့် နှာခေါင်းစည်းများကို ချုပ်လုပ်နေကြောင်း၊ ချုပ်လုပ်ပြီးသော နှာခေါင်းစည်းများကို ပြည်သူများအား အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မြိုင် (ပြန်/ဆက်)**



## ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေး မင်းကင်းစည်ပင်သာယာဈေး ယာယီပြောင်းရွှေ့ဖွင့်လှစ်

**မင်းကင်း ဧပြီ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်စည်ပင်သာယာဈေးကို ကိုဗစ်-၁၉ ရောဂါကူးစက် ပြန့်ပွားမှု ထိန်းချုပ်နိုင်ရန်ရည်ရွယ်၍ မြို့နယ်ပြည်သူ့အားကစားကွင်းအတွင်းသို့ ယနေ့နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ပေးကြောင်း သိရသည်။

ထိုသို့ စည်ပင်သာယာဈေးပြောင်းရွှေ့နိုင်ရန်အတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဆန်းဗိုလ်၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်မာရည်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းအောင်နှင့် အဖွဲ့ဝင်များ ညှိနှိုင်း၍ မြို့နယ် ပြည်သူ့အားကစားကွင်းသို့ ပြောင်းရွှေ့ခြင်းဖြစ်ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ဈေးရောင်းချိန်၌ စောင့်ကြည့်ပြီး ဈေးသည်နှင့် ဈေးဝယ်သူများအား နှာခေါင်းစည်းတပ်ထားရန်နှင့် ဈေးသည် တစ်ဦးနှင့်တစ်ဦးကြား ခြောက်ပေအကွာတွင် ဈေးရောင်းကြရန် ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

"ကျွန်မတို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ဖို့ ဈေးသည်တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာနေရာချထားပေးတာတွေ၊ ဈေးဝယ်လာသူတွေကို ကိုယ်အပူချိန်တိုင်းတာတာတွေ၊ နှာခေါင်းစည်း စနစ်တကျတပ်ဆင်စေတာတွေ၊ လက်ကိုလည်း စနစ်တကျ ဆေးစေတာတွေ၊ မိမိနေအိမ်ကို ပြန်ရောက်ကြရင်လည်း မိသားစုအားလုံး အပြင်ကိုမထွက်ကြဖို့စတဲ့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ကြပါတယ်" ဟု မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်ရွှေဥက ပြောသည်။

မင်းကင်းမြို့နယ်ပြည်သူ့အားကစားကွင်းရှိ ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဈေးတာဝန်ရှိသူများအား လှည့်လည်ကြည့်ရှု၍ အားပေးစကားနှင့် အသိပညာပေး စကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး သန်လျင်၌ ဆောင်ရွက်

**ရန်ကုန် ဧပြီ ၁၉**
သန်လျင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအဖွဲ့တို့ပူးပေါင်း၍ ယမန်နေ့က ဆောင်ရွက်လျက်ရှိသည်။

သန်လျင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြို့ဝင်စစ်ပင်ကွင်းကျေးရွာထိပ်တွင် စစ်ဆေးရေးဂိတ်ဖြင့် ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အပူချိန်တိုင်း စစ်ဆေးပေးခြင်းအပြင် ယမန်နေ့က ပြန်လည်ဖွင့်လှစ်သော ဈေးများတွင်လည်း ရောင်းချသူဈေးသည်များနှင့် ဝယ်ယူသူများ နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုရေး၊ လက်ဆေးခြင်းနှင့် လိုအပ်သောကျန်းမာရေး အသိပညာပေးခြင်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**


# တိုင်ကြားနိုင်ပါသည်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၃/၂၀၂၀) ဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

၂။ နိုင်ငံတော်သမ္မတက လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်နိုင်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီရေးတို့မှာ "ကျွဲကူးရေပါ" ဆိုသလို ထိန်းသိမ်းစောင့်ရှောက်ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေးကို အထူးထိန်းသိမ်းပေးစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

၃။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRC)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW)၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD) နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICESCR) တို့ပါ လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်ဖြစ်စေ၊ အခြားသူတစ်ဦးအတွက်ဖြစ်စေ၊ လူတစ်စုကို ကိုယ်စားပြု၍ဖြစ်စေ "ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့" သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြလျက် တိုင်ကြားခြင်းများ ပြုလုပ်နိုင်ပါသည် -

(က) တိုင်တန်းသူ၏ အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း/လက်ကိုင်ဖုန်း၊ Fax နှင့် email တို့ရှိလျှင်) ထည့်သွင်းဖော်ပြရန်၊

( ခ ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေးဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာ ဖော်ပြရန်၊

( ဂ ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲပေးပို့ရန်။

**မှတ်ချက်။** မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံမေးမြန်းပါမည်။

**ရုံးခွဲများ ဖွင့်လှစ်ထားရှိခြင်း**

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးခွဲများကို အောက်ပါ မြို့များတွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသဖြင့် အဆိုပါရုံးခွဲများသို့လည်း ပေးပို့တိုင်ကြားနိုင်ပါသည် -

| | | |
|---|---|---|
| (က) | **နေပြည်တော်ရုံးခွဲ။** | သဇင်လမ်းနှင့် ဖော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ |
| ( ခ ) | **မန္တလေးရုံးခွဲ။** | ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |
| ( ဂ ) | **စစ်တွေရုံးခွဲ။** | ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း၊ စစ်တွေမြို့။ |

၅။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များအား စုံစမ်းစစ်ဆေးပြီးသည့်အခါ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် ပေးပို့သွားမည်ဖြစ်ပြီး၊ အရေးယူဆောင်ရွက်မှုကိုလည်း ကော်မရှင်က ကော်မရှင်ဥပဒေနှင့်အညီ စောင့်ကြည့်သွားမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်နေသော ချပ်သင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မြန်မာ့ရွှေသမင်များ

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

မြန်မာနိုင်ငံသည် သဘာဝ သယံဇာတ အရင်းအမြစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသည်နှင့်အညီ ယင်းတို့ ရေရှည်တည်တံ့စေရန်နှင့် သဘာဝဂေဟစနစ်များ အမြဲ ရှင်သန်ကောင်းမွန်စေရန် မူဝါဒ ဥပဒေများပြဋ္ဌာန်း၍ ထိန်းသိမ်းကာကွယ်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ချပ်သင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ သဘာဝနယ်မြေများ သတ်မှတ်တည်ထောင်ခြင်းနှင့် မြန်မာ့ရွှေသမင်များကို အဓိက ထိန်းသိမ်းစီမံအုပ်ချုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မှတ်တမ်းများအရ အဆိုပါ ချပ်သင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို ရန်ကုန်-မန္တလေး-မြစ်ကြီးနားရထားလမ်း ဖောက်လုပ်ရာတွင် မီးရထားများအတွက် လောင်စာများ ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်လျက် ဧရိယာ ၂၉၄၇ ကေခန့်ကို ချပ်သင်း ထင်းကြိုးဝိုင်းအဖြစ် ၁၉၁၉ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၁၉၂၈ ခုနှစ်တွင် ဧရိယာ ၁၂၁၆၀ ကေကို ချပ်သင်း တိုးချဲ့ထင်းကြိုးဝိုင်းအဖြစ် ထပ်မံသတ်မှတ်၍ ထင်းများထုတ်ယူခဲ့ကြောင်း သိရသည်။

ဒေသတွင်း သဘာဝအလျောက် သမင်များ ကျက်စားနေထိုင်ခြင်းကို ထိန်းသိမ်းရန်အတွက်လည်းကောင်း၊ အခြား တောရိုင်းတိရစ္ဆာန်များနှင့် အင်တိုင်းတောများကို စောင့်ရှောက်ကာကွယ်ထိန်းသိမ်းရန်အတွက်လည်းကောင်း ၁၉၄၁ ခုနှစ်က ချပ်သင်း ကြိုးဝိုင်း နှစ်ခု(၂၉၉၄၇ ကေနှင့် ၁၂၁၆၀ ကေ)၊ ဘေးမဲ့တော (ဧရိယာ ၂၄၁၆၆ ကေ)နှင့် ကြိုးပြင်ကာကွယ်တော(ဧရိယာ ၂၈၇၀ ကေ) စုစုပေါင်း ၆၆၅၆၀ ကေကို စတင်ဖွဲ့စည်းတည်ထောင်သတ်မှတ်ခဲ့သည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ ကန့်ဘလူမြို့နယ် သစ်တောဦးစီးဌာနက ဘေးမဲ့တော ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန ဖွဲ့စည်းပြီးနောက် ၁၉၈၆ ခုနှစ်တွင် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အား တာဝန်ပေးအပ်၍ ကန့်ဘလူမြို့၌ အုပ်ချုပ်ရေးမှူးရုံး ဖွင့်လှစ်ကာ ထိန်းသိမ်းရေးလုပ်ငန်းများကို ယနေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဖွဲ့စည်းခဲ့ပြီးနောက်ပိုင်းတွင် ကျူးကျော်ဝင်ရောက်ခဲ့သည့် ကျေးရွာများရှိခဲ့၍ ၂၀၁၃ ခုနှစ်တွင် ရွာမြေ၊ လယ်မြေ၊ အများပိုင်/သာသနာပိုင်မြေ စုစုပေါင်း ၂၂၉၅ ဒသမ ၅၈ ဧကကို ပယ်ဖျက်ပေးခဲ့သည်။ ထို့ကြောင့် ယခုအခါ ၆၄၂၆၄ ဒသမ ၄၂ ဧက ကျယ်ဝန်းပြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်း၌ ၂၁၉၀၈ ဧကနှင့် ကသာခရိုင် ကောလင်းမြို့နယ်အတွင်း၌ ၄၂၃၅၆ ဒသမ ၄၂ ဧက ပါဝင်ကျရောက်လျက်ရှိသည်။ ဘေးမဲ့တော၏ တောင်ဘက် ဆက်စပ်လျက် ညောင်ကုန်းကြိုးပြင်ကာကွယ်တော ဧက ၁၃၀၀၀ ကို ကြားခံနယ်မြေအဖြစ် ထိန်းသိမ်းကာကွယ်ခဲ့ပြီး ဘေးမဲ့တောအဖြစ် သတ်မှတ်၍ စီမံအုပ်ချုပ် ထိန်းသိမ်းခဲ့သည်မှာ နှစ်ပေါင်း ၇၉ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ချပ်သင်း ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က ပြောသည်။


ချပ်သင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တစ်ခုလုံးနီးပါးသည် မြေပြန့်လွင်ပြင်ဖြစ်ပြီး အနောက်ခြမ်းတွင် နိမ့်သော တောင်ကုန်း၊ လျှိုမြောင်များနှင့် အရှေ့ခြမ်းတွင် ၁၃၆၅ ပေအထိ အမြင့်ရှိသော တောင်တန်းများ ဝန်းရံလျက်ရှိကာ ဒေသတွင်း သဘာဝအလျောက် သမင်များ ကျက်စားနေထိုင်ကြကာ အခြား တောရိုင်းတိရစ္ဆာန်များ၊ သဘာဝ အင်တိုင်းတောများ၊ ဇီဝမျိုးစုံမျိုးကွဲများလည်း ရှိသည်။ ဂေဟစနစ် များကို ရာခိုင်နှုန်းပြည့် ကာကွယ်နိုင်သည်မဟုတ်သော်လည်း ဖွဲ့စည်းသတ်မှတ်ထားသည့်နေရာများနှင့် နှိုင်းယှဉ်ပါက ဇီဝမျိုးစုံ မျိုးကွဲများ ဆက်လက်တည်ရှိနေသေးပြီး အကြောင်းအမျိုးမျိုးကြောင့် စတင်ဖွဲ့စည်းခဲ့စဉ်ကကဲ့သို့ မူလအခြေအနေမရှိတော့သည့် သဘာဝနယ်မြေများကိုလည်း ကြုံတွေ့ရလျက်ရှိသည်။ သို့ဖြစ်ရာ ယိုယွင်းပျက်စီးခြင်းနှင့် အဆင့်အတန်းကျဆင်းခြင်းတို့ ဖြစ်ပေါ်နေသည့် ဇီဝမျိုးစုံမျိုးကွဲများနှင့် နေရင်းဒေသဂေဟစနစ်များကို ပြန်လည် မြှင့်တင် တည်ထောင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ချပ်သင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အနေဖြင့် လက်ရှိ ရင်ဆိုင်နေရသည့် နေရင်းဒေသ အင်တိုင်းတောဂေဟစနစ် ပျက်စီးမှုနှင့် မြန်မာ့ရွှေသမင် မျိုးစိတ်များ လျော့ပါးလာမှုတို့ကို ပြန်လည် တိုးပွားဖြစ်ထွန်းလာစေရန် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဒေသခံတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုနှင့်အတူ ဆက်စပ်ဌာနများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ INGO၊ NGO များ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်း အစီအမံများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်အထိ နိုင်ငံတော်အစိုးရ၏ မဟာဗျူဟာမြောက် စီမံကိန်းအဖြစ် ချမှတ်ထားသည်။

နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းစီမံချက်(Re-establishing Natural Habitats)နှင့် စီမံအုပ်ချုပ်လုပ်ကိုင်မှု (Management Plan) လုပ်ငန်းနှစ်ရပ်ဖြင့် ရေရှည်မျှော်မှန်းချက် ပန်းတိုင်များချမှတ်ကာ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၌သာ ရှင်သန်ကျက်စားလျက်ရှိပြီး မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် မြန်မာ့ရွှေသမင်များနှင့် ၎င်းတို့၏ မှီခိုတောများ မူလတည်ရှိနေမှု အနေအထားအတိုင်း ပြန်လည်ဖြစ်ထွန်းတည်ရှိပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်သွားရန် ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ၌ ဘေးမဲ့တော ပတ်ဝန်းကျင်ရှိ ဒေသခံများ ပူးပေါင်းပါဝင်မှုရှိလာစေရန် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ချပ်သင်း ဘေးမဲ့တော၏ နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ၊ ဇုန်နယ်မြေများ ခွဲခြားသတ်မှတ် စီမံအုပ်ချုပ်လုပ်ကိုင်မှု အသိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ စီမံအုပ်ချုပ်ရာတွင် စနစ်တကျဖြစ်စေရန်နှင့် ဥပဒေစိုးမိုးရေးအတွက် နယ်နိမိတ် အမှတ်အသားများ ပြုလုပ်ခြင်း၊ ဘုတ်တိုင်များ စိုက်ထူခြင်း၊ နေရင်းဒေသများ ပျက်စီးယိုယွင်းနေသည့်နေရာများကို ထိန်းသိမ်းခြင်း၊ မြန်မာ့ရွှေသမင်မျိုးစိတ်များ ပေါများတည်တံ့စေရန် သဘာဝကျစ်တွင်းများ မလုံလောက်သည့်နေရာများ၌ ဆားကျင်းများ ဖြည့်တင်းခြင်း၊ အမဲလိုက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ ပပျောက်သွားစေရန် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ခြင်း၊ ပညာပေး ဟောပြောစည်းရုံးခြင်း၊ ဘေးမဲ့တောနှင့်ဆက်စပ်နေသည့် ကျေးရွာများ၌ လယ်ယာသီးနှံများကို လာရောက် စားသုံးသည့် တောရိုင်းတိရစ္ဆာန်များကို လည်တိုးကွင်း၊ ကိုင်းကွင်း၊ ခြေနင်းကွင်းထောင်ခြင်းများ မရှိစေရန် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချပ်သင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က "အလုပ်ရုံဆွေးနွေးပွဲတွေ၊ ပညာပေး ဆွေးနွေးဟောပြောပွဲတွေ လုပ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်က ချပ်သင်းဘေးမဲ့တောနဲ့ မြန်မာ့ရွှေသမင်များ ထိန်းသိမ်းရေးလုပ်ငန်းမှာ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက် ရေးဆွဲရာမှာ ထည့်သွင်းစဉ်းစား ပြင်ဆင်နိုင်ဖို့အတွက် လက်ရှိရင်ဆိုင်နေရတဲ့ အခက်အခဲနဲ့ ပြဿနာပေါင်းစုံကို ဝိုင်းဝန်းဖော်ထုတ်ပေးနိုင်ဖို့၊ ချပ်သင်းဘေးမဲ့တောနဲ့ မြန်မာ့ရွှေသမင်တွေကို ထိရောက်စွာ လုံခြုံမှုပေးနိုင်မယ့် ထိန်းသိမ်းရေးစီမံချက်တစ်ခု ရေးဆွဲရာမှာ အထောက်အကူဖြစ်စေမယ့် အချက်အလက်တွေကို ရရှိနိုင်ဖို့နဲ့ ချပ်သင်း ဘေးမဲ့တောနဲ့ ရွှေသမင်များကို ထိန်းသိမ်းရေးအတွက် ဒေသခံပြည်သူတွေအကြား အသိအမြင် တိုးတက်မြင့်မားလာစေပြီး ဝိုင်းဝန်း ပူးပေါင်းလာစေဖို့ဖြစ်ပါတယ်"ဟု ပြောသည်။



ချပ်သင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်းရှိ မြန်မာ့ရွှေသမင်တစ်ကောင်။ (ဓာတ်ပုံ-သိန်းနိုင်ဦး)

**ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအနေဖြင့် လက်ရှိ ရင်ဆိုင်နေရသည့် နေရင်းဒေသ အင်တိုင်းတောဂေဟစနစ် ပျက်စီးမှုနှင့် မြန်မာ့ရွှေသမင် မျိုးစိတ်များ လျော့ပါးလာမှုတို့ကို ပြန်လည်တိုးပွားဖြစ်ထွန်းလာစေရန် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဒေသခံတို့၏ ပူးပေါင်းပါဝင် ဆောင်ရွက်လာမှုနှင့်အတူ ဆက်စပ်ဌာနများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ INGO၊ NGO များ ပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်အထိ နိုင်ငံတော်အစိုးရ၏ မဟာဗျူဟာမြောက် စီမံကိန်းအဖြစ် ချမှတ်ထား**

တောရိုင်းတိရစ္ဆာန်များကို တရားမဝင် ကူးသန်းရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် ၎င်းတို့၏ အစိတ်အပိုင်းများကို ဟင်းလျာအဖြစ် ရောင်းချခြင်း၊ လူ့အသုံးအဆောင်ပစ္စည်းအဖြစ် ရောင်းချခြင်းများ မရှိစေရန် ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့ရှိ ကားဂိတ်များ၊ ဘူတာရုံများ၊ စားသောက်ဆိုင်များ၊ ထမင်းဆိုင်များ၊ စည်ပင်သာယာဈေးများ၌ စစ်ဆေးခြင်း၊ ဘေးမဲ့တောအတွင်းရှိ ချောင်း၊ အင်း၊ ရေကန်များရှိ ရေများ သန့်စင်မှုရှိမရှိ စစ်ဆေးခြင်း၊ ဘေးမဲ့တော ကာကွယ်ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ ပုံမှန်ကင်းလှည့်ခြင်း စသည့် လုပ်ငန်းများကို ဝန်ထမ်းအင်အားဖြင့် ဆောင်ရွက်နေသည့်အပြင် နယ်မြေသတင်းများ ထောက်လှမ်းစုံစမ်း၍ ရှောင်တခင် ကင်းလှည့်စစ်ဆေးခြင်းနှင့် ကင်းပုန်းဝပ်၍ ကာကွယ်ခြင်းများကိုလည်း လုပ်ဆောင်လျက်ရှိသည်။

တစ်ယူနစ်လျှင် ဝန်ထမ်းသုံးဦး၊ အလုပ်သမား တစ်ဦး အဖွဲ့ငယ် လေးဖွဲ့ဖြင့် ငါးရက်စီ ကင်းလှည့်ခြင်း၊ ဘေးမဲ့တောအတွင်းရှိ ငှက်များ၏ အလေ့အထ၊ အကောင်ရေ၊ မျိုးစိတ်များကို လစဉ် တစ်ယူနစ်လျှင် ဝန်ထမ်းသုံးဦး အဖွဲ့တစ်ဖွဲ့ဖြင့် တောအမျိုးအစားအလိုက် ငါးရက်ကြာ ငှက်စာရင်းကောက်ယူခြင်း၊ ထိရောက်သောကာကွယ်မှုများ ရရှိစေရေးအတွက် လူဝင်လူထွက်များ စစ်ဆေးကြီးကြပ်ခြင်း၊ အိမ်မွေးတိရစ္ဆာန်များကို စားကျက်ချလွှတ်ကျောင်းမှုမရှိစေရန် စစ်ဆေးခြင်းနှင့် ဘေးမဲ့တောအနီး ပတ်ဝန်းကျင်မှ ကျေးရွာများတွင် ထင်းလောင်စာသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေပေးခြင်း၊ တောတွင်း အခြေချနေထိုင်၍ ထိန်းသိမ်းစောင့်ရှောက်မှုများ အားကောင်းလာစေရန် တောတွင်းကင်းစခန်းများ ဆောက်လုပ်ခြင်း၊ မြို့နယ်အဆင့် အထောက်အကူပြုကော်မတီ ဖွဲ့စည်းခြင်းနှင့် ဆွေးနွေးပွဲများပြုလုပ်ခြင်းနှင့် ချပ်သင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ပတ်သက်၍ သတင်းအချက်အလက်များ၊ ပညာပေး အစီအစဉ်များကို မီဒီယာများမှ တစ်ဆင့် ပြည်သူများအတွင်း ကျယ်ပြန့်စွာ ရောက်ရှိအောင် ဖိတ်ခေါ်၍ ရှင်းလင်းတင်ပြခြင်းများကိုလည်း အခါအားလျော်စွာ ဆောင်ရွက်ခဲ့ကြောင်း ဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။

ထို့ပြင် ကုန်းနေ ရေနေနှင့် တွားသွားသတ္တဝါမျိုးစိတ်များ စာရင်းကောက်ယူခြင်းနှင့် လေ့လာဆန်းစစ်ခြင်း၊ မြန်မာ့ရွှေသမင် မျိုးစိတ်များ စာရင်းကောက်ယူခြင်းနှင့် လေ့လာဆန်းစစ်ခြင်း၊ အပင်မျိုးစိတ်နှင့် ငါးမျိုးစိတ်များကို စာရင်းကောက်ယူခြင်းနှင့် လေ့လာဆန်းစစ်ခြင်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည်တိုးတက်မြင့်မားလာစေရန် သင်တန်းများ ပြုလုပ်ပေးခြင်း၊ မီးတားလမ်းများဖောက်လုပ်ခြင်း၊ တောမီးကာကွယ်ခြင်းနှင့် စနစ်တကျ ထိန်းချုပ်မီးရှို့ခြင်း၊ သစ်တောအတန်းအစားကျဆင်းမှုများ ဖြစ်ပေါ်နေသည့် နေရာများ၌ ဒေသသစ် ပျိုးပင်များ ကွက်လပ်ဖြည့်စိုက်ခြင်း၊ ဘေးမဲ့တောအတွင်းရှိ သမင်တို့၏ စားကျက်မြေများ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားသည့်နေရာများ၌ တောရိုင်းတိရစ္ဆာန် စားကျက်မြေများ ပြန်လည်တည်ဆောက်ပေးခြင်း၊ ရေကန်ငယ်များ ဖန်တီးပြုလုပ်ပေးခြင်း၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်အဆင့် ဘေးမဲ့တော ရေရှည်တည်တံ့ရေး အထောက်အကူပြု

စာမျက်နှာ ၂၈ သို့



သဘာဝတောများ ထိန်းသိမ်းရေးအတွက် ပြည်သူများထံ စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေနေစဉ်

# မိုးညှင်းမြို့နယ်၌ ပင်စင်လစာများကို အထက(၁)ကျောင်းတွင် ပြောင်းရွှေ့ထုတ်ပေးမည်

မိုးညှင်း မေ ၁၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် မြို့နယ်အတွင်းရှိ သက်ကြီးပင်စင်စားများ၏ ပင်စင်လစာများကို ထုတ်ပေးရာတွင် ယခင်က မြန်မာ့စီးပွားရေးဘဏ်၌ ထုတ်ပေးခဲ့သည့်အစား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ နေရာပြောင်းရွှေ့၍ မေ ၂၁ ရက်မှ ၂၃ ရက်အထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်း မိုးညှင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

"ပင်စင်စားတွေကို သီးသန့်ဆောင်ရွက်ပေးမယ်၊ ကျွန်မတို့ မိုးညှင်းဘဏ်မှာ ပင်စင်စား ၁၇၀၀ ကျော်ရှိတယ်၊ အခုကကတော့ အခုဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပြောင်းရွှေ့ထုတ်ပေးခြင်းဖြစ်ပါတယ်၊ တစ်ရက်ကို လူဦးရေ ၄၀၀ ကျော်လောက်ထုတ်ပေးဖို့ ခန့်မှန်းထားတယ်"ဟု မိုးညှင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဒေါ်ခင်မြတ်မြတ်ကျော်က ပြောကြားသည်။

ပင်စင်လာရောက်ထုတ်ယူသူများအား ကိုယ်အပူချိန် တိုင်းတာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများအပြင် အသိပညာပေး ဟောပြောခြင်းများကိုလည်း ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် မိမိတို့ဘဏ်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဘဏ်မန်နေဂျာက ဆက်လက်ပြောကြားသည်။

မိုးညှင်းမြို့တွင် ဖွင့်လှစ်ထားသည့် မြန်မာ့စီးပွားရေးဘဏ်သည် နေရာအကျပ်အတည်းရှိခြင်းကြောင့် သက်ကြီးပင်စင်စားများ၏ ကျန်းမာရေးကို အလေးထားသောအားဖြင့် နေရာ ပိုမိုကျယ်ဝန်းပြီး လူထူထပ်ခြင်းမှလည်း ရှောင်ရှားနိုင်သော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ပြောင်းရွှေ့ထုတ်ပေးနိုင်ရန် သက်ဆိုင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မေ ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အစည်းအဝေးခေါ်ယူ၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်သည် ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ဖြစ်ပွားနေချိန်ဖြစ်၍ အဆိုပါ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရေးအတွက် ပင်စင်စားများအနေဖြင့် မိမိတို့၏ ပင်စင်လစာများကို ၂၁ ရက်နေ့ တစ်ရက်တည်းတွင် စုပြုံ၍ ထုတ်ယူကြခြင်းအစား ၂၁ ရက်နေ့နောက်ပိုင်း ဘဏ်ဖွင့်ရက်များတွင် ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ Mobile Money စနစ်ကို အသုံးပြု၍ နီးစပ်ရာ Mobile Agent များထံမှတစ်ဆင့် ထုတ်ယူခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ကြရန်လည်း မြန်မာ့စီးပွားရေးဘဏ်က ပင်စင်စားများအား အသိပေး ပန်ကြားထားကြောင်း သိရသည်။

ကျော်ကျော်ထွေး(ပြန်/ဆက်)

# လိပ်သိုမြို့တွင် ပုံမှန်ဝင်ငွေမရှိသောသူများအတွက် အခြေခံစားသောက်ကုန်ငါးမျိုး ဖြန့်ဝေခြင်း ဆောင်ရွက်မှုပြီးစီး

လိပ်သို မေ ၁၉

ကရင်ပြည်နယ် လိပ်သိုမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန် နိုင်ငံတော်မှ ဒေသန္တရအမိန့်များ ထုတ်ပြန်ထားစဉ်ကာလတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ထောက်ပံ့ပေးလျက်ရှိသော အခြေခံစားသောက်ကုန်ငါးမျိုးကို လိပ်သိုမြို့ အထကကျောင်းတွင် မေ ၁၈ ရက် ညနေပိုင်းက နောက်ဆုံးဖြန့်ဝေပေးခဲ့ရာ မြို့ပေါ်ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၁ အုပ်စုရှိ အိမ်ထောင်စုပေါင်း ၇၄၅၆ စု၊ လူဦးရေ စုစုပေါင်း ၃၄၉၄၁ ဦးအတွက် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။



လိပ်သိုမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ကာလ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား မိသားစုဝင်များအား မေ ၁၂ ရက်မှ စတင်ကာ အခြေခံစားသောက်ကုန် ငါးမျိုးဖြစ်သော ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာတို့ကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်ဖြန့်ဝေပေးခဲ့ရကြောင်းနှင့် ဖြန့်ဝေရေးလုပ်ငန်းများ ဆောင်ရွက်စဉ်ကာလတွင် ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများပါ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ လူမှုကူညီရေးအသင်းက PPE ဝတ်စုံများ လှူဒါန်း

ဘုတလင် မေ ၁၉

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသည့် သာသနမာမက လူမှုကူညီရေး အသင်းကြီးက စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် တစ်ကိုယ်ရည်သုံး အကာအကွယ်ဝတ်စုံ(PPE)များကို ဘုတလင်မြို့နယ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီထံသို့ မေ ၁၈ ရက်က လှူဒါန်းခဲ့သည်။

သာသနမာမက လူမှုကူညီရေးအသင်းသားများ ကိုယ်စား ဘုတလင်မြို့နယ် နေပူကုန်းကျေးရွာမှ မနေသုခ လူမှုကူညီရေးအသင်း အကျိုးတော်ဆောင်ဆရာတော် ဦးကောသလ္လ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးတိုးမောင်၊ အသင်းဥက္ကဋ္ဌ ဦးထွန်းကြည်နှင့် အသင်းသားများက ကိုဗစ်-၁၉ ရောဂါ အကာအကွယ်ဝတ်စုံ ၁၀ စုံနှင့် ခွဲစိတ်ခန်းသုံးမျက်မှန်ကိုးခုကို မြို့နယ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်ထံသို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထို့နောက် မနေသုခ လူမှုကူညီရေးအသင်း အကျိုးတော်ဆောင်ဆရာတော်က မနေသုခ လူမှုကူညီရေးအသင်းအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရန် ၂၄ နာရီ အဆင်သင့်ရှိကြောင်းနှင့် လိုအပ်သည့်အချိန်တွင် ဆက်သွယ်အကြောင်းကြားရန် မိန့်ကြားခဲ့ပြီး မြို့နယ်အဆင့် ရောဂါကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်လျှောက်ထားခဲ့သည်။

ဖိုးခါး(ပြန်/ဆက်)

# မြန်အောင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ယာယီပျံကျဈေးကို မြို့နယ်အားကစားကွင်း၌ ဖွင့်လှစ်ပေး

မြန်အောင် မေ ၁၉

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လူစည်ကားရာ နေခြည်ဈေးမှ ပျံကျဈေးသည်များအား မြို့နယ်အားကစားကွင်းအတွင်း မေ ၁၉ ရက် နံနက်မှစ၍ ယာယီပျံကျဈေး ဖွင့်လှစ်ပေးကာ စနစ်တကျ ရောင်းချ/ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မြန်အောင် နေခြည်ဈေးကိုလည်း ပုံမှန် ဖွင့်လှစ်ရောင်းချနေပြီး နေခြည်ဈေးမှာရောင်းချတဲ့ ပျံကျဈေးသည်များ စားဝတ်နေရေး အဆင်ပြေစေရန်နဲ့ စားသုံးသူများ လွယ်လွယ်ကူကူ ဝယ်ယူရရှိစေရန် ရည်ရွယ်ပြီး မြို့နယ်အားကစားကွင်းအတွင်းမှာ ပျံကျဈေးကို နံနက် ၅ နာရီမှ နံနက် ၁၀ နာရီအထိ စနစ်တကျ ရောင်းချနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပါတယ်"ဟု မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။

ယာယီပျံကျဈေး ဖွင့်လှစ်ရောင်းချလျက်ရှိသော မြို့နယ်အားကစားကွင်းအတွင်း ဈေးရောင်း/ဈေးဝယ် လာသူများအား နှာခေါင်းစည်းတပ်ဆင်ရန်၊ လက်ဆေးရန်၊ တစ်ဦးနှင့်တစ်ဦး သုံးပေအကွာမှ ဈေးဝယ်/ဈေးရောင်းကြရန်တို့ကိုလည်း စည်ပင်ဝန်ထမ်းများက လိုက်လံအသိပေးလျက်ရှိသည်။ ဝင်းဗိုလ်(မြန်အောင်)

# ကြို့ပင်ကောက်မြို့တွင်း၌ ပိုးသတ်ဆေးဖျန်း

ကြို့ပင်ကောက် မေ ၁၉

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရထားဘူတာရုံနှင့် ကားဂိတ်အပါအဝင် အများပြည်သူ သွားလာမှုများပြားသောနေရာများ၌ မြို့နယ်မီးသတ်ဦးစီးဌာနက မေ ၁၈ ရက် ညပိုင်းက ပိုးသတ်ဆေးများ ဖျန်းပေးခဲ့သည်။

"သွားလာနေတဲ့ပြည်သူတွေ ဘေးအန္တရာယ်မဖြစ်စေဖို့အတွက် အသွားအလာရှင်းတဲ့ အချိန်တွေမှာ ပိုးသတ်ဆေး ဖျန်းရတာပါ။ သီးသန့်ထားစောင့်ကြည့်စခန်းတွေနဲ့ ဌာနဆိုင်ရာရုံး အဆောက်အအုံတွေမှာပါ ဆေးဖျန်းတာတွေ လုပ်ပေးနေပါတယ်"ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းအောင်က ပြောသည်။ ကြို့ပင်ကောက်မြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်မြှင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇေယျာထွန်း (ကြို့ပင်ကောက်)

# ကျုံပျော်မြို့နယ်၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေး

ကျုံပျော် မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပရဟိတအဖွဲ့များ ပူးပေါင်းကာ ပြည်သူများထံသို့ နှာခေါင်းစည်းများ မေ ၁၉ ရက်က အခမဲ့ ဖြန့်ဝေပေးခဲ့သည်။ ပရဟိတအဖွဲ့များက လူစည်ကားရာ နေရာများဖြစ်သော မြို့မဈေးရှေ့၊ အင်းရဲလမ်းဆုံနှင့် မြို့ဝင်ဂိတ်များတွင် အဖွဲ့သုံးဖွဲ့ခွဲကာ နှာခေါင်းစည်း မပါရှိသူများနှင့် လိုအပ်သူများအား အခမဲ့ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပြီး အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ဆင်ရန် လှုံ့ဆော်ခြင်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ နေဝင်းမြင့်(ပြန်/ဆက်)

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ**
**လွန်စွာပူအေး၊ ဥတုဘေး**

စာမျက်နှာ ၂၇ မှ

အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ဆွေးနွေးပွဲများ ကျင်းပခြင်း၊ INGO၊ NGO များနှင့် ပူးပေါင်း၍ ဘေးမဲ့တော ရေရှည်တည်တံ့ရေးအတွက် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံများ ပါဝင်သော ထိန်းသိမ်းစောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် သင်တန်းများပြုလုပ်ခြင်း စသည်တို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာတွင် မြန်မာနိုင်ငံ၌သာ ရှင်သန်ကျက်စားပြီး မျိုးသုဉ်းတော့မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ချပ်သင်းဘေးမဲ့တောရှိ မြန်မာ့ရွှေသမင်နှင့် ၎င်းတို့၏ မှီခိုတောများကို ကာကွယ်ထိန်းသိမ်းရန်၊ သဘာဝ ပတ်ဝန်းကျင် ရေမြေအပါအဝင် အခြား ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးနှင့် အင်တိုင်းတော ဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်းသွားရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဌာနတစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်သွားရန်၊ သဘာဝပတ်ဝန်းကျင်သိပ္ပံပညာရပ်ကို မြှင့်တင်နိုင်ရန်၊ သုတေသနလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များချမှတ်၍ ချပ်သင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချပ်သင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ အဓိက ထိန်းသိမ်းရေးမျိုးစိတ်ဖြစ်သော မြန်မာ့ရွှေသမင်များ၏ အကောင်ရေ တိုးပွား/လျော့ကျ စာရင်းကို သိရှိမှတ်တမ်းတင်ပြီး အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် ထည့်သွင်း အကောင်အထည်ဖော်နိုင်ရန် သမင်စာရင်းကောက်လုပ်ငန်းကို နှစ်စဉ် ပွင့်လင်းရာသီတွင် တစ်ကြိမ် ပြုလုပ်ကြောင်းလည်း သိရသည်။

ရွှေသမင်များသည် ဖေဖော်ဝါရီလမှ မေလဆန်းအထိ မိတ်လိုက်၍ အောက်တိုဘာမှ ဒီဇင်ဘာလအတွင်း သားပေါက်ကြပြီး တစ်ကြိမ်လျှင် တစ်ကောင်သာ ပေါက်ဖွားသည်။ သမင်များသည် အများအားဖြင့် အင်တိုင်းတောများတွင် ကျက်စားပြီး ဆီးဖြူသီး၊ ဖန်ခါးသီး၊ ခပေါင်းသီးနှင့် မြက်တို့ကို အဓိက စားသုံးကြောင်းနှင့် ၂၀၁၉ ခုနှစ် ဧပြီလ သမင်စာရင်းကောက်ယူမှု မှတ်တမ်းများအရ သမင်ကောင်ရေ ၉၀၀ ခန့်ရှိကြောင်း သိရသည်။

ချပ်သင်းဘေးမဲ့တောအတွင်း ဇီဝမျိုးစုံမျိုးကွဲ အများအပြားရှိရာ အပင်များအနေဖြင့် သစ်ပင်မျိုးစိတ် ၁၁၁ မျိုး၊ ခြုံပင်မျိုးစိတ် ၂၇ မျိုး၊ နွယ်ပင်မျိုးစိတ် ၄၁ မျိုး၊ ပင်ပျော့မျိုးစိတ် ၇၁ မျိုး၊ မြက်မျိုးစိတ် ၅၆ မျိုး၊ ပရဆေးပင်မျိုးစိတ် ၃၉ မျိုး ရှိသည်။ သတ္တဝါမျိုးစိတ်များတွင် နို့တိုက်သတ္တဝါ ၁၃ မျိုး၊ ငှက်မျိုးစိတ် ၂၆၂ မျိုးရှိပြီး ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ မျိုးစိတ်ထဲတွင် ဖား ၁၆ မျိုး၊ မြွေ ၂၃ မျိုး၊ ပုတ်သင် ၁၂ မျိုး၊ လိပ် သုံးမျိုး ရှိသည်။ လိပ်ပြာမျိုးစိတ် ၆၅ မျိုးနှင့် ရေချိုငါး မျိုးစိတ် ၄၈ မျိုး ရှိကြောင်းလည်း မှတ်တမ်းများအရ သိရသည်။

ချပ်သင်းဘေးမဲ့တော၌ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများအနေဖြင့် ခရီးသွားဧည့်သည် ၁၅ ဦး တည်းခိုနိုင်သော ကင်းစမ်းသစ်တောစခန်း၊ ခရီးသွားဧည့်သည် ရှစ်ဦး တည်းခိုနိုင်သော တံခွန်တိုင်ဧည့်ရိပ်သာ၊ ခရီးသွားဧည့်သည် ၁၆ ဦး တည်းခိုနိုင်သော ရွှေမြေပဒေသာ သစ်လုံးအိမ် တည်းခိုရိပ်သာတို့ရှိပြီး ခရီးစဉ်အတွက် ဒေသခံလမ်းပြများ ရှိသည်။

လာရောက် လည်ပတ်ကြသူများသည် အဆိုပါ စခန်းနှင့် ရိပ်သာများ၌ တည်းခို၍ ဘေးမဲ့တောအတွင်းရှိ အင်တိုင်းတော ဂေဟစနစ်၊ မြန်မာ့ရွှေသမင်များနှင့် ဘေးမဲ့တောအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများအပေါ် သိမြင်မှု မြှင့်တင်နိုင်သည့် အသေးစား သဘာဝသမိုင်းပြတိုက် စသည်တို့ကို လေ့လာနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



ချပ်သင်းဘေးမဲ့တောအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသော သစ်တောဝန်ထမ်းများ

# သတင်းတိုများ

## ကလိန်အောင်မြို့၌ အိမ်ပြင်သို့ အသွားအလာပြုလုပ်တိုင်း နှာခေါင်းစည်းတပ်ရန် အဖွဲ့စုံဖြင့် အသိပညာပေး

**ကလိန်အောင် ဧပြီ ၁၉**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မဖြစ်မနေ အရေးကြီးကိစ္စရှိမှသာ အပြင်ထွက်ကြရန်နှင့် အပြင်ထွက်တိုင်း နှာခေါင်းစည်းများ တပ်ဆင်ကြရန် ဧပြီ ၁၉ ရက်မှစ၍ စစ်ဆေးရေးနေရာနှစ်ခု သတ်မှတ်ကာ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အသိပညာပေးအဖွဲ့တွင် ကလိန်အောင်မြို့ အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်၊ နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်တင်ကိုကိုနှင့် တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မိုးမိုးခိုင်နှင့် ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူး ဦးထွန်းထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများမှ အုပ်ချုပ်ရေးအဖွဲ့များနှင့် ကြက်ခြေနီအဖွဲ့ဝင်များ ပူးပေါင်းပါဝင်ကြပြီး ကလိန်အောင်မြို့ မြို့မဈေး၌လည်းကောင်း၊ ရပ်ကွက်များအတွင်းရှိ လမ်းဆုံလမ်းခွများ၌လည်းကောင်း အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆားလင်းကြီးမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများဖြန့်ဝေပြီး အသိပညာပေး

**ဆားလင်းကြီး ဧပြီ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအနေဖြင့် မြို့နယ်အတွင်း ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၈ ရက်က မြို့နယ်အတွင်းရှိ ဈေးများ၊ ညောင်ပင်ကြီးလမ်းဆုံ၊ ညောင်ပင်ကြီး စစ်ဆေးရေးဂိတ်နှင့် မြို့အဝင်အထွက် စစ်ဆေးရေးဂိတ်များ၌ ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။ **ဇော်လင်း(ဆားလင်းကြီး)**

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဦးလွင်မြို့တွင်း၌ ပိုးသတ်ဆေးဖျန်း

**ပြင်ဦးလွင် ဧပြီ ၁၉**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးတွင် အထောက်အကူဖြစ်စေရန်အတွက် ဧပြီ ၁၉ ရက်က ပိုးသတ်ဆေးများဖျန်းခဲ့သည်။ ပိုးသတ်ဆေးဖျန်းခြင်းကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြင်ဦးလွင်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများနှင့် ခရိုင်နှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ပြင်ဦးလွင်မြို့အဝင် ကျောက်တောင်ဘုရားမှ စတင်၍ မြို့အဝင်အဝိုင်းပတ်၊ နာရီစင်၊ ဈေးလေးမီးပွိုင့်၊ မန္တလေး- လားရှိုး လမ်းတစ်လျှောက်နှင့် ပြင်ဦးလွင်ဘူတာ စသည့် လူစည်ကားရာနေရာများ၌ ဆေးများဖျန်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဝမ်းတွင်းမြို့နယ်အတွင်းမှ သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသူများအား ထောက်ပံ့ငွေများ ပေးအပ်

**ဝမ်းတွင်း ဧပြီ ၁၉**
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်း ဧပြီ ၁၇ ရက်က မိုးသက်လေပြင်း ကျရောက်ခဲ့၍ ဂုဏ်ရွာကျေးရွာ၌ လူတစ်ဦး မိုးကြိုးစက်ကွင်းမိကာ သေဆုံးသွားခဲ့ပြီး အိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်အိအိမွန်က မြေပြင်ကွင်းဆင်းကြည့်ရှုပြီးနောက် ဧပြီ ၁၈ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသူများထံ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့သည်။ မိုးကြိုးစက်ကွင်းမိ၍ သေဆုံးခဲ့သူအတွက် ကျန်ရစ်သူ မိသားစုအား ထောက်ပံ့ငွေ ကျပ်သုံးသိန်းနှင့်အတူ အမိုးလန်ပျက်စီးသည့် နေအိမ်အတွက် အိမ်ဆောက်ပစ္စည်းဖိုး ကျပ် ၅၀၀၀၀ နှင့် ဆန်ရိက္ခာဖိုး ကျပ် ၈၄၀၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## မုဒုံမြို့နယ်၌ လျှပ်စစ်ဓာတ်အားခငွေ လာရောက်ပေးသွင်းသည့်ရက်များတွင် လူစုလူဝေးမဖြစ်စေရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထား

**မုဒုံ ဧပြီ ၁၉**
မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လျှပ်စစ်အင်ဂျင်နီယာရုံး၌ လျှပ်စစ်ဓာတ်အားသုံးစွဲသည့် ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲခ လာရောက်ပေးသွင်းရမည့် ရက်များတွင် လူစုလူဝေးမဖြစ်စေရန် ကြိုတင်စီမံဆောင်ရွက်ထားကြောင်း သိရသည်။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝေလင်းက "ဒီရက်ပိုင်းကတော့ ဓာတ်အားခငွေ ကောက်ခံတဲ့ရက်တွေ ဖြစ်ပါတယ်။ ကျွန်တော်နှင့် ဝန်ထမ်းတွေ၊ နောက်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး အထောက်အကူပြုအသင်းတို့ ပူးပေါင်းပြီး မီတာခလာဆောင်တဲ့ ပြည်သူများ နှာခေါင်းစည်း မပါလာရင် ကျွန်တော်တို့က အခမဲ့ ပေးပါတယ်၊ နောက်ပြီး ရုံးအဝင်မှာလည်း လက်ဆေးဘေစင်မှာ လက်ကို ဆပ်ပြာနဲ့ သေချာဆေးကြောစေပြီးမှ ရုံးအထဲကို ပေးဝင်ပါတယ်။ မီတာခပေးဆောင်မယ့် ပြည်သူများကိုလည်း တစ်ဦးနှင့်တစ်ဦး အကွာအဝေး ငါးပေခန့် ခွာပြီး စနစ်တကျ တန်းစီ ပေးဆောင်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပါတယ်"ဟု ပြောကြားသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**



မီတာခ တန်းစီပေးဆောင်နိုင်ရန် နေရာသတ်မှတ်ပြီး အမိုးများ ပြုလုပ်ပေးထားသည်ကို တွေ့ရစဉ်

## မံစီမြို့နယ်၌ တရုတ်နိုင်ငံမှ ပြန်လာသူများအား သတ်မှတ်နေရာများ၌ သီးသန့်ထား၍ စောင့်ကြပ်ကြည့်ရှုနေ

**မံစီ ဧပြီ ၁၉**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်မှ တရုတ်နိုင်ငံအတွင်းသို့ သွားရောက်အလုပ်လုပ်ကိုင်ပြီး ဧပြီ ၁၈ ရက်က ပြန်လည်ဝင်ရောက်လာသူများအား နမ်မဖွဲ့ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ သီးသန့်ထား၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများမှာ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ၁၂ ဦးဖြစ်ပြီး နမ်မဖွဲ့ကျေးရွာသူ ကျေးရွာသားများ ဖြစ်ကြသည့်အတွက် သီးသန့်ထားစောင့်ကြည့်ရန်နေရာအဖြစ် သတ်မှတ်ထားသည့် အခြေခံပညာမူလတန်းကျောင်း (နမ်မဖွဲ့)သို့ ပို့ပေးထားခြင်းဖြစ်ကြောင်း၊ ၎င်းတို့အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးချင်းဖေလင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကိုကို၊ မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး စားသောက်စရာများ ထောက်ပံ့ ပေးအပ်ခဲ့ကာ ကျေးရွာအဆင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဝင်များအတွက် နှာခေါင်းစည်းများ ပေးအပ်သည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသား အလုပ်သမားများအား တရုတ်နိုင်ငံမှ ပြန်လည်စေလွှတ်မှုကြောင့် ဧပြီ ၁၆ ရက်မှစတင်၍ မြန်မာနိုင်ငံ လွယ်ဂျယ် နယ်စပ်စစ်ဆေးရေးဂိတ်၌ ပြန်လည်စိစစ်၍ လက်ခံခဲ့သည်။ မံစီမြို့နယ်အတွင်း စိစစ်လက်ခံရာတွင် မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား လက်ခံရေး ပူးပေါင်းအဖွဲ့က နေ့စဉ် အလှည့်ကျစနစ်ဖြင့် မိုးမောက်မြို့နယ် ကျောက်စခန်း စုပေါင်းစစ်ဆေးရေးဂိတ်၌ သွားရောက် စိစစ်လက်ခံခဲ့ပြီး ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအလိုက် သတ်မှတ်ထားသည့် သီးသန့် စောင့်ကြပ်ကြည့်ရှုရန် နေရာများတွင် ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။ **ရိန်(ပြန်/ဆက်)**

## မိုင်းပျဉ်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိ

**မိုင်းပျဉ်း ဧပြီ ၁၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လွှတ်တော် ကိုယ်စားလှယ်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ပညာပေး နှိုးဆော်ခြင်း၊ နှာခေါင်းစည်းများနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း စသည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာတင်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်/ဆက်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် စည်ပင်ပန်းခြံကွင်း၌ ယာယီဖွင့်လှစ်ထားသည့် ပွဲကျဈေးတွင် ရောင်းချနေသော ဈေးသည် ဈေးဝယ်များ၊ လမ်းသွားလမ်းလာ ပြည်သူများအား နှာခေါင်းစည်းများနှင့် လက်ကမ်းစာစောင်များကို ဧပြီ ၁၉ ရက်က အခမဲ့ဖြန့်ဝေပေးပြီး **(အောက်ပုံ)** လက်သန့်ဆေးရည်များဖြင့် လက်ဆေးစေခြင်းနှင့် မလိုအပ်ဘဲ အပြင်သို့မထွက်ကြရန်နှင့် လိုအပ်၍ထွက်ပါက နှာခေါင်းစည်းများတပ်ဆင်ရန် စသည့် တစ်ဦးချင်းစီလိုက်နာရမည့် အချက်များကို အသိပညာပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## ညောင်ဦးမြို့ ယာယီပွဲကျဈေး၌ ဈေးသည်နှင့် ဈေးဝယ်လာသူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေး

**ညောင်ဦး ဧပြီ ၁၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လူစုလူဝေးမဖြစ်စေရန် ရည်ရွယ်ကာ ညောင်ဦးမြို့ ပြည်သူ့အားကစားကွင်းနှင့် ရွှေစည်းခုံဘုရားဝင်းအတွင်း၌ ယာယီပွဲကျဈေးကို ပြောင်းရွှေ့ဖွင့်လှစ်ထားရာ ဧပြီ ၁၉ ရက်တွင် ဈေးသည်နှင့် ဈေးဝယ် ပြည်သူများအနေဖြင့် သတ်မှတ်နေရာများ၌ စနစ်တကျ ရောင်းဝယ်ကြရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် ဝန်ထမ်းများက လိုက်လံစစ်ဆေးပြီး နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

မြို့နယ်စည်ပင် အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများသည် ယာယီပွဲကျဈေးအတွင်းမှ ဈေးသည်များအား စားသောက်ကုန်များကို လုံခြုံအောင်ဖုံးအုပ်၍ ရောင်းချရန်၊ ရောဂါ မဖြစ်ပွားစေရေး လက်အိတ်နှင့် နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်ရောင်းချကြရန် လိုက်လံစစ်ဆေးပြီး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးမှာကြား၍ ဈေးသည်များအား နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေတပ်ဆင်ပေးခဲ့ကြသည်။ ထို့အပြင် ဈေးဝယ်လာသူများ ဈေးအတွင်း မဝင်မီ လက်ဆေးရန် စီစဉ်ထားသည့်နေရာ၌ လက်ဆေးရန်နှင့် သတ်မှတ်ထားသော နေရာ၌သာ ရပ်၍ ဈေးဝယ်ကြရန်လည်း ဆွေးနွေးပြောကြားပြီး နှာခေါင်းစည်းမပါသော ဈေးဝယ်သူများအား နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခဲ့ကြသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ငါးမွေးမြူရေးကန်များ အပူချိန် မြင့်ထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

- ❖ နေအပူချိန် မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့ နည်းကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေး လွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများ ခေါင်းထောင်လျက် ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင် လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့် နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန် လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ❖ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ❖ ကန်ရေ အရည်အသွေး သတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသောအခြေအနေ ရှိရပါ မည်)။
- ❖ ကန်ရေအပူချိန် မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှု ဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးရန်။
- ❖ မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှ သိုလှောင်ထားရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေး ပြောင်းလဲမှု အခြေအနေများကို နေ့စဉ် နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

## ဒေါ်ကြည်ကြည်ရင်
### အသက်(၈၉)နှစ်

ရန်ကုန်မြို့နေ(အငြိမ်းစားစက်ရှင်မင်းကြီး ဝဏ္ဏကျော်ထင် ဦးဘိုးရင်-ဒေါ်အေးကြည်-ဒေါ်သန်းညွန့်)တို့၏သမီး၊ ပခုက္ကူမြို့နေ (ဦးကျောက်-ဒေါ်သာမယ်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၂၉၊ က-၁)နေ (ဗိုလ်မှူးကြီးအောင်ငွေး-ငြိမ်း)၏ဇနီး၊ ဒေါ်သန်းငွေး၊ ဒေါက်တာအောင်ကြီး-ဒေါက်တာနွယ်ဦး၊ ဒေါ်နိုင်နိုင်အောင်ငွေး၊ ဒေါက်တာစိုးငွေး၊ ဒေါက်တာစိန်မိုး-Dr.Kelly Daniakတို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာလင်းကြီး-Eric Loui, Kamryn Moe, Sydney Moe တို့၏ ချစ်လှစွာသောဘွားဘွားသည် ၁၀-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀:၀၄နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂:၄၅နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း
## ဒေါ်ကြည်ကြည်ရင်
### အသက်(၈၉)နှစ်

၁၀-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသော မိခင်ကြီး ဒေါ်ကြည်ကြည်ရင်အား နာမကျန်းဖြစ်စဉ်ကာလအတွင်း အဘက်ဘက်မှ ကုသစောင့်ရှောက်ပေးခဲ့ကြသည့် အာရှတော်ဝင်ဆေးရုံမှ ဒေါက်တာမြတ်သူနှင့်ဇနီး ဒေါက်တာခင်ချိုဦး၊ ပါမောက္ခဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများနှင့်ပါမောက္ခ ဒေါက်တာခင်စောဦး(မြောက်ဥက္ကလာပဆေးရုံကြီး)တို့အားလည်းကောင်း၊ ဈာပနကိစ္စအဝဝတွင် မေတ္တာစေတနာဖြင့် ပြည့်စုံစွာအဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သော ဦးစစ်တိုင်းအောင်နှင့်ဇနီး ဒေါက်တာယဉ်ဝင်းဝင်းအောင်၊ ဦးဝင်းမိုးနှင့်ဝန်ထမ်းများအားလည်းကောင်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကိုပေးပို့ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟနှင့် ချစ်သောသူငယ်ချင်းများအားလည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူမှုဆက်သွယ်ရေးကွန်ရက်များမှလည်းကောင်း နှစ်သိမ့်အားပေးသတင်းမေးမြန်းကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးအား အထူးပင်လှိုက်လှဲစွာကျေးဇူး ဥပကာရ တင်ရှိပါသည်။ **ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မုံရွာခရိုင်တရားမရုံး၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၈

၁။ ဦးမျိုးနိုင်(ကိုယ်တိုင်နှင့် ၂၊ ၃၊ ၄၊ ၅၊ ၆ တရားလို တို့၏အထွေထွေကိုယ်စားလှယ်စာရသူ)
၂။ ဒေါ်သန်းသန်းဆွေ
၃။ ဦးသန်းငွေ
၄။ ဦးသိန်းလှိုင်
၅။ ဒေါ်မိုးမိုးဆွေ
၆။ ဒေါ်စိုးစိုးထွေး

**တရားလိုများ**

**နှင့်**

၁။ ဦးအောင်သန်း
၂။ ဒေါ်လှလှသင်း
၃။ ဒေါ်တင်စိန်
၄။ ဒေါ်တင်ရှိန်
၅။ ဒေါ်တင်ရွှေ
၆။ ဒေါ်ခင်လှိုင်
၇။ ဦးမြင့်ဆွေ
၈။ ဒေါ်ခင်သန်းအေး
၉။ ဦးမြင့်ဝေ
၁၀။ ဒေါ်ခင်သန်းထွေး
၁၁။ ဦးတင်မှတ်
၁၂။ ဒေါ်ခင်နှင်းအေး
၁၃။ ဦးကြည်သန်း
၁၄။ ဦးစိုးနောင်
၁၅။ ဒေါ်ဝင်းဝင်းငွေး
၁၆။ ဒေါ်မြင့်မြင့်သိန်း
၁၇။ ဦးကြီးမောင်
၁၈။ ဦးသန်းထိုက်

**တရားပြိုင်များ**

ချောင်းဦးမြို့နယ်၊ ရွာသာအေးကျေးရွာနေ ၇။ ဦးမြင့်ဆွေ(ဘ)ဦးချမ်းမြ၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ (၁၃)လမ်းနေ၊ ၁၅။ ဒေါ်ဝင်းဝင်းငွေး(ဘ)ဦးဆုပိုင်၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ (၁၆)လမ်းနေ၊ ၁၆။ ဒေါ်မြင့်မြင့်သိန်း(ဘ)ဦးဆုပိုင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးနိုင် ပါ-၆ ဦးက အမွေပုံပစ္စည်း စီမံခွဲဝေပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဧပြီ ၉ရက် (၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ပါသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့်စာချုပ်စာတမ်းအစရှိ သည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မတ် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းစန်းရီ)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**မုံရွာခရိုင်တရားရုံး**

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နန်းလှလှဝင်း(ခ)ဒေါ်မေစီ
### အသက်(၆၁)နှစ်

ကျောက်မဲမြို့၊ (၁)ရပ်ကွက်၊ ရှေဦးရပ်နေ (ဦးဆံလူး)-ဒေါ်ထွန်းတို့၏သမီး၊ (ဦးသော်-ဒေါ်ညွန့်မေ)တို့၏သမီးချွေးမ၊ ဦးစိုင်းခင်မောင်ညွန့်-ဒေါ်နန်းသန်းညွန့်တို့၏ညီမ၊ ဒေါ်နန်းငွေးငွေး (အထက-၃၊ ကျောက်မဲ)၊ ဦးစိုင်းခင်မောင်မြင့်-ဒေါ်နန်းခင်လှမြင့်၊ ဒေါ်နန်းလှလှသီ၊ ဒေါက်တာထွေးကိုကို(ဒု-ညွှန်ကြားရေးမှူး၊ မွေးကု)-ဒေါ်နန်းညွန့်ညွန့်စိန်(သူနာပြုဆရာမကြီး၊ ပြည်ဆေးရုံ)တို့၏အစ်မ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၁၄)နေ ဦးအုန်းမောင်(C/E.M.T၊ ပြည်-ငြိမ်း၊ ရေနံသယ်ပို့)၏ဇနီး၊ ဒေါက်တာစိုင်းအုမ်ခမ်း(The Grand အောင်မင်္ဂလာသွားဆေးခန်း)-မနန်းသင်းသီရိထွန်း၊ နန်းဝင်းနန္ဒာထွန်းတို့၏မိခင်သည် ၁၈-၄-၂၀၂၀ရက် (စနေနေ့) ည ၉နာရီတွင် Grand Hantha International ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၂၀ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်အုန်းမေ
### စစ်တွေ
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၃လမ်း၊ အမှတ်(၁၀)နေ ဦးမွှီးအောင်-ဒေါ်ထွန်းမဖြူတို့၏သမီး၊ (ဦးအောင်ထွန်း)၏ဇနီး၊ ဦးဘစိန်(အကောက်ခွန်-ငြိမ်း)-(ဒေါ်မေရှင်)၊ ဦးဘသိန်း(လျှပ်စစ်ဦးစီး၊ ဆောက်လုပ်ရေး-ငြိမ်း)-ဒေါ်ကျင်ဦး(ထ-၄၊ မင်္ဂလာတောင်ညွန့်) တို့၏မိခင်၊ ဒေါ်လှဲ့လှဲ့စိန်၊ ဦးဇော်ဝင်း-ဒေါ်သင်းသင်းစိန်၊ ဦးကျော်ဇော်မင်း-ဒေါ်သီဂီမြင့်၊ ဒေါ်ဖြူဖြူစိန်၊ ဦးဇော်မျိုးထက်-ဒေါ်တင်တင်လှ၊ ဒေါ်သင်းသင်းနိုင်တို့၏အဘောင်ရှင်၊ မောင်ဘုန်းပြည့်ပိုင်မင်းခန့်၊ မောင်သန့်သတိုးသျှင်၊ မောင်ခန့်သတိုးဆက်တို့၏အဖီးရှင်သည် ၁၈-၄-၂၀၂၀ရက် ည ၇:၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၂၀ရက် တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ဇင်မာလင်း
### အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ် ၂၄(က)နေ၊ (ဦးအောင်ကျော်)-ဒေါ်အေးရီ တို့၏သမီး၊ ဦးနိုင်ဝင်း၏ဇနီး၊ မောင်စောရန်နိုင်၊ မအေးချမ်းမိုး တို့၏ မိခင်သည် ၁၉-၄-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်လှ(တာပွန်၊ နတ်တလင်း)
### နာယက၊ သက်ကြီးကန်တော့ခံ ပုဂ္ဂိုလ်
### အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ (ဦးမြမောင်-ဒေါ်တင်ရွှေ)တို့၏သမီး၊ ဆင်ပေါင်ဝဲမြို့နေ (ဝဏ္ဏကျော်ထင် ဦးဘိုးမြိုင်-ဒေါ်သိန်းခင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၅)လမ်း၊ အမှတ်(၁၇)နေ (ဦးထွန်းရှိန်)၏ဇနီး၊ ဦးငွေးလွင်(မန်နေဂျာ TMIT)-ဒေါ်အေးမြတ်ခိုင်(CSO/ငြိမ်း)၊ ဦးအောင်ကိုကို-ဒေါ်သန္တာထွန်းတို့၏မိခင်သည် ၁၇-၄-၂၀၂၀ရက် (သောကြာနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**နတ်တလင်းအသင်း**

## ဒေါ်ဝင်းဝင်းမြင့်
### အိုးအိမ်ဦးစီးဌာန၊ ဦးစီးအရာရှိ(ငြိမ်း)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၁၁၈၁)နေ မကေခိုင်စိုး၊ မပန်းအိဖြူတို့၏မိခင်၊ (ဦးမြင့်စိုး)၏ဇနီးသည် ၁၉-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈:၁၅နာရီတွင်ပင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၂၀ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သင့်သွေးဖြင့် အသက်ကယ်ပါ


## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ် ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

### တံဆိပ်အမည်အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း




ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ (၄၅၊ မြမာလာရပ်)၊ ပုညလမ်း၊ အမှတ် (၂၂)နေ ဦးအောင်ထက်ကျော်မှ ရထားလုံး (PONYCART) တံဆိပ်အမည်အမှတ်အသားဖြင့် သဘာဝသစ်သီးဖျော်ရည်မျိုးစုံ ထုတ်လုပ်ဖြန့်ချီရောင်းချလျက်ရှိပြီး အဆိုပါတံဆိပ်အမည်အမှတ်အသားအား ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းလျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ထက်ကျော် ၉/ပဥလ(နိုင်)၀၃၁၄၀၆**
**အမှတ် (၂၂)၊ ပုညလမ်း၊ (၄၅-မြမာလာရပ်)၊ ရပ်ကွက်ကြီး (၂)၊ ပြင်ဦးလွင်မြို့**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှဝေ ၁၂/လမန(နိုင်) ၀၀၉၉၄၉သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ တက္ကသီလာ(၁)လမ်း၊ အမှတ်(၅၄၈)တွင် လက်ရှိနေထိုင်လျက်ရှိပါသည်။ ၎င်း၏ ဖခင်ဖြစ်သူ ဦးကျော်သာ မှာ ၁၅-၈-၁၉၉၃ ရက်တွင် ကွယ်လွန်ခဲ့ပြီး မိခင်ဖြစ်သူ ဒေါ်ပြုံးကြည်မှာ ၁၂-၃-၂၀၂၀ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ၎င်းတို့ကွယ်လွန်ပြီးနောက် ကျန်ရှိခဲ့သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၄၇၅၊ က) အလျား ပေ ၂၀ x အနံပေ ၆၀ ရှိ မြေကွက်နှင့် ၎င်းမြေပေါ်ရှိ ဆောက်လုပ်ထားသော အိမ်နှင့်ဆက်စပ်ပစ္စည်းများအပါအဝင် အခြားရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်လှလှဝေသာလျှင် အမွေဆက်ခံပိုင်ခွင့်ရှိသူ တစ်ဦးဖြစ်ကြောင်းနှင့် ၎င်း၏ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမှ ဖော်ပြပါပစ္စည်းများအား တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**သိန်းလှိုင်**
**(LL.B,C.B.L,ADVOCATE)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၆၄/၃-၄-၂၀၁၂)**
**အခန်း(၁၈)၊ ဒုတိယထပ်၊ ဘားလမ်းနှင့်ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

ဝန်ဆောင်မှုများကို တိုးတက်ဖြည့်ဆည်းရင်း ပြည်သူ့အတွက် တာဝန်ကျေပွန်အောင် ကြိုးစားထမ်းဆောင်မည် အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

## ၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံဆု (ASEAN Prize 2020) လျှောက်ထားနိုင်ကြောင်း ကြေညာ

စာ ၂

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ပြည်တွင်းမှဝင်ရောက်လာသူများအား ထားရှိမည့် အသွားအလာကန့်သတ်ခြင်းပြုလုပ်မည့် နေရာများကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေအတွင်းသို့ ပြည်တွင်းမှ ဝင်ရောက်လာသူများအား ပျဉ်းမနားမြို့နယ်တွင်ထားရှိမည့် ပြည်သူလူထုပူးပေါင်းမှုဖြင့် သတ်မှတ်နေရာအဆောက်အအုံတွင် အသွားအလာကန့်သတ်ခြင်းပြုလုပ်မည့် နေရာများကို ယနေ့ နံနက် ၁၁ နာရီက ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိသူများက ပြည်တွင်းမှ ဝင်ရောက်လာသူများအား ထားရှိမည့် ပြည်သူလူထုပူးပေါင်းမှုဖြင့် သတ်မှတ်နေရာအဆောက်အအုံတွင် အသွားအလာကန့်သတ်ခြင်းပြုလုပ်မည့် *စာမျက်နှာ ၉ ကော်လံ ၁* ❍



# မိတ္ထီလာမြို့၌ ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရေးအတွက် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမနှင့် ရပ်ရှင်ရုံလမ်းတို့ကို ပိုးသတ်ဆေးဖျန်း

**မိတ္ထီလာ ဧပြီ ၁၉**

မိတ္ထီလာမြို့၌ ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရေးအတွက် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမနှင့် ရုပ်ရှင်ရုံလမ်းတို့ကို ယနေ့ နံနက် ၆ နာရီက မီးသတ်ယာဉ်ဖြင့် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်သည်။ **(အပေါ်ပုံ)**

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို မိတ္ထီလာမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အတူ သက်ဆိုင်ရာဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့များက ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ *စာမျက်နှာ ၉ ကော်လံ ၃* ✳

## တောင်ကိုရီးယားတွင် ရောဂါကူးစက်ခံရမှု တစ်နေ့တည်းတွင်ပင် ၁၀ ဦးအောက် ကျဆင်း

စာ ၁၂

## ကိုဗစ်-၁၉ ကြောင့် စက်ရုပ်တွေ ပိုမိုတွင်ကျယ်လာနိုင်မလား

စာ ၁၄

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ စာ ၁၅

# ကွင်းလယ်အင်အားကို ဘာရိုဇိုဗစ်နှင့် ဖြည့်တင်းရန် လီဗာပူးစီစဉ်

လီဗာပူးအသင်းသည် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းမှ ခရိုအေးရှားကွင်းလယ်ကစားသမား မာဆယ်လို ဘာရိုဇိုဗစ်ကို ပေါင် ၅၂ သန်းဖြင့် ခေါ်ယူဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အင်တာမီလန်အသင်းအနေဖြင့် အဆိုပါကစားသမားကို ဆန်စီရို၌ စာချုပ်သစ်ချုပ်ဆိုပြီး ဆက်လက်ထိန်းသိမ်းထားရန် ဆန္ဒလည်းရှိနေသည်။

လီဗာပူးသည် ယင်းအပြောင်းအရွှေ့ကိစ္စနှင့် စပ်လျဉ်းပြီး ဘာရိုဇိုဗစ်၏ ကိုယ်စားလှယ်နှင့် ကနဦးဆက်သွယ်မှု ပြုလုပ်ထားသည်။ ဘာရိုဇိုဗစ်သည် နည်းပြကွန်တီ၏ အစီအစဉ်တွင် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်ကစားလျက်ရှိနေသူဖြစ်ပြီး ၃၂ ပွဲ ပါဝင်ကစားထားကာ သုံးဂိုးသွင်းယူပေးထားနိုင်သည်။ ထို့အပြင် ဂိုးရရှိအောင်လည်း ငါးကြိမ်အထိ ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

ဘာရိုဇိုဗစ်သည် အင်တာမီလန်အသင်းနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးသော်လည်း ၎င်း၏ စာချုပ်ဖျက်သိမ်းကြေးကို ပေါင် ၅၂ သန်းသာရှိသောကြောင့် အဆိုပါအပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်ရှိနေသည်။ လီဗာပူးအသင်းသည် ဘာရိုဇိုဗစ်၏ အပြောင်းအရွှေ့နှင့် ပတ်သက်ပြီး ၎င်း၏ အေးဂျင့်ဖြစ်သူ ဘီကာနစ်နှင့် ဆက်သွယ်မှုပြုလုပ်ထားကြောင်း မီလန်အခြေစိုက်သတင်းစာ လီဘာရို၏အဆိုအရ သိရသည်။

သို့သော်လည်း အင်တာမီလန်အသင်းက အားထားရသည့် ကွင်းလယ်ကစားသမား ဘာရိုဇိုဗစ်အား ဆက်လက်ထိန်းထားရန် ဆန္ဒရှိနေသည်။ ဘာရိုဇိုဗစ်သည် ခရိုအေးရှားအသင်းအတွက် *စာမျက်နှာ ၁၁ ကော်လံ ၅* ✳

မြန်မာ့အလင်း
တနင်္လာ၊ မေ ၂၀၊ ၂၀၂၀

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ဝန်ဆောင်မှုများကို တိုးတက်ဖြည့်ဆည်းရင်း ပြည်သူ့အတွက် တာဝန်ကျေပွန်အောင် ကြိုးစားထမ်းဆောင်မည်

သိမ့်သိမ့်မိုး၊ ခင်ရတနာ၊ ဓာတ်ပုံ – သီဟစည်သူ

ပြည်သူများ၏ တစ်ခဲနက်ထောက်ခံအားပေးမှုများဖြင့် အနိုင်ရရှိခဲ့သည့် ဒီမိုကရေစီအစိုးရသက်တမ်းသည် ယခုအခါ ၄ နှစ်တာသို့ ဖြတ်သန်းခဲ့ပြီဖြစ်သည်။ ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းရင်းဖြင့် နိုင်ငံတော်အတွက် ပြန်လည်ထူထောင်ရေး၊ စနစ်ကျသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးဆီသို့ ချီတက်ရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ဌာနကြီးတစ်ခုဖြစ်သည်။ ဌာနခွဲပေါင်း ၁၈ ခုတို့က ပြည်သူနှင့် နိုင်ငံတော်အတွက် လိုအပ်ချက်များကို တစ်ထောင့်တစ်နေရာမှ အားဖြည့်ပေးလျက်ရှိသည်။

များပြားလှသည့် သယ်ယူပို့ဆောင်ရေးကဏ္ဍများကို စနစ်တကျစီမံခန့်ခွဲပေးခြင်းနှင့် တိုးတက်အောင်ဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် ကြိုးစားမြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ အစိုးရ၏ စတုတ္ထ (၁)နှစ်တာ ဖြတ်သန်းမှုများတွင် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်းကို သိရှိနိုင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ရသည် –



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး
ဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်

**မေး။** ။ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ စတုတ္ထ (၁)နှစ်တာ ဖြတ်သန်းမှုတွေအနက် သိသာထင်ရှားတဲ့ မြန်မာ့မီးရထားရဲ့ ဆောင်ရွက်နေမှုတွေကို သိပါရစေရှင့်။

**ဖြေ။** ။ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ စတုတ္ထ (၁)နှစ်တာအတွင်း ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေက အများကြီးရှိပါတယ်။ ဝန်ကြီးဌာနကနေ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ တစ်နှစ်၊ နှစ်နှစ်နဲ့ ပြီးတဲ့လုပ်ငန်းတွေ မဟုတ်ပါဘူး။ နှစ်တို၊ နှစ်လတ်နဲ့ နှစ်ရှည် စီမံကိန်းတွေနဲ့ ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေဖြစ်တာကြောင့် တစ်နှစ်တာဆိုတာထက် လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်နေတဲ့ အခြေအနေကို ရှင်းပြလိုပါတယ်။

ပထမဦးစွာ ရထားပို့ဆောင်ရေးကဏ္ဍမှာ သိသာထင်ရှားတဲ့ မြို့ပတ်ရထားလမ်းပိုင်းနဲ့ ပတ်သက်ပြီး ပြောကြားလိုပါတယ်။ ရန်ကုန်မြို့ပတ်ရထားလမ်းမှာ အတွင်းလမ်း၊ အပြင်လမ်းနဲ့ ဒွေးလမ်းဆိုပြီး စုစုပေါင်း သံလမ်းမိုင်အရှည် ၅၉ မိုင်ရှိပါတယ်။ ဒီသံလမ်းအရှည် ၅၉ မိုင်ကို ကိုးချောင်းဆက် သံလမ်းခင်းပြီး လမ်းခင်းကျောက်တွေ ဖြည့်တင်းပါတယ်။ ဒါ့အပြင် တံတားတွေကို တည်ဆောက်ခဲ့ပါတယ်။ ဒါတွေအားလုံးက သံလမ်းအရှည်မိုင် ၅၉ မိုင်ထဲက ၅၁ မိုင်ခွဲ ပြီးစီးနေပြီဖြစ်ပါတယ်။

မြို့ပတ်ဘူတာတွေအနေနဲ့ ရန်ကုန်ဘူတာကြီးမပါဘဲ ဘူတာပေါင်း ၃၇ ဘူတာရှိပါတယ်။ ဘူတာ ၃၇ ဘူတာကို ပလက်ဖောင်းစင်္ကြံတွေ မြှင့်တင်ရပါတယ်။

*အချပ်ပို (ခ) သို့*

**"ကျွန်တော်တို့နိုင်ငံမှာ အသုံးပြုနေတဲ့ လေဆိပ် ၃၄ ခုရှိပါတယ်။ လေဆိပ် ၃၄ ခုထဲမှာ ပြည်တွင်းလေဆိပ် ၃၀ ၊ နိုင်ငံတကာလေဆိပ်က သုံးခု၊ အခုဆိုရင် Custom, Aerodrome လို့ ခေါ်တဲ့ နိုင်ငံတကာကနေ စင်းလုံးငှားလေယာဉ်(Chartered Flight)တွေ တိုက်ရိုက်ဆင်းသက်နိုင်တဲ့ ညောင်ဦးလေဆိပ်တို့အပါအဝင် ဖြစ်ပါတယ်။ လေဆိပ်အဟောင်းတွေက ၃၅ ခုရှိပါတယ်။ အားလုံးပေါင်း ၆၉ ခုရှိပါတယ်။ လေကြောင်းသွားလာမှုက ၂၀၁၆ ခုနှစ်မှာ လူဦးရေ ၉၂၀၀၀၀၀ လောက် အသုံးပြုခဲ့ပြီး ၂၀၁၉ ခုနှစ်မှာ ခရီးသည်စုစုပေါင်း ၁၁၂၀၀၀၀၀ အထိ အသုံးပြုခဲ့လို့ နှစ်သန်းကျော်တိုးမြင့်လာတာကို မြင်တွေ့ရမှာဖြစ်ပါတယ်"**



ချင်းပြည်နယ်မှ တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် ဆူရ်ဘုန်လေယာဉ်ကွင်း။



ရန်ကုန်-မြစ်ကြီးနား ခရီးစဉ်သစ် စတင်ဖွင့်လှစ်ပေးစဉ်။

*အချပ်ပို (က) မှ*

ဒါမှ တွဲပေါ်ကို ခရီးသည်တွေ သက်သောင့်သက်သာ တက်နိုင် မှာဖြစ်ပါတယ်။ ဒီလိုအဆင့်မြှင့်တင်ခြင်းကို ဘူတာ ၃၇ ဘူတာထဲက ၂၅ ဘူတာပြီးစီးနေပြီ ဖြစ်ပါတယ်။ ကျန်ရှိတဲ့ ဘူတာ ၁၂ ဘူတာကို ဇွန်လအတွင်း အပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရေမြောင်းတွေ ဖောက်လုပ်တဲ့နေရာမှာ ရေမြောင်းအဖုံးနဲ့ စနစ်တကျ ဖောက်လုပ်တဲ့အတွက် ၈ ဒသမ ၄ မိုင် ပြီးစီးခဲ့ပါတယ်။ ရထားလမ်းပေါ်မှာ ကျူးကျော်တွေ မရှိအောင် ကာကွယ်ဖို့ မြို့ပတ်ဧရိယာအတွင်း အုတ်တံတိုင်းကာရံခြင်း ၃၉ မိုင်ခန့်နဲ့ ခြံစည်းရိုး ကာရံခြင်း ရှစ်မိုင်ခန့်ကို ယခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တကယ်တမ်းက သံလမ်းအရှည် ၅၉ မိုင်ရဲ့ နှစ်ဆ မိုင် ၁၀၀ ကျော်ကို ကာဖို့ရှိပါတယ်။

**မေး။ ။ရထားလမ်းပိုင်းတွေ ဆောင်ရွက်တဲ့နေရာမှာ အဓိကလုပ်ငန်းဆောင်ရွက်ချက်တွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။မော်တော်ကားလမ်းနဲ့ ရထားလမ်း ဖြတ်တဲ့ နေရာပေါင်းက ၂၅ နေရာ ရှိပါတယ်။ အဲဒီ လမ်းဖြတ် ၂၅ ခုမှာ ပြင်ဆင်ဖို့ ငါးခုကျန်ပါတယ်။ ကားနဲ့ ရထား လမ်းကူးတွေကို ဖြတ်တဲ့အခါ ချောချောမောမော ဖြတ်ကူးနိုင်ဖို့ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေက မြို့ပြအင်ဂျင်နီယာလုပ်ငန်းတွေဖြစ်ပြီး အလုံးစုံ ပြီးသလောက်ရှိပါပြီ။ လမ်းကူးတွေ အဆင့်မြှင့်တဲ့အခါ ခရီးသည်တွေ ရထားလမ်းပလက်ဖောင်းပေါ် ကူးသန်းရာမှာ လွယ်ကူဖို့ ရည်ရွယ်ပြီး လူကူးခုံးကျော်တွေကို တည်ဆောက်ပေးပါတယ်။ လူကူးခုံးကျော်အဟောင်း ၁၂ ခုကို ပြုပြင်ပေးခဲ့ပြီး အသစ်လူကူးခုံးကျော် ၃၅ ခုကို ဆက်တိုက် တည်ဆောက်ပေးခဲ့တာ လက်ရှိမှာ ၁၀ ခုခန့် ပြီးစီးသွားပြီဖြစ်ပါတယ်။

ဒါတွေအားလုံးကိုပြည်ထောင်စုဘတ်ဂျက်ထဲကနေ ဘဏ္ဍာရေးနှစ်အလိုက် ခွဲခြားတည်ဆောက်ပေးနေပါတယ်။ ရထားအချက်ပြနဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေကို ဂျပန်ကုမ္ပဏီတစ်ခုက တင်ဒါအောင်မြင်လို့ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ကြန့်ကြာနေတဲ့ကဏ္ဍက စက်ခေါင်းနဲ့ တွဲဆိုင်းတွေ ဖြည့်တင်းဖို့ဖြစ်ပါတယ်။ ဂျပန်နိုင်ငံက အိုလံပစ်ပွဲတော်ရှိတဲ့အတွက် အခုနှစ်မှာ မရောက်လာနိုင်သေးပါဘူး။ သူတို့ရဲ့ တင်ဒါလုပ်ငန်းဆောင်ရွက်မှုတွေအရ ၂၀၂၃ ခုနှစ်ဝန်းကျင်မှ ရောက်ရှိလာမယ်လို့ ခန့်မှန်းထားပါတယ်။ လက်ရှိမှာ ဂျပန်အစိုးရက သူတို့အသုံးပြုနေတဲ့အထဲက RBE ၃၂ တွဲကို ထောက်ပံ့ပေးမှာဖြစ်ပြီး ငါးတွဲ ရောက်ရှိနေပါပြီ။ ကျန်တဲ့ တွဲတွေက ဇွန်လထဲမှာ ရောက်မှာပါ။

ရထားပို့ဆောင်ရေးမှာ အချက်ပြဆက်သွယ်ရေးက အရေးကြီးပါတယ်။ ကားလမ်းနဲ့ ရထားလမ်းကူးတဲ့နေရာ ၂၅ ခုကို အလိုအလျောက် အချက်ပြစနစ် တပ်ဆင်ဖို့ ကြိုးစားနေပါတယ်။ ရထားလာရင် အလိုအလျောက် အသံမြည်ပြီး မီးနဲ့အချက်ပြပါမယ်။ ပြီးရင် မောင်းတံက အလိုအလျောက်ကျလာတဲ့အခါ ကားတွေက စနစ်တကျ ရပ်တန့်သွားမှာဖြစ်ပြီး မောင်းတံပြန်ပွင့်တဲ့အခါ ကားတွေက အဆင်ပြေချောမွေ့စွာ ဖြတ်သန်း မောင်းနှင်သွားနိုင်တဲ့အတွက် မြို့ပတ်ရထားလမ်းဟာ ပိုပြီးချောမွေ့တဲ့ သွားလာရေးစနစ် ဖြစ်လာမှာ ဖြစ်ပါတယ်။

**မေး။ ။ရန်ကုန် – မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို သိပါရစေရှင့်။**

ဖြေ။ ။ရန်ကုန် – မန္တလေးလမ်းပိုင်းကို ပထမအဆင့်အဖြစ် ရန်ကုန်နဲ့ တောင်ငူအကြား သံလမ်းအရှည် ၁၆၆ မိုင်ကို ‌ဒွေးလမ်းအနေနဲ့ အဆင့်မြှင့်နေပါတယ်။ ဒီလို အဆင့်မြှင့်တဲ့နေရာမှာ ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်ကစပြီး ဖြစ်နိုင်ခြေလေ့လာခြင်း၊ အသေးစိတ် ဒီဇိုင်းရေးဆွဲခြင်း၊ စီမံကိန်းကြီးကြပ်မှုအကြံပေးအဖွဲ့ကို တင်ဒါခေါ်ယူငှားရမ်းခြင်း၊ စာချုပ်ချုပ်ဆိုခြင်း၊ ကုန်ကျစရိတ်ဈေးနှုန်းတွေကို ညှိနှိုင်းစိစစ်ဆေးခြင်းတွေကို ဆက်တိုက်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလမှာ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီတွေနဲ့ စာချုပ်ချုပ်ဆိုကာ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်ကစပြီး စတင်ကွင်းဆင်း ဆောင်ရွက်ခဲ့ပါတယ်။ ‌ဒွေးလမ်းကို လမ်းတစ်လမ်းပိတ်ပြီး ဆောင်ရွက်နေပါတယ်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှာ ပြီးစီးပါမယ်။ လုပ်ငန်းဆောင်ရွက်မှုအနေနဲ့ သုံးနှစ်ကြာမှာ ဖြစ်ပါတယ်။ ပထမဆင့်တစ်ခုလုံးမှာ လေးထောင့်ပြွန်ပေါက် တံတားပေါင်း ၂၀၂ စင်းကို ပြင်ဆင်ရမှာဖြစ်ပြီး တံတားကြီး ၃၅ စင်းကို တည်ဆောက်ရမှာ ဖြစ်ပါတယ်။

ယခုနှစ်အတွင်း လေးထောင့်ပြွန်ပေါက် တံတား ၁၃၃ စင်းမှာ တစ်ခြမ်းစီ ပြီးစီးပါမယ်။ တံတားကြီးတွေ အသစ်တည်ဆောက်ရာမှာ အောက်ခြေဘိုးပိုင်လုပ်ငန်းတွေကို မိုးမကျမီ ပြီးစီးဖို့ ဆောင်ရွက်နေပါတယ်။ ဒါမှ မိုးတွင်းမှာ လုပ်ငန်းခွင်မပျက် အပေါ်ပိုင်းကို ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒီကြားထဲမှာ စီမံကိန်းအဆင့်(၂)ဖြစ်တဲ့ တောင်ငူ – မန္တလေး အပိုင်းကို တစ်ပြိုင်တည်း ဆောင်ရွက်နေပါတယ်။ အသေးစိတ်ဒီဇိုင်းနဲ့ ကုန်ကျစရိတ်တွေ တွက်ချက်ခွဲဝေမှုပြီးစီးနေပါပြီ။ တင်ဒါခေါ်ယူထားပါတယ်။

**မေး။ ။မန္တလေး-မြစ်ကြီးနားလမ်းပိုင်း အဆင့်မြှင့်တင်တဲ့ လုပ်ငန်းစဉ်တွေနဲ့ ကြုံတွေ့ရတဲ့အခြေအနေကို သိပါရစေရှင့်။**

ဖြေ။ ။မန္တလေး-မြစ်ကြီးနားလမ်းပိုင်း အဆင့်မြှင့်တင်ရာမှာ အခက်အခဲတွေရှိပါတယ်။ နမ့်ခမ်း – ဘုံချောင်းနဲ့ မော်ဟန် – ကာဒူနေရာတွေမှာ အကွေ့အကောက်တွေ အများကြီး ရှိပါတယ်။ လျှောဇောက်မြေအနိမ့်အမြင့်က များပြားပြီး မတော်တဆမှုတွေ ဖြစ်ပွားတတ်တဲ့အတွက် ရထားသွားလာမှု အခက်အခဲတွေရှိခဲ့ပါတယ်။ ဒါကြောင့် ခက်ခဲကြမ်းတမ်းတဲ့ လမ်းပိုင်းကို ပြေပျောက်အောင် ကိုရီးယားအင်ဂျင်နီယာအဖွဲ့နဲ့ လေ့လာမှုပြုပြီး ဖြစ်နိုင်စွမ်းကို နှစ်ကြိမ် ဆန်းစစ်ခဲ့ရာကနေ ဥမင်တစ်ခု၊ တံတားကြီး တစ်စင်းနဲ့ ဘူတာအသစ်နှစ်ခု တည်ဆောက်ဖို့ လျာထားဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဂျိုးတောင်ကနေ မဲဇာအထိ ၂၄ မိုင်ခရီးနဲ့ မော်ဟန် – ကာဒူအထိ ၁၀ မိုင် စုစုပေါင်း သံလမ်းအရှည် ၃၄ မိုင်ကို ကိုရီးယားသမ္မတနိုင်ငံက ချေးငွေအမေရိကန်ဒေါ်လာ ၁၂၅ သန်းနဲ့ တည်ဆောက်ခွင့်ရရှိဖို့ လွှတ်တော်ရဲ့ ခွင့်ပြုချက်ကို တောင်းခံရမှာဖြစ်ပါတယ်။ ကျန်တာကို ဝန်ကြီးဌာနရဲ့ ဘတ်ဂျက်နဲ့ ကိုးချောင်းဆက်သံလမ်းခင်းခြင်းနဲ့ ကျောက်ဖြည့် ပက်ကင်ရိုက်ခြင်းတွေ ဆောင်ရွက်ခဲ့တာ လေးနှစ်တာအတွင်း အတော်များများ ပြီးစီးခဲ့ပြီး သံလမ်းအရှည် ၁၄၅ မိုင်သာ ကျန်ရှိပါတယ်။ ကျန်တာတွေကို ယခုနှစ်အတွင်း အပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်း တစ်ခုလုံး ပြီးစီးသွားမယ်ဆိုရင် ရထား ခုတ်မောင်းတဲ့ မိုင်နှုန်းတွေကို မြှင့်တင်နိုင်ပြီး ရထားစီးနင်းမှုအနေနဲ့ ယခုထက် သက်သာချောမွေ့ကာ အချိန်ကုန်တာလည်း အများကြီး လျော့ပါးသွားမှာဖြစ်ပါတယ်။

**မေး။ ။ရန်ကုန် – မော်လမြိုင်နဲ့ ရန်ကုန် – ပြည် ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုတွေကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ရန်ကုန် – မော်လမြိုင် လမ်းပိုင်းမှာ ပဲခူး – မော်လမြိုင် သံလမ်းအရှည်မိုင် ၁၃၀ အကွာအဝေးကို ကိုးချောင်းဆက်သံလမ်းတွေ ခင်းပြီးသွားပါပြီ။ ကျောက်ဖြည့် ပက်ကင်ရိုက်တာကို ပဲခူး – သထုံ လမ်းပိုင်းအထိ ပြီးသွားပါပြီ။ သထုံ – မော်လမြိုင် သံလမ်းအရှည် ၃၉ မိုင်ကို ယခုနှစ်အတွင်း အပြီးသတ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန် – ပဲခူးလမ်းပိုင်း မပြီးသေးတဲ့အတွက် စိတ်သွားတိုင်း ကိုယ်မပါနိုင်သေးတဲ့ အနေအထားဖြစ်နေတာမို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ရန်ကုန်-ပြည်လမ်းပိုင်းကို အဆင့်မြှင့်တင်ဖို့ရှိပါတယ်။ ဒါကို Asian Development Bank – ADB ရဲ့ ချေးငွေနဲ့ စိစစ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ရထားပို့ဆောင်ရေးကဏ္ဍမှာ အဓိက ပြုပြင်ပြောင်းလဲနိုင်မှုကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ရထားနဲ့ပတ်သက်လို့အဓိကအကျဆုံး အပြောင်းအလဲက ရထားလမ်းပြုပြင်ထိန်းသိမ်းခြင်းစနစ် ဖြစ်ပါတယ်။ အရင်တုန်းက လူလုပ်အားဖြစ်တဲ့ ပေါက်ချွန်းတွေ၊ ပေါက်ပြားတွေ၊ ဘာလီလက်တွေနဲ့ လုပ်ခဲ့ကြပါတယ်။ အခုအချိန်မှာ ပက်ကင်ရိုက်တဲ့စက်က လုပ်အားတစ်ဝက်ကို သက်သာစေတဲ့ Semi – Mechanized System ဖြစ်လာဖို့ စီစဉ်ထားပါတယ်။ ဒီလို ဆောင်ရွက်ဖို့အတွက် ဝယ်ယူစုဆောင်းတာနဲ့ ဂျပန်နိုင်ငံရဲ့ အထောက်အပံ့နဲ့ လှူနဲ့တွဲပြီး လုပ်ရတဲ့ ပက်ကင်ရိုက်စက်တွေကို ဒီနှစ်မှာ အစုံ ၇၀ ရောက်ရင် လမ်းဗိုလ်တိုင်း ပက်ကင်ရိုက်စက်လေးခုပါ တစ်စုံစီနဲ့ ပြည့်စုံသွားမှာ ဖြစ်ပါတယ်။

ဒါမှ ရထားလမ်းတွေကို ရေရှည်ပြုပြင်ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန် – မန္တလေး၊ မန္တလေး – မြစ်ကြီးနား၊ ရန်ကုန် – မော်လမြိုင်နဲ့ ရန်ကုန် – ပြည် စတဲ့ အဓိက မီးရထားလမ်းမကြီး လေးခုကို စက်နဲ့ အပြည့်အဝ ပြုပြင်ထိန်းသိမ်းတဲ့ လုပ်ငန်းကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### တွဲဆိုင်းနှင့် စက်ခေါင်းများအားဖြည့်

ဒ့ါအပြင် တွဲဆိုင်းနဲ့ စက်ခေါင်းတွေကို အားဖြည့်နေပါတယ်။ လက်ရှိ တွဲဆိုင်းနဲ့ စက်ခေါင်း ၆၀ ရာခိုင်နှုန်းက သက်တမ်းလွန်တဲ့ စက်ခေါင်းတွေ ဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ စက်ခေါင်းတွေ ရရှိပါတယ်။ အရင်အစိုးရလက်ထက်က တရုတ်ချေးငွေနဲ့ ဝယ်ခဲ့တဲ့ စက်ခေါင်း ၁၂ ခေါင်း၊ ယခု ၄ နှစ်တာအတွင်းမှာ SKD စနစ်နဲ့ပြင်တဲ့ စက်ခေါင်း ၁၀ ခေါင်း၊ အိန္ဒိယက စက်ခေါင်း ၁၈ ခေါင်း စသဖြင့် စက်ခေါင်းတွေကို ဝယ်ယူဖြည့်တင်းနေပါတယ်။ ဒ့ါအပြင် တရုတ်နဲ့ ပူးပေါင်းပြီး နေပြည်တော်စက်ခေါင်းစက်ရုံမှာ မြင်းကောင်ရေ ၁၂၀၀ ရှိ စက်ခေါင်း ငါးလုံးကို ဒီနှစ်အတွင်း တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

နောက်ထပ် RBE လို့ခေါ်တဲ့ ဂျပန်က ဝယ်လာတဲ့ စက်ခေါင်းတွေကို အင်ဂျင်ပါဝါရှိသမျှ အကုန်လုံးလိုလို အပြည့်အဝလဲလှယ်တဲ့လုပ်ငန်းကို မီးရထားတွဲ ရှစ်တွဲမှာ ဆောင်ရွက်ပြီးဖြစ်ပါတယ်။

လူစီးတွဲဆိုရင် အရင်အစိုးရလက်ထက်က တရုတ်ချေးငွေနဲ့ ဝယ်ခဲ့တဲ့ လူစီးတွဲ ၆၀ ထဲက လူစီးတွဲ ၃၉ တွဲက အရင်အစိုးရ လက်ထက်မှာ ရောက်ပါတယ်။ ဒီဘက်နှစ်ပိုင်းမှာ လူစီးတွဲ ၂၁ တွဲကို ကျွန်တော်တို့ကိုယ်တိုင် SKD စနစ်နဲ့ တပ်ဆင်ထုတ်လုပ်ပါတယ်။ ကိုယ်တိုင်တည်ဆောက်တာက လူစီးတွဲ ၂၀၀ နီးပါးရှိပါတယ်။ ကိုရီးယားတွဲ ၁၀၀ မှာ အဲကွန်းပါတဲ့ အထူးတန်းအတွဲ ၂၀ ၊ အဲကွန်းမပါတဲ့ အထူးတန်းအတွဲ ၂၀ နဲ့ ရိုးရိုးတန်းအတွဲ ၆၀ ကို ဒီမှာ ပြုပြင်တပ်ဆင်သွားမှာဖြစ်ပြီး SKD စနစ်နဲ့ ရိုးရိုးတန်း အတွဲ ၆၀ ကို တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒီလထဲမှာ တချို့တွဲတွေ ရောက်လာပါပြီ။ မန္တလေးနဲ့ မြစ်ကြီးနားလမ်းပိုင်းမှာ အဲကွန်းပါတဲ့ အထူးတန်းအတွဲတွေကို သုံးစွဲပြီး *အချပ်ပို (ဂ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချုပ်ပိုဒ် (ခ) မှ*

မြန်မြန်ဆန်ဆန် ပြေးဆွဲနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**မေး။ ။ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုကို သိလိုပါတယ်ရှင့်။**

ဖြေ။ ။ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ကျွန်တော်တို့ စတင်တာဝန်ယူတဲ့ ၂၀၁၆ ခုနှစ် မတ်လမှာ မှတ်ပုံတင်ထားတဲ့ မော်တော်ယာဉ်အစီးရေ ၅ ဒသမ ၅ သန်းရှိပါတယ်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအကုန်မှာ မော်တော်ယာဉ်အစီးရေ ၇ ဒသမ ၃ သန်း ဖြစ်လာတဲ့အတွက် မော်တော်ယာဉ်အစီးရေ ၂ ဒသမ ၈ သန်းကျော် တိုးတက်လာခဲ့ပါတယ်။ ယာဉ်စီးရေ များလာတဲ့အတွက် မှတ်ပုံတင်အရေအတွက်လည်း များလာပါတယ်။ ပြုပြင်ထိန်းသိမ်းရတာတွေနဲ့ စာရင်းပြုစုရတာတွေ စတဲ့လုပ်ငန်းစဉ်တွေ များလာသလို မတော်တဆမှုတွေလည်း များလာပါတယ်။

မတော်တဆမှုတွေကို ကမ္ဘာ့သတ်မှတ်ချက်က ယာဉ်အစီးရေ ၁၀၀၀၀ မှာ ဘယ်လောက် ဖြစ်ပွားသလဲဆိုတာနဲ့ တိုင်းတာပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ပထမ (၁)နှစ်တာတုန်းက ယာဉ်အစီးရေ ၁၀၀၀၀ မှာ တစ်နှစ်ကို မတော်တဆဖြစ်ပွားမှု ၉ ဒသမ ၂ မှုဖြစ်ပြီး အစိုးရရဲ့ စတုတ္ထ (၁)နှစ်တာမှာ မတော်တဆဖြစ်ပွားမှု ၇ ဒသမ ၂၆ မှုရှိပါတယ်။ ရှင်းပြရရင် မတော်တဆမှုတွေက များလာပါတယ်။ ၂၀၁၃ ခုနှစ်မှာ အမှုပေါင်း ၃၇၀၀ ကျော်ရှိရာကနေ အမှုပေါင်း ၅၃၀၀ လောက်ရှိလာပါတယ်။ အမှုအရေအတွက် တိုးလာပေမယ့်၊ တိုးလာတဲ့ ယာဉ်နဲ့ယှဉ်ရင် ယာဉ်မတော်တဆ ဖြစ်ပွားမှုနှုန်းက လျော့ကျလာတယ်လို့ ပြောနိုင်ပါတယ်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို မတိုးချဲ့နိုင်တဲ့အတွက် လက်ရှိအင်အားနဲ့ တာဝန်ထမ်းဆောင်ရာမှာ အဆင်မပြေမှုလေးတွေရှိပါတယ်။ သို့သော် ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားပြီး ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ လုပ်ငန်းစဉ်အားလုံးကို ကွန်ပျူတာစနစ်နဲ့ စိတ်ချယုံကြည်စွာလုပ်ကိုင်ဆောင်ရွက်နိုင်အောင် ဝန်ထမ်းတွေက ကြိုးစားဖြည့်ဆည်း ဆောင်ရွက်နေတဲ့ အကြောင်းကို ပြောကြားလိုပါတယ်။

**မေး။ ။ဝန်ကြီးဌာနက မြစ်ကြောင်းထိန်းသိမ်းရေးအတွက် ဘယ်လိုစီမံဆောင်ရွက်နေတယ်ဆိုတာ သိပါရစေရှင့်။**

ဖြေ။ ။မြစ်ကြောင်း ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီး ရေလမ်းကို အသုံးပြုပြီး သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်နေတဲ့ မြစ်ပေါင်း ခြောက်ခု အကွာအဝေးအနေနဲ့ ကီလိုမီတာ ၆၀၀၀ ကျော် ရှိပါတယ်။ ဒါတွေအားလုံးကို တစ်ပြိုင်နက်တည်း မပြုပြင်နိုင်ပါဘူး။

ဧရာဝတီ၊ ချင်းတွင်း၊ မူးနဲ့ ဒုဋ္ဌဝတီ စတဲ့ မြစ်တွေကို ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် လုပ်ဆောင်ပေးနေပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ၄ နှစ်တာ တာဝန်ယူပြီး ချိန်မှာ ရေလမ်းထိန်းသိမ်းရေးနဲ့ ကောင်းမွန်ရေးလုပ်ငန်းကို ပြည်ထောင်စုဘတ်ဂျက်နဲ့ ၆၈ နေရာ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေရဲ့ ရန်ပုံငွေနဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်တာက ၉၆၄ နေရာရှိပါတယ်။ ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းတွေကို မြို့ကြီးတွေနဲ့ လူနေထူထပ်တဲ့ နေရာတွေကို ဦးစားပေးပြီး ဧရာဝတီ၊ ချင်းတွင်း၊ မူးနဲ့ ဒုဋ္ဌဝတီ စတဲ့ မြစ်တွေမှာ ဆောင်ရွက်ခဲ့ပါတယ်။



မတ္တရာမြို့နယ် ဆင်ကျွန်းရေလမ်းကြောင်း ပြောင်းလဲခြင်းလုပ်ငန်းများဆောင်ရွက်စဉ်။

## ရေလမ်းကြောင်းများ ကောင်းမွန်

သိသာထင်ရှားတဲ့ ရေလမ်းကြောင်းပြုပြင်ရေးဆိုရင် လုပ်ငန်း နှစ်မျိုး၊ သုံးမျိုး ပေါင်းစပ်ပြီးလုပ်ရတာ ဖြစ်ပါတယ်။ ကမ်းပါးပြိုတာကို ကာကွယ်ထိန်းသိမ်းမယ်၊ ရေကာတာတန်းကိုလည်း ရိုက်ရမယ်။ ဒါမှ သွားစေချင်တဲ့ ရေလမ်းကြောင်းသွားအောင်၊ ပြောင်းအောင်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဥပမာ – ဆီမီးခုံရေလမ်းကြောင်းကို ၂၀၁၆ – ၂၀၁၇ ခုနှစ်မှာ စတင်ဆောင်ရွက်ပါ တယ်။ မြစ်က ပစောက်ပုံ၊ ဂငယ်ပုံစံမျိုးကွေးနေတဲ့အတွက် သဲသောင်ပြင်ကို ဖြတ်ပြီး တူးမြောင်းဖောက်ရပါတယ်။ အပေါ်မှာလည်း ရေကာတန်းရိုက်ရပါတယ်။ သဲသောင်ကိုလည်း တူးရပါတယ်။ သဲသောင်တူးမြောင်းကို အဲဒီအချိန်မှာ မီတာ ၇၀ အကျယ်အထိ လုပ်နိုင်ခဲ့ပါတယ်။ ၂၀၁၇ – ၂၀၁၈ ခုနှစ်မှာ မီတာ ၁၀၀ ကျော် ဖြစ်လာပါတယ်။ ၂၀၁၈ – ၂၀၁၉ ခုနှစ်မှာ မီတာ ၃၅၀ အကျယ်အထိ ဖြစ်လာပါတယ်။ အခုဆိုရင် မီတာ ၆၀၀ အထိ တူးမြောင်းကို ချဲ့နိုင်တဲ့အတွက် သင်္ဘောတွေ ကောင်းကောင်းသွားနိုင်တဲ့ အနေအထားကို ရောက်လာပါတယ်။ မြစ်ကို ပိုပြီးရေလမ်းကြောင်းကောင်းအောင်လုပ်နိုင်တဲ့ သာဓကကို ပြောပြတာဖြစ်ပါတယ်။ ဒါမျိုးတွေ အများကြီးဆက်ပြီး လုပ်ရဦးမှာ ဖြစ်ပါတယ်။

မြစ်ကြောင်း ပြုပြင်ထိန်းသိမ်းမယ့် လုပ်ငန်းတွေကို ဆယ်စုနှစ် ၂ စုကြာအောင် သေချာလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ချင်းတွင်းနဲ့ ဧရာဝတီမြစ်တွေမှာ ရေမြွှာတွေ ကွဲထွက်နေ တာရှိပါတယ်။ ဒါတွေကို တစ်စုတစ်စည်းတည်းဖြစ်အောင်၊ ရေကတိမ်ပြီး ကျယ်ပြန့်တာကို တစ်နေရာတည်းကနေ ရေစီး ကောင်းလာအောင် ဆောင်ရွက်သွားဖို့ ရှိပါတယ်။ နွေရာသီမှာ သင်္ဘောတွေမသွားနိုင်တဲ့ နေရာတွေ အခုပိုသွားလာနိုင်ပါပြီ။ အရင်က ချင်းတွင်းမြစ်ဝနဲ့ မုံရွာမြို့ဆိုရင် သုံးပေသုံးလက်မပဲ ခွင့်ပြုနိုင်ရာက အခုလေးပေအထိ ခွင့်ပြုလာနိုင်ပါပြီ။ ညောင်ဦးနဲ့ မန္တလေးကြားမှာ အရင်က ငါးပေပဲ ခွင့်ပြုတာ အခု ခြောက်ပေအထိ ခွင့်ပြုနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာ တကယ်တမ်းဆိုရင် မြစ်တွေရဲ့ ရေမျက်နှာပြင်ဟာ အများကြီးနိမ့်ကျနေတာ ဖြစ်ပါတယ်။ အဲဒီလို နိမ့်ကျနေတာတောင်မှ ရေစူးကောင်းမွန်ပြီး သွားလာနိုင်တာ ဖြစ်ပါတယ်။ မန္တလေး၊ မုံရွာ၊ ပခုက္ကူနဲ့ ဗန်းမော်မြို့တွေမှာ ဆိပ်ကမ်းတွေ လုပ်ပေးရပါမယ်။ ဒီနှစ်ထဲမှာ မန္တလေးဆိပ်ကမ်းကို ကွန်တိန်နာတင်ပို့နိုင်တဲ့ ပြည်တွင်းရေကြောင်းဆိပ်ကမ်းဖြစ်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မုံရွာမှာ ကိုရီးယားနိုင်ငံ ဘူဆန်ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က လာရောက်လေ့လာဖို့ ညှိနှိုင်းထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် တဖြည်းဖြည်းတိုးတက်လာမှာ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

**မေး။ ။ စတုတ္ထ (၁) နှစ်တာအတွင်းမှာ ဆိပ်ကမ်းတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ချက်တွေကို ရှင်းပြပေးပါဦးရှင်။**

ဖြေ။ ။ ကျွန်တော်တို့ နိုင်ငံမှာ ပင်လယ်ကမ်းရိုးတန်းက ၁၃၈၅ မိုင်နဲ့ ကမ်းရိုးတန်းတစ်လျှောက် ဆိပ်ကမ်းက ကိုးခုရှိပါတယ်။ အဲဒီမှာ ရန်ကုန်ဆိပ်ကမ်းက ရေကြောင်းကုန်သွယ်မှုပမာဏရဲ့ ၉၀ ရာခိုင်နှုန်းကျော်ကို ကိုင်တွယ်ဖြေရှင်းနေပါတယ်။ အစိုးရရဲ့ သက်တမ်းတစ်လျှောက် ရန်ကုန်မြို့မှာရှိတဲ့ ပင်လယ်ကူးသင်္ဘောတွေ ဝင်ထွက်နိုင်တဲ့ ဆိပ်ခံတံတား ကိုးခုတိုးလာပါတယ်။ အရင်က ရန်ကုန်မှာ ဆိပ်ခံတံတား ၃၃ ခုရှိပြီး လက်ရှိမှာ ဆိပ်ခံတံတား ၄၂ ခု ရှိလာပြီ ဖြစ်ပါတယ်။

ဒါကြောင့် ကုန်သေတ္တာပမာဏကို ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာနှစ်မှာ ကွန်တိန်နာ TEU ၈၉၀၀၀၀ ဝန်းကျင် သယ်ယူပို့ဆောင်နိုင်ခဲ့ပြီး ယမန်နှစ်က ကွန်တိန်နာ အရေအတွက် ၁ ဒသမ ၁ သန်းအထိ ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာနှစ်မှာ ဆန်တန်ချိန် သုံးသိန်းဝန်းကျင် ကိုင်တွယ်ပေးနိုင်ခဲ့ရာကနေ မနှစ်က ၁ ဒသမ ၂ သန်းကျော် တင်ပို့နိုင်ခဲ့တာကလည်း ဆိပ်ကမ်းတွေ အားဖြည့်တည်ဆောက်ထားရှိမှုကြောင့် ဖြစ်ပါတယ်။ နောက်ထပ် ဆိပ်ကမ်းအသစ်တွေ တည်ဆောက်ဖို့ ဂျပန်နိုင်ငံရဲ့ ချေးငွေရရှိအောင် ညှိနှိုင်းဆောင်ရွက်နေပါတယ်။

**မေး။ ။ လေကြောင်း ပို့ဆောင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့နိုင်ငံမှာ အသုံးပြုနေတဲ့ လေဆိပ် ၃၄ ခုရှိပါတယ်။ လေဆိပ် ၃၄ ခုထဲမှာ ပြည်တွင်းလေဆိပ် ၃၀ ၊ နိုင်ငံတကာလေဆိပ်က သုံးခု၊ အခုဆိုရင် Custom, Aerodrome လို့ ခေါ်တဲ့ နိုင်ငံတကာကနေ စင်းလုံးငှားလေယာဉ်(Chartered Flight)တွေ တိုက်ရိုက်ဆင်းသက်နိုင်တဲ့ ညောင်ဦးလေဆိပ်တို့အပါအဝင် ဖြစ်ပါတယ်။ လေဆိပ်အဟောင်းတွေက ၃၅ ခုရှိပါတယ်။ အားလုံးပေါင်း ၆၉ ခုရှိပါတယ်။ လေကြောင်းသွားလာမှုက ၂၀၁၆ ခုနှစ်မှာ လူဦးရေ ၉၂၀၀၀၀၀ လောက် အသုံးပြုခဲ့ပြီး ၂၀၁၉ ခုနှစ်မှာ ခရီးသည် စုစုပေါင်း ၁၁၂၀၀၀၀၀ အထိ အသုံးပြုခဲ့လို့ နှစ်သန်းကျော် တိုးမြှင့်လာတာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။

## ချင်းပြည်နယ် ဝေဟင်တံခါးပေါက်

လေဆိပ်သစ် တစ်ခုဖြစ်တဲ့ ဖလမ်းဆူရ်ဘုန်လေဆိပ်က ယခုနှစ် တည်ဆောက်ရေး လုပ်ငန်းတွေရဲ့ အဓိကလို့ ပြောရင်ရပါတယ်။ ချင်းပြည်နယ်ကို မော်တော်ကားလမ်းတစ်ခုပဲ အသုံးပြုပြီး သွားလာနေရတာဖြစ်တဲ့အတွက် လူမှုရေး၊ စီးပွားရေးနဲ့ ပညာရေး စတဲ့ ကိစ္စတွေအတွက် အထောက်အကူဖြစ်ဖို့ နိုင်ငံတော်အစိုးရကနေ ချင်းပြည်နယ် ဖလမ်းဆူရ်ဘုန်လေဆိပ်ကို တည်ဆောက်တာ ဖြစ်ပါတယ်။

လေဆိပ်ကို ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာနှစ်ကနေ စတင်ဆောင်ရွက်ခဲ့တာ ၂၀၂၀ ပြည့်နှစ် မေလအတွင်းမှာ စမ်းသပ်ဆင်းသက်နိုင်အောင် အပြီးဆောင်ရွက်နေတာ ဖြစ်ပါတယ်။ လေယာဉ်ပြေးလမ်း အရှည်ပေ ၆၀၀၀ ရှိပြီး နိုင်လွန်ကတ္တရာခင်းတဲ့ ပြေးလမ်းဖြစ်လို့ ATR လေယာဉ်တွေ ဆင်းသက်နိုင်မှာ ဖြစ်ပါတယ်။ အမြင့်ပေ ၆၀၀၀ မှာ တည်ဆောက်ရတာဖြစ်လို့ အခက်အခဲတွေ အများကြီးရှိခဲ့ပါတယ်။

ဒါအပြင် ဟဲဟိုးလေဆိပ်၊ မော်လမြိုင်လေဆိပ်နဲ့ ကော့သောင်းလေဆိပ်တို့ကို PPP စနစ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ဖို့ တင်ဒါခေါ်ယူခဲ့ပါတယ်။ မော်လမြိုင်လေဆိပ်က စီးပွားရေးကော်မတီက ခွင့်ပြုပြီးဖြစ်လို့ စာချုပ်ချုပ်ဆိုဖို့ ဆောင်ရွက်နေပါတယ်။ ဟဲဟိုးလေဆိပ်ကို ကမ္ဘောဇကုမ္ပဏီနဲ့ ဂျပန်ကုမ္ပဏီ နှစ်ခု ဖက်စပ်ဆောင်ရွက်မှာဖြစ်ပြီး စာချုပ်ချုပ်ဆိုဖို့ စီစဉ်နေပါတယ်။ ညောင်ဦးလေဆိပ်က လောလောဆယ် စင်းလုံးငှားလေယာဉ်တွေ ဆင်းသက်နိုင်တဲ့ လေဆိပ်အဖြစ် တည်ဆောက်နိုင်ဖို့အတွက် လေဆိပ်အဆောက်အအုံ Terminal ကို လျင်လျင်မြန်မြန် ပြုပြင်ဆောင်ရွက်ထားပါတယ်။ သံတွဲလေဆိပ်ကို ယခုနှစ်နဲ့ လာမယ့်နှစ်တွေမှာ စင်းလုံးငှားလေယာဉ်တွေ ဆင်းသက်နိုင်တဲ့ လေဆိပ်အဖြစ် ကမ္ဘာ့လေကြောင်းအဖွဲ့ချုပ်ရဲ့ စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီအောင် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း၊ လေယာဉ်ပြေးလမ်း ထပ်ပိုးလွှာတင်ခြင်း၊ လေဆိပ်အဆောက်အအုံ Terminal ကို နိုင်ငံတကာခရီးသည်တွေ ဝင်ထွက်လို့ကောင်းအောင် ပြုပြင်မွမ်းမံခြင်းတွေကို ဒီနှစ်နှစ်အတွင်း အပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်က ဂျပန်နိုင်ငံအစိုးရနဲ့ G to G ဆောင်ရွက်နိုင်ရေး အဆင့်ဆင့် ညှိနှိုင်းဆောင်ရွက်နေတာ အခုဆိုရင် ဖြစ်နိုင်ခြေစိစစ်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်နေပြီး ဒီနှစ်ထဲမှာ ဂျပန်အစိုးရနဲ့ မြန်မာအစိုးရအကြားမှာ ဆက်သွယ်ညှိနှိုင်းပေါင်းစပ်မှုတွေ စတင်နိုင်ပြီဖြစ်ပါတယ်။

**မေး။ ။ ဆက်သွယ်ရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ခဲ့မှုကို ရှင်းပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ။ ၂၀၁၃ ခုနှစ်ကစပြီး ဆက်သွယ်ရေးကဏ္ဍကို ပုဂ္ဂလိကလုပ်ငန်းတွေ တိုးပွားလာအောင်နဲ့ နိုင်ငံတကာကို လွတ်လပ်ပွင့်လင်းအောင် စတင်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းပြည်ပ ကုမ္ပဏီတွေကို အားလုံးယှဉ်ပြိုင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှာ ပြည်တွင်းကုမ္ပဏီနှစ်ခုနဲ့ ပြည်ပကုမ္ပဏီ နှစ်ခုက တစ်နိုင်ငံလုံးကို ဆက်သွယ်ရေးဝန်ဆောင်မှုတွေ ဆောင်ရွက်နိုင်တဲ့ Nationwide Telecommunication လိုင်စင်တွေကို ပေးခဲ့ပါတယ်။ ကျန်တဲ့ ဝန်ဆောင်မှုနဲ့ ပတ်သက်တဲ့ လုပ်ငန်းလိုင်စင် လေးမျိုး ရှိပါတယ်။ ပြည်တွင်းကုမ္ပဏီ ၁၃၉ ခုနဲ့ ပြည်ပကုမ္ပဏီ ၆၆ ခု စုစုပေါင်း ၂၀၅ ခုကနေပြီး ဆက်သွယ်ရေးကဏ္ဍမှာ ပါဝင်ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၅ – ၂၀၁၆ ခုနှစ်တုန်းက တယ်လီဖုန်းသိပ်သည်းဆ ၈၆ ဒသမ ၅ ရာခိုင်နှုန်းရှိရာကနေ အခု ၁၄၇ ဒသမ ၄၆ ရာခိုင်နှုန်းရှိပါပြီ။ အဓိပ္ပာယ်က လူဦးရေ ၅၂ သန်းမှာ Active SIM Card အသုံးပြုနိုင်တဲ့ ဆင်းကတ်အရေအတွက်က ၇၉ သန်းဖြစ်တာမို့ လူဦးရေထက် တယ်လီဖုန်းသိပ်သည်းဆ ၄၇ ရာခိုင်နှုန်းကျော်လွန်နေပါတယ်။ စုစုပေါင်းတယ်လီဖုန်းသိပ်သည်းဆ ၁၄၇ ရာခိုင်နှုန်း ဖြစ်ပါတယ်။ လူဦးရေအပေါ်မှာ လွှမ်းခြုံနိုင်တဲ့ ဧရိယာကို တွက်ရင် လူဦးရေ ၁၀၀ ရှိရင် ၉၄ ဦးက တယ်လီဖုန်းသုံးလို့ရနိုင်အောင် ဆောင်ရွက်ပေးတယ်ဆိုရင် ၉၄ ရာခိုင်နှုန်း လွှမ်းခြုံနိုင်စွမ်းရှိတယ်လို့ ပြောနိုင်ပါတယ်။




အသစ်ရောက်ရှိလာသော ဘိုးရင်း ၇၃၇ လေယာဉ်အား ကြိုဆိုကြစဉ်။

*အချုပ်ပိုဒ် (ဃ) သို့*

*အချုပ်ပိုဒ် (ဂ) မှ*

မိုဘိုင်းစခန်းတွေ ၂၃၀၀၀ လောက်အထိ များပြားလာပြီး အင်တာနက်သုံးစွဲသူ အရေအတွက်က ယခင် နှစ်သန်းထက်စာရင် ၇၉ သန်းအထိ များလာပါတယ်။ နိုင်ငံတကာကို ဆက်သွယ်ထားတဲ့ Bandwidth ကလည်း 55.82 Gbps ကနေ 1144.30 Gbps အထိ အမြန်နှုန်း တိုးတက်လာပါတယ်။ ဖိုင်ဘာကွန်ရက်က ကီလိုမီတာ ၂၃၀၀၀ ကျော်ကနေ ကီလိုမီတာ ၅၉၀၀၀ ကနေ ၆၀၀၀၀ နီးပါးအထိ တိုးချဲ့နိုင်ခဲ့ပါတယ်။

**မေး။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ e – Government နဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ ကဏ္ဍတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ဌာနအနေနဲ့ e–Government နဲ့ ပတ်သက်တဲ့ ဆောင်ရွက်ချက်တွေက ယခင်အစိုးရ အဆက်ဆက် ဆောင်ရွက်ခဲ့တဲ့ GPMS လို့ခေါ်တဲ့ အစိုးရဝန်ထမ်းများ စီမံခန့်ခွဲမှုစနစ် (Government Personal Management System) ကို အစိုးရအဖွဲ့အစည်းတွေအားလုံး သုံးစွဲနေပြီဖြစ်ပါတယ်။ ဒါ့အပြင် EDMS လို့ခေါ်တဲ့ Electronic Data Management System က အီလက်ထရွန်နစ် မှတ်တမ်းမှတ်ရာ စီမံခန့်ခွဲမှုစနစ်မှာ e–mail ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာပြီဖြစ်ပါတယ်။ အရင်တုန်းက လိုင်စင်နဲ့ မဟုတ်တဲ့ Clone တွေသုံးစွဲနေတာ ခုတော့ Licensed Software တွေကို သုံးစွဲနိုင်ရေးအတွက် ၂၀၁၈–၂၀၁၉ ခုနှစ်အတွင်း ဝန်ကြီးဌာနတွေရဲ့ ကွန်ပျူတာတွေကို Window Licensed Software ၂၀၀၀၀ နဲ့ Microsoft Office Licensed Software ၁၇၀၀၀ ကို ဆောင်ရွက်ပေးနိုင်ပြီဖြစ်ပါတယ်။ e–mail လိပ်စာတွေကိုလည်း လုံခြုံစိတ်ချရတဲ့ပုံစံဖြစ်စေဖို့ နှီးဆော်ပြုပြင်ပေးခဲ့ပါတယ်။

ယူနီကုတ်စနစ်ကို ဒီနှစ်ထဲမှာ တွန်းအားပေးဆောင်ရွက်ခဲ့ပါတယ်။ ဒါမှလည်း နိုင်ငံတကာစံညွှန်းနှင့်အညီ သုံးစွဲနိုင်ပြီး ဘာသာပြန်တာတွေ အားလုံးကို ဝန်ဆောင်မှုပေးနိုင်လာတဲ့အတွက် ၈၀ ရာခိုင်နှုန်းကျော် သုံးစွဲလာပြီဖြစ်ပါတယ်။ PKI ဆိုတဲ့ Public Key Infrastructure အီလက်ထရွန်နစ် သက်သေခံလက်မှတ်တွေကို စနစ်တကျ စီမံခန့်ခွဲဖို့အတွက် ဩစတြီးယားနိုင်ငံရဲ့ ချေးငွေနဲ့ စတင်ဆောင်ရွက်နေပါပြီ။ နောက် Co–Location Data Center ကို ၂၀၁၈ ခုနှစ် စတင်ဖွင့်လှစ်ခဲ့တဲ့အချိန်ကစပြီး ယနေ့အထိ ဝန်ကြီးဌာန ၁၂ ခု က ၎င်းတို့ရဲ့ Server ၅၁ ခု ကို လာရောက်ထားရှိပြီးဖြစ်ပါတယ်။ Myanmar National Portal ကို ၂၀၁၈ ခုနှစ်ကနေ ယနေ့အချိန်အထိ ဝင်ရောက်ကြည့်ရှုသူ ၃ ဒသမ ၅ သန်းကျော် ရှိပါပြီ။

အစိုးရအဖွဲ့အစည်းနဲ့ ဝန်ကြီးဌာန စုစုပေါင်း ၄၅ ခုက သတင်းအချက်အလက် စုစုပေါင်း ၁၁၀၀၀ ကျော်ကို လွှင့်တင်ထားပါတယ်။ ဆက်လက်ပြီး Application Program Interface (API) ပိုပြီး ချိတ်ဆက်လာနိုင်အောင်နဲ့ Mobile App ရေးဆွဲလာနိုင်အောင် ပိုမိုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



ရထားသံလမ်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းခွင်တစ်ခု။

### e–Commerce စနစ် ကြိုးပမ်း

e–Government စနစ်မှာ အရေးကြီးတဲ့ Integrated Data Center ကို တည်ဆောက်ဖို့ ဆောင်ရွက်နေပါတယ်။ RFP ရေးဆွဲပြီး စီမံကိန်းကို ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း နေပြည်တော်မှာ တည်ဆောက်ပြီးစီးရေး လျာထားဆောင်ရွက်လျက်ရှိပါတယ်။ e–Commerce နဲ့ပတ်သက်လို့ ICT နည်းပညာကို အသုံးပြုပြီး ကုန်စည်နဲ့ ဝန်ဆောင်မှုတွေ မှာယူခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းနဲ့ ငွေပေးချေခြင်း စတာတွေ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ASEAN Agreement မှာ Electronic Commerce သဘောတူစာချုပ်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှာ ပါဝင်လက်မှတ် ရေးထိုးထားပါတယ်။ အာဆီယံရဲ့ ဆွေးနွေးဖက် (၆)နိုင်ငံ ပါဝင်တဲ့ RCEP ဆိုတဲ့ သဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဥပဒေကြောင်းအရ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ အီလက်ထရွန်နစ်အစိုးရစနစ် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အလေးထားပြီး ဆောင်ရွက်နေတယ်ဆိုတာကို အစီရင်ခံတင်ပြလိုပါတယ်။ လက်တွေ့မှာ Online Shopping, Mobile Money နဲ့ Smart Pay စတာတွေ ပိုမိုတိုးတက်လာပါတယ်။

**မေး။ ။ မြန်မာ့စာတိုက်လုပ်ငန်းနဲ့ ပတ်သက်ပြီး ဆောင်ရွက်မှုအပိုင်းကို သိပါရစေရှင့်။**

ဖြေ။ ။ မြန်မာ့စာတိုက်လုပ်ငန်းကို ကိုလိုနီခေတ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပြီး စာတိုက်ပေါင်း ၁၃၈၉ ခု ရှိပါတယ်။ စာတိုက် ၈၄၁ ခုက ငွေရေးကြေးရေးပါ ဆောင်ရွက်နိုင်တဲ့ စာတိုက်တွေဖြစ်ပါတယ်။ ဒီစာတိုက်တွေဟာ တဖြည်းဖြည်းနဲ့ ပိုပြီး ပြည်သူလူထုကို အကျိုးပြုနိုင်မယ့် ဝန်ဆောင်မှုတွေပေးနိုင်တဲ့ လုပ်ငန်းဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၅ – ၂၀၁၆ ခုနှစ်မှာ စာတိုက်လုပ်ငန်းအနေနဲ့ ငွေကျပ် ၁၂ ဘီလီယံလောက် ရှုံးပါတယ်။ အခုတဖြည်းဖြည်းနဲ့ ကြိုးစားဆောင်ရွက်ခဲ့လို့ အရှုံးပမာဏလျော့ကျလာပြီး ၂၀၁၈–၂၀၁၉ ခုနှစ်မှာ ငွေကျပ် ၂ ဒသမ ၇ ဘီလီယံလောက် ရှုံးပါတော့တယ်။ တိုးတက်လာတဲ့ အခြေအနေတွေ အများကြီးရှိပါတယ်။ ကမ္ဘာ့စာပို့တိုက်သမဂ္ဂကနေ စာတိုက်လုပ်ငန်းတွေကို လွှမ်းခြုံတဲ့ ဆောင်ရွက်ချက်တွေကို အမှတ်ပေးတဲ့ အခါ ၂၀၁၆ ခုနှစ်မှာ အဆင့် ၁၂၆ ရှိခဲ့ရာကနေ ၂၀၁၈ ခုနှစ်မှာ အဆင့် ၉၁ အထိ အဆင့်သတ်မှတ်ချက် မြင့်တက်လာပါတယ်။

Services Quality ဝန်ဆောင်မှုတွေကို အမှတ်ပေးရာမှာ ၂၀၁၉ ခုနှစ် Gold Level ရခဲ့ပါ တယ်။ ကျန်တဲ့အာဆီယံနိုင်ငံတွေထက် အများကြီး အလားအလာကောင်းပါတယ်။ ကမ္ဘာ့စာပို့တိုက်သမဂ္ဂကပေးတဲ့ အမှတ်ထဲမှာ စိတ်ဝင်စားစရာကောင်းတာက (Express Mail Services – EMS Service) ကို အမှတ်ပေးတာရှိပါတယ်။ ၂၀၁၅ ခုနှစ်တုန်းက တစ်ကမ္ဘာလုံးမှာ အဆင့် ၈၈ ရှိခဲ့ပြီး ၂၀၁၆ ခုနှစ်မှာ အဆင့် ၁၁၄ အထိ ပြန်ကျခဲ့ပါတယ်။ ၂၀၁၇ – ၂၀၁၈ ခုနှစ်မှာ တက် လာပြီး ၂၀၁၉ ခုနှစ်မှာ အဆင့် ၁၆ ဖြစ်လာပါတယ်။

ကျွန်တော်တို့ထက် သာတာက ဗီယက်နမ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ ဖြစ်ပါတယ်။ ကျန်တဲ့ တကယ့်နိုင်ငံကြီးတွေဟာလည်း ကျွန်တော်တို့ရဲ့ နောက်မှာရှိပါတယ်။ ကျွန်တော်တို့ရဲ့ စာတိုက်လုပ်ငန်းဟာ ပိုပြီးကောင်းလာပါတယ်။ Express Mail Service ကောင်းလာသလို အမြန်ချောပို့စနစ်ကလည်း အားကောင်းလာပါတယ်။ အွန်လိုင်းဈေးပင်းတွေကို စာတိုက်ကနေ လုပ်ပေးနေပါပြီ။ Mobile Money ကို ပိုပြီး လျင်မြန်အောင် ဝန်ဆောင်မှုတွေပေးနိုင်လာပါတယ်။ ဒါကြောင့် စာတိုက်လုပ်ငန်းဟာ ပြည်သူလူထုကို ကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်တဲ့ အဖွဲ့အစည်းဖြစ်လာတဲ့သဘောပါ။

**မေး။ ။ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနရဲ့ ဆောင်ရွက်မှုကို သိပါရစေရှင့်။**

ဖြေ။ ။ မိုးလေဝသစခန်းတွေမှာ အလိုအလျောက်တိုင်းတာတဲ့ စခန်းပေါင်း ၁၅၈ ခု၊ လူနဲ့ တိုင်းတာတဲ့ စခန်း ၁၂၈ ခု၊ စိုက်ပျိုးရေးမိုးလေဝသစခန်း ၁၇ ခု၊ လေကြောင်းမိုးလေဝသစခန်း ရှစ်ခု၊ မြစ်ရေအခြေအနေတိုင်းတာရေးစခန်း ၇၁ ခု၊ မြစ်ရေအခြေအနေ ခန့်မှန်းချက်ထုတ်ပြန်ပေးတဲ့စခန်း ၄၄ ခုနဲ့ မြေငလျင်စခန်း ၂၁ ခုကနေ မိုးလေဝသ ခန့်မှန်းချက် ၁၇ ခုနဲ့ သတိပေးချက် ၁၂ ခုကို ပြည်သူလူထုထံ နေ့စဉ်ထုတ်ပြန်နေပါတယ်။

မိုးလေဝသရေဒါစခန်းတွေအနေနဲ့ ယခင်က ကျောက်ဖြူရေဒါစခန်း ရှိပါတယ်။ အစိုးရသက်တမ်း ၄ နှစ်တာအတွင်းမှာ ရန်ကုန်ရေဒါစခန်းနဲ့ မန္တလေးရေဒါစခန်း အပါအဝင် သုံးခုရှိပြီဖြစ်ပါတယ်။ အဲဒီမှာလည်း မိုးလေဝသ၊ ဇလဗေဒနဲ့ မြေငလျင်စခန်းတွေ စုစုပေါင်း ၁၈၈ ခု ရှိတဲ့ အထဲက ၄ နှစ်တာကာလအတွင်း မိုးလေဝသစခန်း နှစ်ခု၊ ဇလဗေဒစခန်း နှစ်ခုနဲ့ မြေငလျင် စခန်း ငါးခု တိုးချဲ့ဖွင့်လှစ်ပေးနိုင်ပါတယ်။ ၂၀၁၅ – ၂၀၁၆ ခုနှစ်တုန်းက အလိုအလျောက် မိုးလေဝသတိုင်းတာရေးစနစ် ၃၀ ရှိခဲ့ပါတယ်။ လေးနှစ်တာအတွင်း အလိုအလျောက် မိုးလေဝသ တိုင်းတာရေးစနစ် ၁၅၈ လုံးဖြစ်လာပါပြီ။ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အထိ အလိုအလျောက် မိုးလေဝသတိုင်းတာရေးစနစ် ၁၃၈ လုံးအထိ တပ်ဆင်ခဲ့ပါတယ်။ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်မှာ ကိုရီးယားနိုင်ငံ အထောက်အပံ့နဲ့ အလိုအလျောက် မိုးလေဝသ တိုင်းတာရေးစနစ် အလုံး ၂၀ တပ်ဆင်နိုင်ခဲ့ပြီး ကမ္ဘာ့ဘဏ်ချေးငွေနဲ့ အလိုအလျောက် မိုးလေဝသတိုင်းတာရေးစနစ် ၆၇ လုံး စုစုပေါင်း ၂၂၅ လုံးကို ၂၀၂၀ ပြည့်နှစ်အတွင်း အပြီးတပ်ဆင်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။



Kyimyindaing International Port Terminal ဆိပ်ခံတံတား။

**မေး။ ။ ဝန်ကြီးဌာနအနေနဲ့ ဌာနခွဲပေါင်းများစွာကနေ ပြည်သူ့အကျိုးအတွက် ဆောင်ရွက်တဲ့နေရာမှာ ရှေ့ဆက်အကောင်အထည်ဖော်သွားမယ့် လုပ်ငန်းစဉ်တွေကို ပြောကြားပေးပါဦးရှင့်။**

ဖြေ။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှာ ဌာနပေါင်း ၁၈ ခု ရှိပြီး ပြည်သူလူထုကို တိုက်ရိုက်ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းတွေအကြောင်းကို ကျွန်တော်အထက်မှာ ဖြေကြားခဲ့တာ ဖြစ်ပါတယ်။ ဒါတွေက ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေအထဲက အနည်းငယ် အကျဉ်းချုပ်မျှသာဖြစ်ပါတယ်။ ဗဟိုပို့ဆောင်ဆက်သွယ်ရေး သင်တန်းကျောင်း၊ ရေကြောင်းပညာတက္ကသိုလ်နဲ့ ကုန်သွယ်ရေကြောင်းကောလိပ် စတဲ့ဌာနအသီးသီးကနေ သင်တန်းတွေ ပိုမိုဖွင့်လှစ်ပြီး လူ့စွမ်းအားအရင်းအမြစ်တွေ ထုတ်ဖော်တာတွေရှိပါတယ်။ ဒါတင်မက အခြားသောဌာနတွေလည်း အများအပြားရှိပါတယ်။ အားလုံးက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းရည်မှန်းချက်တွေကို ပြည့်မီအောင် အင်တိုက်အားတိုက် ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ နောက်ထပ်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေ အများကြီးရှိပါတယ်ဆိုတာကို ပြောကြားလိုပါတယ်ခင်ဗျာ။ ။